# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၁၀၃)


**သံသရာ**

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကိုမသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကိုမတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည် ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။

ဗာလဝဂ်(ဓမ္မပဒ-၆၀)

## အေဆမ်နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကျင်းပ

# ဘာသာရပ်ပိုင်းဆိုင်ရာကိစ္စရပ်များတွင် အေဆမ်မိတ်ဖက်နိုင်ငံများအကြား ထိရောက်စွာညှိနှိုင်းသွားရန်လို



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်** (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၁**

(၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုအစည်းအဝေးသည် မေလအတွင်း ကျင်းပခဲ့သည့် ပထမအကြိမ် ဗဟိုကော်မတီအစည်းအဝေးနောက်ဆက်တွဲအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ ဆပ်ကော်မတီအသီးသီးအနေဖြင့်လည်း လုပ်ငန်းဆောင်တာများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အစည်းအဝေးအောင်မြင်စွာကျင်းပရေးအတွက် ဘာသာရပ်ပိုင်းဆိုင်ရာ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၁**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာလုပ်ငန်းအား ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ယနေ့ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ကို နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသည့်နေ့မတိုင်မီ (၁၀) နှစ်အတွင်း အခြေချနေထိုင်ခွင့်မရှိသော ဗီဇာတစ်မျိုးမျိုးကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် (၃)နှစ်အောက်မနည်း စဉ်ဆက်မပြတ် ဝင်/ထွက် သွားလာနေထိုင်လျက်ရှိသော ကျွမ်းကျင်ပညာရှင်/ ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထားသည့် အိမ်ထောင်သက်အနည်းဆုံး (၂)နှစ်ရှိပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❄

## မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၇) ပြဋ္ဌာန်း

*စာမျက်နှာ - ၉*

## အစိုးရအဖွဲ့အတွင်းရှိ ဝန်ကြီးများအား အပြောင်းအလဲလုပ်မည်ဟု ရှင်ဇိုအာဘေး ကြေညာ

*စာမျက်နှာ - ၁၄*




မြန်မာ့အလင်း

# မင်္ဂလာရှိသော တွဲလက်များ

စီမံကိန်းစီမံခန့်ခွဲရေးအဖွဲ့အစည်း (Project Management Institute-PMI) သည် စီမံကိန်းများစီမံခန့်ခွဲရေးပညာရပ်အတွက် ဖွင့်လှစ်ထားသည့် အမေရိကန်အခြေစိုက်အကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်ပါသည်။ စီမံကိန်းစီမံခန့်ခွဲရေးအဖွဲ့အစည်း (PMI) သည် ကမ္ဘာမှအသိအမှတ်ပြုရသော စီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန် (A Guide to the Project Management Body of knowledge) ကို အကြိမ်ကြိမ်ပြုပြင်ထုတ်ဝေခဲ့သည်မှာ ၂၀၁၃ ခုနှစ်၌ ပဉ္စမအကြိမ်အထိ ပုံနှိပ်ထုတ်ဝေပြီးဖြစ်ပါသည်။ ဤလမ်းညွှန်ကို အမေရိကန်နိုင်ငံ၏ အမျိုးသားစံချိန်စံညွှန်းအဖြစ် အမေရိကန်နိုင်ငံလုံးဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့အစည်း (American National Standards Institute-ANSI) က အသိအမှတ်ပြုသကဲ့သို့ နိုင်ငံတကာစံချိန်စံညွှန်းဆိုင်ရာအဖွဲ့အစည်း (International Organization for Standardization-ISO) ကလည်း နိုင်ငံတကာစံချိန်စံညွှန်းအဖြစ် အသိအမှတ်ပြုပြီးဖြစ်ပါသည်။

ယခုအခါ အဆိုပါ အမေရိကန်အခြေစိုက်စီမံကိန်းစီမံခန့်ခွဲရေးအဖွဲ့အစည်း (PMI) ၏ ပထမအဆင့်သင်ကြားရေးအစီအစဉ် (Certified Associate in Project Management-CAMP) ကို မြန်မာနိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူတို့အား သင်ကြားပေးနိုင်ရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မြန်မာနိုင်ငံဘဏ္ဍာရေးစင်တာ (Myanmar Financial Centers-MFC) တို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံဘဏ္ဍာရေးစင်တာသည် မြန်မာနိုင်ငံ၌ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်တို့ မွေးထုတ်ပေးရန်ရည်ရွယ်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံအခြေစိုက်အဖွဲ့အစည်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏လူဦးရေ (၇၀) ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ်မှီခိုနေရသည်ဖြစ်၍ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းတို့ကို အရည်အသွေးမီမီ စီမံခန့်ခွဲပေးနိုင်မည့် ပညာရှင်တို့ လိုအပ်လျက်ရှိနေသည်မှာ အထင်အရှားဖြစ်ပါသည်။ ဤသင်ကြားရေးအစီအစဉ် (CAMP) သည် စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူတို့ကို စိုက်ပျိုးရေးဘွဲ့သာမက နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် PMI (VSA) ကိုပါ ပေးအပ်နိုင်မည်ဖြစ်ပါသည်။ ထိုမျှသာမက တိုင်းပြည်က အသေအချာလိုအပ်လျက်ရှိသော စီမံခန့်ခွဲမှုနည်းပညာတို့ကို ရရှိပွားများစေမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဘွဲ့ရ ကျောင်းသား ကျောင်းသူတို့အနေဖြင့် စီမံကိန်းတို့ကို ကိုယ်တိုင်ရေးဆွဲ၊ ကိုယ်တိုင်စီမံခန့်ခွဲနိုင်ပါက တိုင်းပြည်အတွက် အကျိုးများမည်မှာ အသေအချာပင်ဖြစ်ပါသည်။

ဤပထမအဆင့်စီမံခန့်ခွဲမှုသင်တန်း (CAMP) ၌ သင်တန်းသူ သင်တန်းသားတို့ကို နာရီ ၃၀ ကြာအနီးကပ် ဖိဖိစီးစီး သင်ကြားပေးမည်ဖြစ်သကဲ့သို့ အင်တာနက်မှတစ်ဆင့် သင်တန်းသူ သင်တန်းသားတစ်ဦးချင်းစီကို တစ်နှစ်ကြာသင်ကြားပေးသွားမည် ဖြစ်ပါသည်။ အဆိုပါ သင်တန်းသင်ကြားပို့ချမှုပုံစံကို ကြည့်ခြင်းဖြင့် ဤသင်တန်းက အရည်အသွေးမီ စီမံကိန်းရေးဆွဲသူတို့ မွေးထုတ်ပေးမည်ကို သိမြင်နိုင်ပါသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မြန်မာနိုင်ငံဘဏ္ဍာရေးစင်တာ (MFC) တို့၏ ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# ရေစကြိုမြို့နယ်၌ ရေဘေးရှောင်ပြည်သူများ နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းလျက်ရှိ

**ရေစကြို ဩဂုတ် ၁**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ ချင်းတွင်းမြစ်ရေကျဆင်းသွားပြီဖြစ်၍ မြစ်ရေဝင် ကျောင်းများပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ရေဘေးရှောင်ပြည်သူများလည်း ၎င်းတို့နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းလျက်ရှိကြကြောင်း သိရသည်။

ရေစကြိုမြို့နယ်၌ မြစ်ရေဝင်ရောက်မှုကြောင့် ကျောင်းပေါင်း ၈၉ ကျောင်း ယာယီပိတ်ထားရပြီး ရပ်ကွက်/ကျေးရွာများအတွင်း မြစ်ရေဝင်ရောက်မှုကြောင့် ပြည်သူပေါင်း ၅၇၂၇ ဦး ယာယီရေဘေးရှောင်စခန်း ၂၀ ၌ ခေတ္တတိမ်းရှောင်ခဲ့ကြကြောင်း သိရသည်။

ယခုအချိန်တွင် မြစ်ရေပြန်လည်ကျဆင်းသွားပြီဖြစ်၍ မြစ်ရေဝင်ကျောင်းပေါင်း ၆၆ ကျောင်းကို ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ပြန်လည်ဖွင့်လှစ်ရန်ကျောင်းပေါင်း ၂၃ကျောင်းသာကျန်တော့သည်ဟု သိရသည်။

ထို့အတူ ရပ်ကွက်/ကျေးရွာများအတွင်း မြစ်ရေကျဆင်းသွားပြီဖြစ်သဖြင့် ရေဘေးရှောင်ပြည်သူများလည်း မိမိတို့နေထိုင်ရာ အိမ်များသို့ ပြန်လည်ရွှေ့ပြောင်းကြလျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## မူခင်းပညာပေးဟောပြော

**ပန်းတောင်း ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ညောင်ခြေထောက်ကျေးရွာ ဓမ္မရက္ခိတကျောင်း၌ မူခင်းပညာပေးဟောပြောပွဲကို ဇူလိုင်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲ၌ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင့်ဆွေက မူးယစ်သောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းများကြောင့်ဖြစ်ပေါ်ရသည့် မူခင်းနှင့်ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးခြင်း/လူကုန်ကူးခံရခြင်း ပြစ်မှုပြစ်ဒဏ်များအကြောင်းစသည်တို့ကို ဟောပြောခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**

**မြန်မာ့ရိုးရာ အိုးပုတ်ပွဲတော်ကို နှစ်စဉ်ကျင်းပလေ့ရှိသော ဝါခေါင်လဆန်း ၈ ရက်နေ့က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မြောက်ပြင်၊ အိုးဘို၊ ရွှေကျင်ရပ်နှင့် ပတ္တမြားတောရပ်ကွက် အမှတ်(၅၂) ၌ စည်ကားသိုက်မြိုက်စွာ အစဉ်အလာမပျက် ကျင်းပခဲ့စဉ်**

(အဆိုပါ ပွဲတော်သို့ မန္တလေးမြို့နယ်အတွင်းရှိ ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။)

တင်မောင် (မန်းကိုယ်ပွား)



**ထင်သာမြင်သာပြုပြင်စရာ**

# ရွှေဘို-မြစ်ကြီးနားသွား နားရခေါင်ကားလမ်းပိုင်း ပြန်လည်ပြုပြင်ပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နားရခေါင်ကျေးရွာကြားရှိ ရွှေဘို-မြစ်ကြီးနားသွားကတ္တရာလမ်းသည် ကားကြီး၊ ကားငယ်များ အဆိုပါလမ်းကို အသုံးပြုကာ သွားလာလျက်ရှိရာ ခရီးပေါက်လျက်ရှိသည်။ ယခုအခါ မိုးရာသီရောက်ရှိလာ၍ အချို့နေရာများ၌



ကားကြီးများ ဘီးယက်အားကြောင့် ချိုင့်ခွက်ကြီးငယ်များ ဖြစ်ပေါ်လျက်ရှိသည်။

"အဝေးပြေးကားလမ်းဖြစ်တဲ့ကတ္တရာလမ်းမကြီးအချို့ ပျက်စီးနေတာတွေရှိပါတယ်။ အခုနားရခေါင်ရွာကြားမှာရှိတဲ့ လမ်းတွေပျက်စီးနေတာရှိပါတယ်။ ဒါတွေက မြင်မကောင်းပါဘူး၊ ပြင်သင့်ပါတယ်" ဟု ခရီးသွားတစ်ဦးက ပြောကြားသည်။

ရွှေဘို-မြစ်ကြီးနားသွား အင်းတော်မြို့နယ် နားရခေါင်လမ်းပိုင်းရှိကားလမ်းများမှာ ပျက်စီးလျက်ရှိနေသောကြောင့် မောင်းနှင်သွားလာနေကြသည့် ကားများနှင့် ဆိုင်ကယ်သမားများအတွက် အန္တရာယ်ရှိနေသည်။

ထို့အပြင် အဆိုပါ လမ်းပိုင်းသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ကို ပေါင်းကူးသွားလာရာတွင် အဓိကကျသည့် ကုန်းလမ်းတစ်ခုဖြစ်သည်။ ထိုကုန်းလမ်းမကြီးသည်ကုန်စည်များ တင်ဆောင်ကာသွားလာနေကြပြီး အချက်အချာကျသည့် လမ်းကြောဖြစ်သောကြောင့် လမ်းပန်းဆက်သွယ်သွားလာရာတွင် ယာဉ်ကြီး၊ ယာဉ်ငယ်များအတွက် ကြန့်ကြာမှုများရှိနေခြင်းကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် ဒေသခံများက လိုအပ်နေကြောင်း သိရသည်။ **သန်းမောင်လေး(ကချင်မြေ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၀ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ . ၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၂၁ |
| တရုတ် | တစ်ယွမ် | ၂၀၂ . ၄၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ . ၄၈ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း သင်တန်းဆင်း

**ပွင့်ဖြူ ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီးအတွင်းမှ ဒေသခံပြည်သူများ ငါးစားသုံးမှုဖူလုံစေရေးနှင့် ငါးသယံဇာတ ပေါကြွယ်ဝစေရေးအတွက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်ဖွင့်လှစ်ခဲ့သော အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာသင်တန်း အမှတ်စဉ်(၂/၂၀၁၇)ဆင်းပွဲကို ဇူလိုင် ၃၁ ရက်က ပွင့်ဖြူမြို့နယ် ရွှေဘိုရွာမကျေးရွာအနီးရှိ ငါးသားဖောက်စခန်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမောင်ချစ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၈၁ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက် သင်တန်းဖြစ်ကာ သင်တန်းတွင် ငါးမွေးမြူရေးနှင့် ရေချိုငါး ဆေးထိုးသားဖောက်ခြင်းနည်းပညာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

✲ *ရှေ့စာမျက်နှာမှ*

ကိစ္စရပ်များသာမက အုပ်ချုပ်ထောက်ပံ့မှု အဆင်ပြေချောမွေ့စေရန်လည်း အရေးကြီးပါကြောင်း၊ ဘာသာရပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များတွင် အေဆမ်မိတ်ဖက်နိုင်ငံများအကြား ထိရောက်စွာညှိနှိုင်းသွားရန် လိုအပ်ကြောင်း၊ သို့မှသာ အေဆမ်မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းအားလုံးလက်ခံနိုင်သည့် ထိရောက်ကောင်းမွန်သော ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကော်မတီအသီးသီးအကြား အသေးစိတ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကျင်းပရေး ဆပ်ကော်မတီ၊ အတွင်းရေးမှူးရုံးနှင့် ညှိနှိုင်းကွပ်ကဲရေးဆပ်ကော်မတီ၊ အခမ်းအနားများပြင်ဆင်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများမှန်ကန်မှုရှိစေရေး ဆပ်ကော်မတီ၊ ကြိုဆိုရေးမုခ်ဦးများ၊ အလံများနှင့်ဆိုင်းဘုတ်များ စိုက်ထူရေး၊ မီးအလှများထွန်းညှိရေးနှင့် အခြားလုပ်ငန်းများ ဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် လေ့လာရေးခရီးစဉ်စီစဉ်ပေးရေးကော်မတီ၊ သံတမန်ရေးရာကိစ္စရပ်များ ဆောင်ရွက်ရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ 8th Model ASEM ကျင်းပရေးဆပ်ကော်မတီ၊ ပြန်ကြားရေး11th ASEF Journalists' Seminar ကျင်းပရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် နေပြည်တော်သာယာလှပရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် ဩဂုတ် ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နိပ္ပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌ Mr. Yohei SASAKAWA ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi Higuchi၊ စစ်သံမှူး Col. Kei TAJIKA နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် တပ်မတော်အရာရှိများ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း ဂျပန်နိုင်ငံအစိုးရ၊ ဂျပန်ကိုယ်ပိုင် ကာကွယ်ရေးတပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ်နှင့် (ကြည်း၊ ရေ၊ လေ) စစ်ဦးစီးချုပ်များအား တွေ့ဆုံဆွေးနွေးခြင်းနှင့် ဂျပန်နိုင်ငံရှိ ယဉ်ကျေးမှုနှင့် စက်မှုလုပ်ငန်းများအား ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ်ဖြစ်သူ General Shigeru IWASAKI ၏ ဖိတ်ကြားချက်အရ ၂၀၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် သွားရောက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ ဂျပန်နိုင်ငံသို့ ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်** (သတင်းစဉ်)

❄ *ရှေ့စာမျက်နှာမှ*

နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသည့်နေ့မတိုင်မီ ၁၀ နှစ်အတွင်း အခြေချနေထိုင်ခွင့်မရှိသော ဗီဇာတစ်မျိုးမျိုးကိုင်ဆောင်၍ မြန်မာနိုင်ငံတွင် (၂)နှစ်အောက်မနည်း စဉ်ဆက်မပြတ် ဝင်/ထွက်သွားလာနေထိုင်လျက်ရှိသော နိုင်ငံခြားသား ဇနီး (သို့မဟုတ်) ခင်ပွန်း၊ အဆိုပါ နိုင်ငံခြားသားများနှင့်အတူ တစ်ပါတည်း လိုက်ပါနေထိုင်လိုသော ယင်းတို့၏ တရားဝင် ဇနီး/ ခင်ပွန်းနှင့် ယင်းတို့က မွေးဖွားသော/ တရားဝင်မွေးစားသော အသက် (၁၈)နှစ်အောက် အိမ်ထောင်မပြုရသေးသည့် နိုင်ငံခြားသား သား/ သမီးများ၊ ပြည်ပနိုင်ငံတစ်ခုခု၏ နိုင်ငံသားအဖြစ်ခံယူထားသော မြန်မာနိုင်ငံသားဟောင်းများ လျှောက်ထားနိုင်ကြောင်း သိရသည်။

နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားသူများသည် ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာသံရုံး/ ကောင်စစ်ဝန်ချုပ်ရုံး/ အဖွဲ့ရုံးများနှင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၇ လမ်း အမှတ်(၁၁၁/၁၁၃)ရှိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဌာနစိတ်တို့တွင် လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ကာယကံရှင်ကိုယ်တိုင်လျှောက်ထားနိုင်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် ကနဦးလျှောက်ထားခြင်းအတွက် အမြဲနေထိုင်ခွင့်လျှောက်ထားခငွေ (ပြန်လည်ထုတ်ယူ၍မရ) အမေရိကန်ဒေါ်လာ (၅၀၀) ကို ပေးဆောင်ရမည်ဖြစ်ပြီး တစ်ပါတည်း ပူးတွဲလျှောက်ထားသည့် မိသားစုဝင်အတွက် အခငွေထပ်မံပေးဆောင်ရန်မလိုကြောင်းနှင့် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ လူတွေ့အကဲဖြတ်စစ်ဆေးရန် အကြောင်းကြားပါက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ လျှောက်ထားသူကိုယ်တိုင် လာရောက်ရမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီမှ ခွင့်ပြုကြောင်း အကြောင်းကြားစာကို လက်ခံရရှိလျှင် အကြောင်းကြားသည့် နေ့ရက်မှ **ရက်ပေါင်း (၆၀) အတွင်း** သတ်မှတ်စာရွက်စာတမ်းများနှင့်အတူ ရန်ကုန်မြို့ရှိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဌာနစိတ်တွင် နိုင်ငံခြားသားတစ်ဦးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၊ မြန်မာနိုင်ငံသားဟောင်းတစ်ဦးအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၅၀၀)၊ အသက်(၇)နှစ်မှ (၁၈) နှစ်အထိ တရားဝင် သားသမီးတစ်ဦးစီအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၃၀၀)၊ အသက် (၇)နှစ်အောက် ကလေး(အခမဲ့) ဖြင့် သတ်မှတ်အခကြေးငွေပေး၍ လျှောက်ထားသူအပါအဝင် တစ်ပါတည်း လျှောက်ထားသူ မိသားစုဝင်များ ကိုယ်တိုင် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပြီး အမြဲနေထိုင်ခွင့်လက်မှတ် ထုတ်ယူခြင်းကို **သတ်မှတ်ရက် (၆၀) အတွင်း** ဆောင်ရွက်ခြင်းမရှိပါက ထိုနေ့မှစ၍ **ရက်ပေါင်း (၁၂၀) အတွင်း** အကောင်အထည်ဖော်ရေးဗဟိုကော်မတီသို့ ခိုင်လုံသော အကြောင်းပြချက်ဖြင့် တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရရှိသူသည် ကနဦး(၅)နှစ် နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး (၅)နှစ်အတွင်း (၁)နှစ်လျှင် (၁)ကြိမ် သက်တမ်းပြန်လည် အတည်ပြုရမည်ဖြစ်ကြောင်း၊ ထိုသို့ သက်တမ်းပြန်လည်အတည်ပြုရာတွင် သက်တမ်းမပြည့်မီ ရက်ပေါင်း (၆၀) အတွင်း လျှောက်လွှာနှင့်အတူ ကာယကံရှင်ကိုယ်တိုင် ရန်ကုန်မြို့ရှိ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဌာနစိတ်တွင် လာရောက်လျှောက်ထားရမည်ဖြစ်ပြီး (၅)နှစ်ပြည့်ပါက ထပ်မံ၍ (၁)ကြိမ်လျှင် (၅)နှစ်သက်တမ်းတိုး လျှောက်ထားနိုင်ကြောင်း၊ ထို့ပြင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ရရှိသူသည် လျှောက်ထားစဉ်က ဖော်ပြပါရှိသည့် မြန်မာနိုင်ငံ၏ နေရပ်လိပ်စာပါ မြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးတွင် အထောက်အထား စာရွက်စာတမ်းများနှင့်အတူ အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ယူရန် ကာယကံရှင်ကိုယ်တိုင် လျှောက်ထားရယူရမည်ဖြစ်ပြီး နိုင်ငံခြားသားအမြဲနေထိုင်ခွင့်လက်မှတ် ပျောက်ဆုံး/ ပျက်စီးခြင်း၊ ယခင်အချက်အလက်များ ပြောင်းလဲ/ပြင်ဆင်/ ဖြည့်စွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့ရှိ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဌာနစိတ်နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများတွင် လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံခြားသားအမြဲနေထိုင်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ပြည်ပနိုင်ငံအသီးသီးရှိ သက်ဆိုင်ရာ မြန်မာသံရုံးများတွင် လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ်(၄၈)၊ နေပြည်တော် (ဖုန်း ၀၆၇-၄၃၁၅၀၀၊ ၀၆၇-၄၃၁၅၁၅) တို့သို့ လည်းကောင်း၊ ဝန်ကြီးဌာန၏ Website ဖြစ်သည့် **www.mip.gov.mm** တို့တွင် လည်းကောင်း မေးမြန်းဆက်သွယ်ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ဝန်ဆောင်မှုအသစ်အဖြစ် ငွေစာရင်းဖွင့်လှစ်ခြင်းအား လက်ခံဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် မိမိဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်နေသူ (Customer) များအား ဝန်ဆောင်မှုအသစ် (New Product) အဖြစ် ငွေစုဘဏ်ကျပ်ငွေစာရင်း (Saving Account) နှင့် ပုံသေအပ်နှံငွေကျပ်ငွေစာရင်း (Fixed Deposit Account) တို့ကို ဩဂုတ် ၁ ရက်မှစတင်၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကနဦးအပ်နှံငွေအဖြစ် ငွေစုဘဏ်စာရင်းတွင် ပုဂ္ဂလိကတစ်ဦးချင်းအတွက် ကျပ် ၁၀၀၀ ဖြင့်လည်းကောင်း၊ ပုံသေအပ်နှံငွေစာရင်းတွင် ပုဂ္ဂလိကတစ်ဦးချင်းအတွက် ကျပ် ၁၀၀၀၀၀၊ ကုမ္ပဏီ/အဖွဲ့အစည်းအတွက် ကျပ် ၁၀၀၀၀၀၀ တို့ဖြင့် လည်းကောင်း ဖွင့်လှစ်နိုင်ကြောင်း အပ်နှံငွေပေါ်တွင် ငွေစုဘဏ်စာရင်းပိုင်ရှင်များအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ပုံသေအပ်နှံငွေစာရင်းပိုင်ရှင်များအတွက် သုံးလအပ်နှံငွေပေါ်တွင် ၈ ဒသမ ၂၅ ရာခိုင်နှုန်း၊ ခြောက်လအပ်နှံငွေအပေါ်တွင် ၈ ဒသမ ၅၀ ရာခိုင်နှုန်း၊ ကိုးလအပ်နှံငွေပေါ်တွင် ၈ ဒသမ ၇၅ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် အတိုးကို စာရင်းပိုင်ရှင်များ၏ စာရင်းသို့ ထည့်သွင်းပေးမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်အချက်အလက်များ စုံစမ်းရန်အတွက် ဆက်သွယ်ရန်ဖုန်းနံပါတ်များမှာ- Hot line no. 01-372137, 01-372138, 01-372139, Ext: 308 01-250400, 01-250698, 01-250707 တို့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ နယူးဒေလီ၌ ဩဂုတ် ၂ ရက်တွင် ကျင်းပမည့် (၂)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်အဖွဲ့ချုပ်ကွန်ဂရက် (2nd World Vovinam Federation Congress-2017) အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်သည် ဩဂုတ် ၁ ရက်က ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ယွပ်ဆိုင်းအိမ်နှင့် တာဝန်ရှိသူများ လိုက်ပါပို့ဆောင်စဉ်** တင်စိုး(မြန်မာ့အလင်း)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

# အာဆီယံနှစ်(၅၀)ပြည့်အထိမ်းအမှတ် စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံဖွင့်

**နေပြည်တော် ဩဂုတ် ၁**

အာဆီယံနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် **"စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံ"**အစီအစဉ် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။




အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အာဆီယံနှစ်(၅၀)ပြည့်အထိမ်းအမှတ် "စာကြည့်တိုက်၊ ယဉ်ကျေးမှု၊ လူမှုဘဝနှင့် ရွှေရတုအာဆီယံ"အစီအစဉ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဝန်ဇင်းမင်းရာဇာ ခန်းမ၌ကျင်းပသည့် စာတမ်းဖတ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် အာဆီယံနှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အစီအစဉ်တွင် အာဆီယံပြခန်းနှင့် မြန်မာစာရေးဆရာကြီးများ၏ လက်ရေးမူပြခန်းကိုလည်း ပြသထားပြီး ခေတ်အဆက်ဆက်က ထင်ရှားခဲ့သော မြန်မာစာရေးဆရာများ၏ လက်ရေးမူများကို လစဉ်ပြောင်းလဲပြသမည်ဖြစ်၍ လာရောက်လေ့လာရန် ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ပင်မဆောင်၌ "ကာတွန်းအဖော် စာဖတ်ပျော်" ကလေးစာကြည့်တိုက် လှုပ်ရှားမှုအစီအစဉ်ကို ကျင်းပသွားမည်ဖြစ်ပြီး ကာတွန်းဆရာကြီးများ၏ စာဖတ်ရှိန်မြှင့်တင်ရေးကို ဖော်ဆောင်သည့် ကာတွန်းပုံများကို ချိတ်ဆွဲပြသခြင်း၊ ကလေးများ ကာတွန်းမှတစ်ဆင့် စာဖတ်လာစေရန် ဟောပြောဆွေးနွေးခြင်းတို့ကို ဩဂုတ် ၁ ရက်မှ ၃ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယနေ့စာတမ်းဖတ်ပွဲသို့ တက်ရောက်ဆွေးနွေးကြမည့် စာတမ်းရှင်များ၏ တင်ပြချက်များသည် အာဆီယံဒေသ၏ လူမှု-ယဉ်ကျေးမှုဘဝအတွက် ထင်ဟပ်အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

စာတမ်းဖတ်ပွဲတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ စာကြည့်တိုက်မှူး ဒေါ်မျိုးက "အာဆီယံဒေသရှိ ဓလေ့ထုံးတမ်းပုံပြင်များ" စာတမ်းကို လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဒေါက်တာလှိုင်လှိုင်ကြီးက "အာဆီယံမျှော်မှန်းချက်နှင့် စာကြည့်တိုက်အမြင်"စာတမ်းကိုလည်းကောင်း၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)မှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါက်တာကေသီအေးက "အာဆီယံဒေသ ကလေးစာကြည့်တိုက်များ" စာတမ်းကိုလည်းကောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခ(ဂီတပညာဌာန) ဦးမောင်မောင်ဇော်ထက် (ခ) မီရာမိုရ်က "အာဆီယံဒေသ၏ဂီတ" စာတမ်းကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမြတ်အောင်က "အာဆီယံဒေသရှိပြတိုက်များ" စာတမ်းကိုလည်းကောင်း ဖတ်ကြားကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြစ်ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားသည့်ကျောင်းများအနက် ကျောင်းပေါင်း ၁၀၀ ပြန်ဖွင့်

**မန္တလေး ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး၌ ဇူလိုင်လအတွင်းက ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းပေါင်း ၁၀၆ ကျောင်းအနက် ဩဂုတ် ၁ ရက်အထိ ကျောင်းပေါင်း ၁၀၀ ကို ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီက ပြောကြားသည်။

"ကျွန်မတို့ တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ မြစ်ရေဝင်လို့ ကျောင်းပိတ်ထားရရင် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးတွေကနေ အဆင့်ဆင့် အသိပေးအကြောင်းကြားရသလို ရေကျသွားလို့ ပြန်ဖွင့်နိုင်ရင်လည်း နေပြည်တော်(ရုံးချုပ်)အထိ အဆင့်ဆင့် အကြောင်းကြားရပါတယ်။ ဒီအကြောင်းကြားစာထဲမှာ ပိတ်ထားခဲ့တဲ့ရက်တွေအတွက် ဘယ်လိုအစားထိုးသင်ပေးမလဲဆိုတဲ့ အချက်ကိုပါထည့်ပြီး ပေးပို့ရပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ယာယီပိတ်ထားသည့် ကျောင်းများအနေဖြင့် မြစ်ရေကျဆင်း၍ ပြန်လည်ဖွင့်လှစ်သည့်အချိန်တွင် ပိတ်ထားသည့်ရက်များအတွက် အဖိတ်နေ့နှင့် ဥပုသ်နေ့များတွင် အစားထိုးဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် ကျောင်းများအနက် မြင်းခြံမြို့နယ်၌ အများဆုံးဖြစ်ပြီး စဉ့်ကူး၊ ညောင်ဦး၊ တောင်သာ၊ တံတားဦး၊ ငါန်းဇွန်၊ အမရပူရမြို့နယ်တို့မှ ဖြစ်ကြပြီး အထက သုံးကျောင်း၊ အထက (ခွဲ) ငါးကျောင်း၊ အလက ရှစ်ကျောင်း၊ အလက(ခွဲ)သုံးကျောင်း၊ မူလွန် ခုနစ်ကျောင်း၊ အမက ၇၈ ကျောင်းနှင့် အမက (ခွဲ) နှစ်ကျောင်းတို့ပါဝင်ကြပြီး အဆိုပါ ကျောင်းများအနက် မြင်းခြံမြို့တွင် သုံးကျောင်း၊ ညောင်ဦးတွင် တစ်ကျောင်းနှင့် တောင်သာမြို့နယ်တွင် နှစ်ကျောင်း စုစုပေါင်း ခြောက်ကျောင်းသာ ဖွင့်လှစ်နိုင်ရန် ကျန်ရှိတော့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ရေကြီးနစ်မြုပ်လယ်ယာမြေများအား အချိန်မီပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရေး နှိုးဆော်ချက်

၁။ မြန်မာနိုင်ငံဒေသအချို့တွင် ဇွန်၊ ဇူလိုင်လများအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မြစ်ရေမြင့်တက်ခြင်းနှင့် ပင်လယ်ဒီရေထောက်ခြင်းတို့ကြောင့် တစ်နိုင်ငံလုံး စိုက်ပျိုးပြီး မိုးသီးနှံဧက(၁၄)သန်းကျော်အနက် (၂၈-၇-၂၀၁၇) ရက်နေ့အထိ ဧက(၅)သိန်းကျော် ရေကြီးနစ်မြုပ်၍ သီးနှံ (၉၉၄၉) ဧက ပျက်စီးခဲ့ပြီး ပြန်လည်အစားထိုး စိုက်ပျိုးလျက်ရှိပါသည်။

၂။ တောင်သူလယ်သမားများ၏ ရေကြီးနစ်မြုပ်ပျက်စီးသွားသော မိုးစပါးလယ်မြေများအား အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် အောက်ဖော်ပြပါနည်းလမ်းများ အသုံးပြု၍ လိုက်နာဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် -

(က) အရန်ပျိုးများဖြင့် ပြန်လည်အစားထိုးစိုက်ပျိုးခြင်း၊

(ခ) သက်လတ်နှင့် သက်ကြီးစပါးမျိုးများကို သက်တမ်းရက်(၆၀)အတွင်းရှိ စပါးစိုက်ခင်းမှ သားတက်ခွဲ၍ ပွားများစိုက်ပျိုးခြင်း၊

(ဂ) သက်လျင်စပါးမျိုး (ရက် ၉၀၊ သီးထပ်ရင်၊ ရွှေသွယ်ရင်)များဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း(သို့မဟုတ်)တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊

(ဃ) အမြန်ဆုံး ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် ကောက်စိုက်စက်များ အသုံးပြု စိုက်ပျိုးခြင်း၊

(င) မပျက်စီးဘဲထိခိုက်သော စပါးခင်းများအား ရေသွင်း၊ ရေထုတ်ပြုလုပ်ပေးပြီး သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ (၃း၁)အချိုးဖြင့် ရောစပ်ထည့်သွင်းပေးခြင်း၊

၃။ ရေကြီးနစ်မြုပ်မှုမရှိဘဲ ပုံမှန်ကောင်းမွန်နေသော စပါးခင်းများအား အထွက်နှုန်းတိုးတက်ရေးအတွက် ပေါင်းမြက်နှိမ်နင်းခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးညီအချိန်ကိုက်ထည့်သွင်းခြင်း၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နှိမ်နင်းခြင်း၊ ရေသွင်းရေထုတ်ဆောင်ရွက်ခြင်းများကို အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ ရေကျသွားချိန်၌ ရေကြီးနစ်မြုပ်ပျက်စီးပြီး မိုးစပါးပြန်လည်အစားထိုး စိုက်ပျိုးနိုင်ခြင်းမရှိသည့် ဧရိယာများတွင် ရေမြေဒေသနှင့် ကိုက်ညီသည့် သီးနှံများကို အချိန်မီအပြည့်အဝ ပြန်လည်အစားထိုး စိုက်ပျိုးသွားနိုင်ရေးတို့အတွက် ကြိုတင်စီမံဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါသည်။

၅။ သို့ပါ၍ ရေကြီးနစ်မြုပ်ပျက်စီးသွားသော မိုးစပါးလယ်မြေများနှင့် ယာမြေများတွင် သီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် အထက်ပါလုပ်ငန်းစဉ်များကို တောင်သူလယ်သမားများအားလုံး လိုက်နာဆောင်ရွက်နိုင်ကြရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှလည်း ပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ကြပါရန်နှင့် တောင်သူလယ်သမားများအနေဖြင့် အကူအညီလိုအပ်ပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ရေအရင်းအမြစ် စီမံခန့်ခွဲရေးနှင့် ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများသို့ ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# Archbishop Paul Tschang In-Nam အား မြန်မာနိုင်ငံဆိုင်ရာ ဗာတီကန်မြို့ပြ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဩဂုတ် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် Archbishop Paul Tschang In-Nam အား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗာတီကန်မြို့ပြနိုင်ငံ (Holy See) သံအမတ်ကြီး(Apostolic Nuncio)အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

Archbishop Paul Tschang In-Nam ကို ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံ၊ ချုံးဂျူမြို့၌ ခရစ်ယာန်ဘုန်းတော်ကြီးအဖြစ် ခံယူခဲ့ပြီး ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ရောမမြို့၌ ကက်သလစ်ဂိုဏ်းအုပ်ဘုန်းတော်ကြီး ဖြစ်လာခဲ့သည်။ Archbishop Paul Tschang In-Nam သည် ကိုရီးယားသမ္မတနိုင်ငံ ဂွမ်ဂျူမြို့ရှိ ကက်သလစ်ဘာသာတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ရောမမြို့ရှိ Pontifical Lateran တက္ကသိုလ်မှ ဓမ္မသင်းညီပညာဆိုင်ရာ ပါရဂူဘွဲ့ရရှိခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် St. Thomas တက္ကသိုလ်မှ ကာနွမ်ဥပဒေဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ကို ရရှိခဲ့ပါသည်။ ၁၉၈၅ ခုနှစ်တွင် Holy See ၏ သံတမန်ရေးရာကျောင်း တက်ရောက်အောင်မြင်ခဲ့သည်။ ၁၉၈၅ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် Holy See ၏ သံတမန်ဝန်ထမ်းလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အယ်လ်ဆာဗေးဒိုး၊ အီသီယိုးပီးယား၊ ဆီးရီးယား၊ ပြင်သစ်၊ ဂရိနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ရှိ ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်သီတင်းသုံးရာ သံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ Holy See သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ယူဂန္ဒာနိုင်ငံဆိုင်ရာ Holy See သံအမတ်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ Holy See သံအမတ်ကြီးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်တော် (Apostolic Delegate)အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

**(သတင်းစဉ်)**



# ထိုင်းနိုင်ငံစက်ရုံများမှ တိုက်ရိုက်ခေါ်ဆိုမှုကြောင့် လယ်ယာလုပ်သားငှားရမ်းရန် တောင်သူများအခက်အခဲဖြစ်ပေါ်

**ရေတာရှည် ဩဂုတ် ၁**

ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်သူများ နေရပ်ပြန်သူများပြားသည့်အတွက် လက်ရှိစက်ရုံအလုပ်ရုံများတွင် လုပ်သားလိုအပ်ချက်အရ ထိုင်းနိုင်ငံရှိ အလုပ်ရှင်များက မြန်မာနိုင်ငံသို့ တိုက်ရိုက်ကိုယ်စားလှယ်များ စေလွှတ်ခေါ်ဆိုမှုများရှိနေရာ ကျေးလက်ဒေသနေသူများ အစုအပြုံလိုက်ထွက်ခွာမှုများကြောင့် လက်ရှိ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ လုပ်သားငှားရမ်းမရသည့်အခက်အခဲများစွာဖြစ်ပေါ်လျက် ရှိနေသည်ကို တွေ့ရသည်။

"ကျွန်တော်လုပ်တဲ့စက်ရုံက ခေါ်ခိုင်းတာ လူနှစ်ရာပါ၊ အပြီးအစီး ငွေကျပ် ခုနစ်သိန်းကျမယ်၊ အခု လူပြည့်သွားလို့ စာရွက်စာတမ်းတွေ လုပ်ပေးနေပါတယ်"ဟု ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်သူ ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာနေ ကိုမြင့်ထူးက ပြောသည်။ မိုးစပါးစိုက်ပျိုးပြီးသည့် တောင်သူများအနေဖြင့် မြေဩဇာများကြဲပက်ခြင်း၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးပက်ဖျန်းခြင်းနှင့် အခြားသော လုပ်ငန်းများတွင် လယ်ယာလုပ်သားများကို ငှားရမ်းလုပ်ကိုင်ကြရပြီး ထိုသို့ လုပ်သားအခက်အခဲကြောင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် အခက်အခဲများဖြစ်ပေါ် နေကြခြင်းဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောကြားသည်။

"လယ်ယာလုပ်ငန်းကပင်ပန်းတော့ ဘယ်သူမှမလုပ်ချင်ကြဘူး။ တစ်ရက်ကို နေ့စားခ ငွေကျပ် ငါးထောင်အပြင် ထမင်းပါကျွေးတာကို လုပ်မယ့်သူမရှိတာ၊ ဒီနားဝန်းကျင်ရွာတွေဆို ထိုင်းကိုအလုပ်လုပ်ဖို့ထွက်ကုန်တာ တောင်သူတွေအခက်အခဲဖြစ်တာပေါ့"ဟု အထက်ပါတောင်သူကပင် ဆက်လက်ပြောသည်။

**ကိုလွင်(ဆွာ)**

# မျိုးစေ့ထုတ်လုပ်သူများနှင့် တောင်သူများတွေ့ဆုံဆွေးနွေး

**သာယာဝတီ ဩဂုတ် ၁** တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝအဆင့်အတန်း တိုးတက်ပြီးဒေသဝမ်းစာဖူလုံရေးနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ထုတ်လုပ်သူ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများ တွေ့ဆုံပညာပေးဆွေးနွေးခြင်းလုပ်ငန်းကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဦးစီးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မျိုးစေ့ထုတ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရေမြေနှင့်ကိုက်ညီသည့် အရည်အသွေးကောင်းမျိုးစေ့များကို တောင်သူလယ်သမားများ ရရှိအသုံးပြုစေနိုင်ရေးနှင့် မျိုးစေ့ထုတ်လုပ်ငန်းနှင့် ပတ်သက်သည့် တိကျမှန်ကန်သောမှတ်တမ်းများ စနစ်တကျထားရှိ၍ ပုဂ္ဂလိကမျိုးစေ့ထုတ်လုပ်ငန်းရှင်များ၊ မျိုးစေ့ထုတ်တောင်သူအဖွဲ့အစည်းများ၏ မျိုးစေ့ထုတ်လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုက ဆွေးနွေးမှာကြားသည်။

**သန့်ဆောင်(ပြန်/ဆက်)**

# အာရှဒေသသစ်တောပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းတည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်၌ မြန်မာနိုင်ငံပါဝင်လက်မှတ်ရေးထိုး

**နေပြည်တော် ဩဂုတ် ၁**

အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းတည်ထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်၌ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက် လက်မှတ်ရေးထိုးခဲ့သည်။ **(ယာပုံ)**



ယင်းသဘောတူစာချုပ်ကို အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တီမောလက်စ်တေ၊ ဘူတန်၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့က လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း သိရသည်။ သဘောတူစာချုပ် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများအား ဖြေရှင်းရန်အတွက် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှု မူဘောင်အတွင်းမှ ကောင်းမွန်သည့်နည်းပညာနှင့် မူဝါဒများကို ခိုင်မာသည့် လုပ်ငန်းစဉ်များအဖြစ် ပြောင်းလဲအကောင်အထည်ဖော်ကာ ဒေသတွင်းသစ်တောလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများအကြား ဆက်ဆံရေး ပိုမိုနီးကပ်ကောင်းမွန်လာနိုင်မည်ဖြစ်ပြီး သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက်အဖွဲ့ဝင်နိုင်ငံများအကြား နည်းပညာနှင့် အတွေ့အကြုံများ မျှဝေဖလှယ်နိုင်မည်ဖြစ်ကာ သစ်တောစီမံအုပ်ချုပ်မှုကဏ္ဍတွင် ဆန်းသစ်သောနည်းပညာများ၊ မူဝါဒများနှင့် အတွေ့အကြုံကောင်းများရရှိ၍ မြန်မာနိုင်ငံ၏ သစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**“အာဆီယံ-ကိုရီးယား သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ဒေသအဆင့် လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း တည်ထောင်ခြင်း”**အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့၌ ASEAN-Korea Forest Cooperation Regional Education and Training Center AFoCo RETC) ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်၌ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ပြီးစီးမည်ဖြစ်သည်။ အဆိုပါသင်တန်းကျောင်း၏ စီမံကိန်းကာလမှာ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၁၀)နှစ်ကာလဖြစ်ပြီး ထောက်ပံ့ငွေရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ သန်းဖြစ်သည်။ အာရှဒေသအတွင်းရှိ နိုင်ငံအသီးသီးမှ သင်တန်းသားများကို ဖိတ်ကြား၍ ကာလတိုသင်တန်းကို ရက်သတ္တ (၁) ပတ်၊ ကာလရှည်သင်တန်းကို ရက်သတ္တ ၂ ပတ်မှ ၆ လအထိ ပို့ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်၊

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ကိုရီးယားအမျိုးသား သစ်မျိုးစုဉယျာဉ်သို့ သွားရောက်ကာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှု၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု၊ မျိုးစိတ်များနှင့် အပင်သယံဇာတ ထိန်းသိမ်းခြင်း နည်းပညာဆောင်ရွက်မှုတို့ကို လေ့လာခဲ့သည်။ သစ်တောဦးစီးဌာနအနေဖြင့် ကိုရီးယားအမျိုးသားသစ်မျိုးစုဉယျာဉ်နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံသစ်တောများအတွင်း အပင်မျိုးစိတ် သယံဇာတစာရင်း ကောက်ယူခြင်း၊ အပင်မျိုးစိတ်ပန်းပုံစံနမူနာများ စုဆောင်းမျိုးခွဲ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

*❋ ကျော်ဖုံးမှ*

လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါလူနာများကို ရောဂါပျံ့နှံ့မှုလျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ်ရှိ အထူးကုဆေးရုံ(ဝေဘာဂီ)တွင် ဦးစားပေးပို့ဆောင်ကုသပေးလျက်ရှိရာ ယနေ့ မွန်းလွဲ ၂ နာရီအထိ ရရှိသော ဆေးရုံတက်ရောက်လူနာစာရင်းအရ H1N1 အတည်ပြုလူနာ ၁၀ ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၃ ဦး စုစုပေါင်း လူနာ ၁၃ ဦး တက်ရောက်လျက်ရှိကြောင်း။

ယနေ့ နံနက်၁၁ နာရီခွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်တွင်ကျင်းပရာ အစည်းအဝေးမှ ရောဂါပိုးတွေ့ရှိလူနာများအား သတ်မှတ်ဆေးရုံကြီးများတွင် ထားရှိကုသနိုင်ရေးနှင့် လူနာလွှဲပြောင်းမှုအသေးစိတ်အစီအစဉ်၊ ပိုးတွေ့လူနာများအား Tamiflu ဆေးဖြင့် ကုသမည့် သတ်မှတ်ချက်များ၊ လူနာများနှင့် တိုက်ရိုက်ထိတွေ့ရသော ကျန်းမာရေးဝန်ထမ်းများအတွက် ကာကွယ်ထိုးဆေးများ ထိုးနှံခြင်း၊ လှူဒါန်းသည့် ဆေးနှင့်ဆေးပစ္စည်းများအား စနစ်တကျအသုံးပြုကုသနိုင်ရေးနှင့် ဖြစ်ပွားမှုများနှင့်ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်မည့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (RRT) ဖွဲ့စည်းဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌လည်း ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲများအား နေ့စဉ်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲများအား တက်ရောက်ခဲ့သူပြည်သူများကလည်း မိမိ၏မိသားစုနှင့် မိတ်ဆွေများအား ဆက်လက်ပြီးဆင့်ပွားပညာပေးနိုင်ရေး တိုက်တွန်းပြောဆိုခဲ့ကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်များကို အရေးတယူလိုက်နာဆောင်ရွက်သွားပါက ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းသွားမည်ဖြစ်ကြောင်း၊ ရာသီတုပ်ကွေးဆန်သော လက္ခဏာများ၊ ပြင်းထန်ရာသီတုပ်ကွေးရောဂါလက္ခဏာများ ဖြစ်ပွားသည်ဟု ထင်မှတ်ပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ ဆေးကုသမှုခံယူပါက အသက်အန္တရာယ်ဆုံးရှုံးရမှုများမှ ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်တားဆီးရေးနည်းလမ်းများနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၊ Myanmar CDC facebook စာမျက်နှာနှင့် နေ့စဉ်ထုတ်သတင်းစာများအပြင် ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**



**ဩဂုတ် ၁ ရက်က ရန်ကုန်မြို့ရှိ Melia Yangon Hotel ၌ ကျင်းပသည့် ဆွစ်ဇာလန်နိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ညှိခံပွဲသို့ တက်ရောက်လာသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးအား မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး H.E.Mr. Paul Rene' SEGER ကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)

---

*❋ ကျော်ဖုံးမှ*

“နောက်တစ်ခုက တရားမဝင်သွားနေတဲ့ အေးခဲကြက်သားတို့၊ ကြက်အရှင်သွားနေတဲ့ ကိစ္စတွေလည်းရှိပါတယ်။ အဲဒီကိစ္စတွေနဲ့ ပတ်သက်လို့ ထိထိရောက်ရောက် ဖမ်းဆီးအရေးယူပြီးတော့ ကိုင်တွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပြီး ရောဂါကြိုတင်ကာကွယ်ရေးအနေနဲ့ကတော့ အခုလို ဟောပြောပွဲတွေ ဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးခြံတွေမှာလည်း ဇီဝလုံခြုံရေးဆိုင်ရာတွေကို စစ်ဆေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့လည်း စိုးရိမ်ခြင်းမရှိပါနဲ့၊ ရောဂါအမှန်တွေ့ရှိရင် အသိပေးထုတ်ပြန်ဆောင်ရွက်ပေးသွားမှာပါ။ ထူးခြားမှု တစ်စုံတစ်ရာရှိရင်လည်း အမြန်ဆုံးနီးစပ်ရာ တာဝန်ရှိသူတွေနဲ့ ကျွန်တော်တို့ဌာနကို အမြန်ဆုံးသတင်းပေးစေလိုပါတယ်”ဟု ဒေါက်တာခိုင်စိုးဝင်းက ဆက်လက်ပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြဝတီခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာခိုင်စိုးဝင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဈေးတာဝန်ခံများနှင့် ဈေးသူ၊ ဈေးသားများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

---

## နည်းပညာတက္ကသိုလ်(စစ်ကိုင်း)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းသွေးလှူ

**စစ်ကိုင်း ဩဂုတ် ၁**

နည်းပညာတက္ကသိုလ်(စစ်ကိုင်း)မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်မှ စုပေါင်း၍ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက နည်းပညာတက္ကသိုလ် ကျောင်းဝင်းအတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အထွေထွေရောဂါကု ဆေးရုံကြီး မန္တလေးသွေးလှူဘဏ်ဌာနမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်မြမွန်နှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ဓာတ်ခွဲခန်းဝန်ထမ်း ၂၀ တို့က နယ်လှည့်သွေးဖောက်ယာဉ်ဖြင့် လာရောက်၍ သွေးလှူရှင်များအား သွေးပေါင်ချိန်ခြင်း၊ သွေးစစ်ဆေးခြင်း စသည့် ကျန်းမာရေးအခြေအနေများကို စနစ်တကျ စစ်ဆေးကာ ကျန်းမာရေးကောင်းမွန်သူများထံမှ သွေးများ ဖောက်ယူပြီး စနစ်တကျ သိမ်းဆည်းခဲ့ကြသည်။



နည်းပညာတက္ကသိုလ်(စစ်ကိုင်း) ကျောင်းတွင် သွေးလှူဒါန်းမှု (၄)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရကာ ပထမအကြိမ် ၁၉၅ ဦး၊ ဒုတိယအကြိမ် ၁၉၉ ဦး၊ တတိယအကြိမ် ၁၉၄ ဦး၊ ယခု စတုတ္ထအကြိမ်မြောက်တွင် သွေးလှူရှင် ၂၀၀ ကျော် လှူဒါန်းခဲ့ကြကြောင်း စုပေါင်းသွေးလှူဒါန်းပွဲ ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနိုင်လင်းအောင်ထံမှ သိရသည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ နည်းပညာတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာအောင်ဆန်းလင်း၊ သွေးလှူဘဏ်ဌာန မန္တလေးမှ တာဝန်ခံဆရာဝန်ကြီးနှင့် ဝန်ထမ်းများက သွေးလှူဒါန်းပွဲဖြစ်မြောက်ရေးကော်မတီသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ဖြစ်မြောက်ရေးကော်မတီမှလည်း အာဟာရကုသိုလ် အလှူရှင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

## ဖျာပုံမြို့နယ်၌ မှုခင်းကျဆင်းရေး ပြည်သူများပူးပေါင်းပါဝင်နိုင်ရေး တွေ့ဆုံဆွေးနွေး

**ဖျာပုံ ဩဂုတ် ၁**

ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှိုင်တင့် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၁ ရက်က ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်(ခွဲ)ရှိ ဒေါ်ညိမ်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးအထိ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူလူထုနှင့် ပူးပေါင်းအကောင်အထည်ဖော်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ဒေသခံများနှင့် တွေ့ဆုံရာတွင် ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှိုင်တင့်က ရဲတပ်ဖွဲ့မှ မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးစသည့် လုပ်ငန်းများဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြရာ ဒေသခံများဘက်မှလည်း ကျေးရွာအတွင်း တရားဥပဒေစိုးမိုးရေးလိုအပ်ချက်များ၊ ရှေ့ဆက်သွားမည့် မှုခင်းကျဆင်းရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုသည့် အခြေအနေများကို ရင်းနှီးစွာ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## H1N1 ရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း မြို့နယ်များတွင်ဆောင်ရွက်

**ပခုက္ကူ**

ပခုက္ကူမြို့၌ H1N1 ရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ဇူလိုင် ၃၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ခရိုင်စီမံခန့်ခွဲရေးကော်မတီ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် ပခုက္ကူမြို့တွင်းရှိ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းထုတ်ဝေထားသော H1N1 ရောဂါအကြောင်း ပညာပေး လက်ကမ်းစာစောင်များကို ပခုက္ကူတက္ကသိုလ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၊ အထွေထွေရောဂါကုဆေးရုံကြီးနှင့် မြို့တွင်းရှိ စားသောက်ဆိုင်များတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ဖြန့်ဝေပေးခဲ့သည်။

**ဆလိုင်းကိုကီး**

**မလှိုင်**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရာသီတုပ်ကွေး (H1N1) အကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အမှာစကား ပြောကြားပြီး မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာ နေမျိုးမင်းထွန်းက ရာသီတုပ်ကွေး (H1N1) အကြောင်း သိကောင်းစရာများကို ဟောပြောသည်။

**ဘိုဘို (မလှိုင်)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး(အရှေ့ပိုင်းခရိုင်) သဃ်န်းကျွန်းမြို့နယ်တွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပညာပေး လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများကို လူစည်ကားရာနေရာများဖြစ်သည့် သဃ်န်းကျွန်းဈေး၊ စံပြဈေးနှင့် ရပ်ကွက်များအတွင်းသို့ ဇူလိုင် ၃၁ ရက်က ကွင်းဆင်း၍ အခမဲ့လိုက်လံဝေငှပေးခဲ့ကြောင်းနှင့် ရောဂါကာကွယ်ရေး သိကောင်းစရာများကိုလည်း ပြည်သူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**

**ကလေး**

ကလေးမြို့၌ ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက်က မြို့နယ်ဌာနဆိုင်ရာစုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးက အမှာစကားပြောကြားကာ ကလေးမြို့ပြည်သူ့ဆေးရုံမှ ဒုတိယခရိုင်ကျန်းမာရေးမှူး ဒေါက်တာစိုးမိုးထွေးက ရာသီတုပ်ကွေး ရောဂါဖြစ်ပေါ်လာပုံနှင့် ကူးစက်ပုံအဆင့်ဆင့်၊ ကာကွယ်မှုနှင့် ကုသမှုအပိုင်းများကို ရှင်းလင်းဟောပြောသည်။

**ဂျူနိုင်း(ပြန်/ဆက်)**



**ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ ရာသီတုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက် က ကျင်းပရာ မြို့နယ်သူနာပြု အဆင့်(၁) ဒေါ်ထူးရီရွှေက ရာသီတုပ်ကွေး စတင်လာပုံနှင့် ကာကွယ်နည်းများ၊ နှာခေါင်းစည်း တပ်ဆင်မှုဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းပြောကြားစဉ်**
နေဝင်းမြင့် (ပြန်/ဆက်)

# မြန်မာနိုင်ငံ လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း စတင်ဖွဲ့စည်း

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံ လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအသင်း စတင်ဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် လေဆိပ်လမ်း လေကြောင်းသိပ္ပံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ လေကြောင်းဆိုင်ရာ လုပ်ငန်းနယ်ပယ်မှ အထူးဖိတ်ကြားထားသူများ၊ လေကြောင်းလိုင်းများမှ စီအီးအိုများ၊ အုပ်ချုပ်မှုဒါရိုက်တာများ၊ လေယာဉ်မှူးများ၊ အင်ဂျင်နီယာများ၊ လေယာဉ်အဖွဲ့သားများ၊ မြေပြင်ဝန်ဆောင်မှုအဖွဲ့များ၊ လေကြောင်းဖြင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများ၊ သင်တန်းကျောင်းများနှင့် လေကြောင်းနှင့်ဆက်စပ်သည့် လုပ်ငန်းများမှ စိတ်ပါဝင်စားသူတို့ တက်ရောက်ခဲ့ကြသည်။



အဆိုပါအသင်းသည် လွတ်လပ်သော၊ နိုင်ငံရေးအတွက် မဟုတ်သော၊ အမြတ်အစွန်းအတွက် မဟုတ်သော၊ အတတ်ပညာနှင့် လေကြောင်းဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သော အစိုးရမဟုတ်သည့် အဖွဲ့အစည်း (NGO) ဖြစ်သည်။

အသင်းအနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းလုပ်ငန်းနှင့် သက်ဆိုင်သော အသင်းသားများကို စုစည်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းများ၏ သဘောသဘာဝများအပေါ်တွင် မူတည်၍ ကော်မတီအသီးသီးဖွဲ့စည်းရန်၊ ကော်မတီများနှင့် အသင်းသားများ၏ အစီရင်ခံစာနှင့် တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များကို လေ့လာသုံးသပ်၍ နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာဌာနအသီးသီးနှင့် ဆက်သွယ်ဆောင်ရွက်ပေးနိုင်ရန်၊ လေကြောင်းလုပ်ငန်းနယ်ပယ်၏ စံချိန်စံညွှန်း အဆင့်အတန်းများ မြင့်မားတိုးတက်လာစေရန်၊ လေကြောင်းလုပ်ငန်းနယ်ပယ်နှင့် ဆက်စပ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၊ ဘဝအသက်မွေးမှုလုပ်ငန်းများ၏ အခွင့်အလမ်းများ ချဲ့ထွင်ရန်၊ အသင်းသားများထံသို့ သက်ဆိုင်သည့် သတင်းအချက်အလက်များနှင့် အများပြည်သူသို့ လေကြောင်းလုပ်ငန်းပညာရပ်ဆိုင်ရာ ဗဟုသုတများကို ဖြန့်ဝေပေးရန်၊ နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ အေဂျင်စီများနှင့် ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်ရန်၊ အများပြည်သူတို့ ပါဝင်လာနိုင်ရန်အတွက် ဆက်သွယ်ရေးကွန်ရက်စနစ် တည်ဆောက်ရန်၊ လေကြောင်းလုပ်ငန်းနယ်ပယ်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးရန်၊ ဘဝတစ်သက်တာသင်ယူမှုအတွက် အထောက်အကူပြုနိုင်ရန် အစရှိသည့် ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းထားကြောင်း သိရသည်။

စိတ်ပါဝင်စားသူများ တယ်လီဖုန်းအမှတ် ၀၉-၄၂၁၁၀၀၀၁၁ နှင့် အီးမေးလ် kml1983.a@gmail.com သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# လယ်ဝေးမြို့နယ်၌ ရာသီတုပ်ကွေးဖြစ်ပွားမှုအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁**

ရာသီတုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများကို ပြည်သူလူထုအတွင်း ပိုမိုမြင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို ယနေ့တွင် လယ်ဝေးမြို့နယ် ခုတင် ၁၀၀ ဆံ့ ဆေးရုံ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲနှင့် နေပြည်တော်ကောင်စီ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လယ်ဝေးမြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှု၊ ကူးစက်ပုံနှင့် ပြည်သူလူထုအတွင်း ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို တင်ပြဆွေးနွေးခဲ့သည်။



**လယ်ဝေးမြို့နယ်အတွင်းရှိ နီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းများနှင့် တွေ့ဆုံ၍ ရာသီတုပ်ကွေးဖြစ်ပွားမှုအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများ ဆွေးနွေးစဉ်**

ထို့နောက် တက်ရောက်လာသူများက မရှင်းလင်းသည့် အချက်များကို ပြန်လည်ဆွေးနွေးခဲ့ပြီး လူမှုရေးအဖွဲ့အစည်းများသည် သက်ဆိုင်ရာအခြေခံကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ မိမိနှင့် မိသားစု၊ ပတ်ဝန်းကျင်ရှိ ပြည်သူများကို အသိပညာဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၊ စာသင်ကျောင်းများနှင့် သက်ကြီးရွယ်အိုများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝိုင်းဝန်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ လယ်ဝေးမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ နီးနွယ်ဌာနဆိုင်ရာဝန်ထမ်း ၁၄ ဦး၊ ပြင်ပဆေးကုခန်းဆရာဝန် ခြောက်ဦး၊ မြို့နယ်/ရပ်ကွက် အုပ်ချုပ်ရေးမှူးရှစ်ဦးနှင့် လူမှုရေးအသင်းအဖွဲ့များ မှ ၅၀ စုစုပေါင်းတက်ရောက်သူ ၈၀ ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အုန်းသီးမှ တန်ဖိုးမြှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် လက်မှုနည်းပညာသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၁**

အုန်းသီးမှ တန်ဖိုးမြှင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့် လက်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ Center of Excellence, Incubation Center ၌ ဇူလိုင် ၃၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းနှင့် မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးမျိုးမင်းတို့က အမှာစကား ပြောကြားခဲ့သည်။ သင်တန်းကို စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် မြန်မာနိုင်ငံ အုန်းသီးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခြင်း ဖြစ်သည်။



သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အုန်းသီးလုပ်ငန်းရှင်များ၊ အသေးစား အလတ်စားလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအပါအဝင် သင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် အုန်းခွံကိုအသုံးပြု၍ စားပွဲတင် အုန်းခွံမီးအိမ်များ၊ မီးဆိုင်းများ၊ လက်မှုပစ္စည်းများကို ဆန်းသစ်သော လက်ရာများဖြင့်ပြုလုပ်ကာ အဆိုပါ တန်ဖိုးမြှင့်ထုတ်ကုန်များကို အသေးစားနှင့် အလတ်စားလုပ်ငန်းများအဖြစ် ထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးတက်လာစေရန်နှင့် ဈေးကွက်ဝင် အရည်အသွေးမြှင့် ထုတ်လုပ်ရောင်းချခြင်းဖြင့် အုန်းသီးအစုအဖွဲ့ငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် သင်တန်း ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)**

# မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး



**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေး ဆောင်ရွက်မှုကို မြို့နယ်များသို့ လိုက်လံပြသဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ ရက်က အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၇) ရပ်ကွက် ပင်လုံလမ်းနှင့် မန္တလေးလမ်းထောင့်တွင် မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းဇော်မင်းက မှုခင်းအသိပညာပေးခဲ့ကြောင်းနှင့် အများပြည်သူ ၂၅၀ ခန့် လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော တာတမံဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူ



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၅ ရက် မြောက်နေ့ ကျင်းပစဉ်

**နေပြည်တော်  ဩဂုတ်  ၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၅ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးစိုးမင်း၊ ဦးစိုးသိန်းနှင့် ဦးဘိုဘိုငယ်တို့က ပြည်ထောင်စုလွှတ်တော်နာယက ရှေ့မှောက်၌ ကတိသစ္စာပြုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဦးဆက်အောင်အား ခန့်အပ်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် **အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း၊ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော **ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်း**နှင့် လွှတ်တော်နှစ်ရပ်သဘော ကွဲလွဲသော တာတမံဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ကုန်စည်အချို့အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ကင်းလွတ်ခွင့်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်က ၂၀၁၇ခုနှစ် အခွန်အကောက် ဥပဒေတွင် ကင်းလွတ်ခွင့်ရှိသည့် ကုန်စည် ၈၇ မျိုးကို ပြဋ္ဌာန်းထားပါကြောင်း၊ ရွှေစင်ရွှေတုံးသည် အဆိုပါ ကုန်စည် ၈၇ မျိုးတွင် မပါဝင်ပါကြောင်း၊ သို့ဖြစ်၍ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ သို့သော် ရွှေစင်ရွှေတုံးကို နိုင်ငံတကာတွင် ငွေကြေးကဲ့သို့ သတ်မှတ်အသုံးပြုလျက်ရှိပြီး အခွန်ကင်းလွတ်ခွင့်ဖြင့် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း ခွင့်ပြုထားသည့်အတွက် ရွှေဈေးတည်ငြိမ်နေပါကြောင်း။

ရွှေစင်ရွှေတုံးများကို အခွန်ကင်းလွတ်ခွင့်ပြုခြင်းအားဖြင့် ရွှေဈေးတည်ငြိမ်လာပြီး ရွှေထုတ်လုပ်သူများအနေဖြင့် နိုင်ငံတကာဈေးကွက်အတိုင်း ပြည်တွင်း၌ ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်ပါကြောင်း၊ အခွန်ကင်းလွတ်ခွင့်ပြုခြင်းဖြင့် နိုင်ငံတကာကဲ့သို့ ရွှေစင်ရွှေတုံးများကို ငွေကြေးကဲ့သို့ သုံးစွဲနိုင်သည့်ပစ္စည်းတစ်ခုအဖြစ် နိုင်ငံတော်တွင် ရပ်တည်လာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါ ရွှေကိုအခွန်ကောက်ခံသည့်အတွက် ပြည်သူလူထုမှာလည်း ရွှေဝယ်ယူမှုလျော့နည်းပါကြောင်း၊ ရွှေအရောင်းဈေးကွက်မှာလည်း ကျဆင်းလာပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဗိုလ်မှူးထင်လင်းဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမျိုးဝင်း၊ မွန်ပြည် နယ်မဲဆန္ဒနယ်အမှတ် (၇)မှ ဦးနိုင်သီဟ၊ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်းနှင့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးတို့က ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော **အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီက လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဦးထွန်းထွန်းဟိန်က ဖတ်ကြားတင်ပြရာ လွှတ်တော်က ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များအတိုင်း ပြည်ထောင်စုအစိုးရသို့ ပြန်လည်ပေးပို့ရန် ဆုံးဖြတ်သည်။

ယင်းနောက် **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍** မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ရှင်းလင်းတင်ပြရာ လွှတ်တော်က ယင်းအစီရင်ခံစာကို မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြည်ထောင်စု၏အရအသုံး စာရင်းများ စစ်ဆေးချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှုစစ်ဆေးခြင်းအပြင် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ဆေးဖော်ပြချက်များတွင် တင်ဒါခေါ်ယူခြင်း၊ ပစ္စည်းဝယ်ယူခြင်းလုပ်ငန်းများတွင် ထိရောက်ခိုင်မာသည့် စနစ်များဖြစ်ပေါ်လာစေရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို စံချိန်စံညွှန်းအတိုင်း ခိုင်ခံ့ပြီး ကုန်ကျသလောက် အကျိုးဖြစ်ထွန်းစေရန် အလေးထားဖော်ပြထားပါကြောင်း၊ လုပ်ငန်းစစ်ဆေးရာ၌ ကျွမ်းကျင်ဝန်ထမ်းအကန့်အသတ်ရှိခြင်း၊ လေ့ကျင့်သင်ကြားရေးအတွက် ဘတ်ဂျက်အကန့်အသတ်ရှိခြင်း၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းအတွက် ချဲ့ထွင်ဆောင်ရွက်ရာ၌ ပညာရပ်ဆိုင်ရာ အတွေ့အကြုံဗဟုသုတဖြည့်ဆည်းရန်လိုအပ်ခြင်း၊ သတင်းအချက်အလက်စုဆောင်းရန် အချိန်ပေးရခြင်း၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များအား တိုင်းတာရန်စံများ၊ မှတ်ကျောက်များ သတ်မှတ်ပြဋ္ဌာန်းထားမှုမရှိသေးပါကြောင်း၊ စာရင်းများစစ်ဆေးရာတွင် ၁၀၀ ရာခိုင်နှုန်း စစ်ဆေးနိုင်မှုမရှိဘဲ၊ လိုအပ်မှုနှင့် အရေးပါမှုကိုကြည့်ပြီး ကောက်နုတ်စစ်ဆေးခဲ့ပါကြောင်း။

အမျိုးသားစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်ရာတွင် ၂၀၁၅-၂၀၁၆ တွင် လယ်ယာနှင့် စက်မှုဝန်ဆောင်မှုကဏ္ဍတို့တွင် ယခင်နှစ်များထက် တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ သစ်တောနှင့် စွမ်းအင်ကဏ္ဍတို့တွင် အကောင်အထည်ဖော်မှုမှာ လျော့နည်းခဲ့ပါကြောင်း၊ အခွန်အကောက်ဥပဒေအပေါ် အကောင်အထည်ဖော်မှုတွင် ကုန်သွယ်ခွန်နှင့်၊ တံဆိပ်ခေါင်းခွန်များမှာ ယခင်နှစ်များထက်ပိုမိုရရှိခဲ့ပါကြောင်း ရှင်းလင်းတင်ပြပြီး ရသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှု၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ ၅ နှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု၊ ဘဏ္ဍာရေးနှစ် အဆက်ဆက်အကြွေးကျန်ရှိမှုနှင့် နိုင်ငံတော်ပိုင်ငွေနှင့် ပစ္စည်းများပျက်စီးဆုံးရှုံးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၉/၂၀၁၇)ကို ကော်မတီဝင် ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)ကရှင်းလင်းတင်ပြသည်။ အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။ **မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

## ကချင်ပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**မြစ်ကြီးနား  ဩဂုတ်  ၁**

ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်နှင့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၅၁ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မိုးညှင်းမြို့နယ်တွင် မီးသတ်စခန်း တစ်ခုသာရှိပြီး မီးသတ်ယာဉ်များအား ကြာရှည်စွာအသုံးပြုနိုင်သည့်နေရာ လုံလောက်မှုမရှိ၍ မီးသတ်ဦးစီးမှူးရုံးနှင့် ခရိုင်မီးသတ်စခန်း ဖွင့်လှစ်တည်ဆောက်ပေးရန် အစီ အစဉ်ရှိ/ မရှိမေးခွန်း၊ ဖားကန့်မြို့နယ်အတွင်း ဖွဲ့စည်းထားသော ယာဉ်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ရရှိသောငွေကြေးများကို မည်သည့်နေရာများတွင် သုံးစွဲနေကြကြောင်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ပွင့်လင်းမြင်သာစွာ ရှင်းပြပေးရန် အစီအစဉ်ရှိ/ မရှိမေးခွန်း၊ မိုးညှင်းမြို့နယ် ဟိုပင်ဒေသရွာသစ်ကြီးကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာနှင့် ဘုန်းကြီးစခန်းကျေးရွာချင်းဆက်လမ်းပေါ်ရှိ တကွင်းချောင်းကူးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ်ရှိ / မရှိ မေးခွန်းများအပါအဝင် မေးခွန်း ၁၃ ခုကို မေးမြန်းကြရာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

(ပြည်နယ် ပြန်/ဆက်)

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများ၏ တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ် အဖွဲ့များတွေ့ဆုံညှိနှိုင်း

**နေပြည်တော်  ဩဂုတ်  ၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy - CSA)များ၏ တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ တွေ့ဆုံညှိနှိုင်း အစည်းအဝေး(၄/၂၀၁၇)ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၇-၂၀၂၀) [Civil Service Reform Strategic Action Plan for Myanmar (2017-2020)] ပါ Focus Area လေးခုဖြစ်သည့် နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်မှုပုံစံသစ် (New Civil Service Governance)၊ အရည်အချင်းကို အခြေခံ၍ စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးသော အလေ့အထနှင့် စနစ်များ (Merit-based and Performance–drive Culture and Systems)၊ ပြည်သူဗဟိုပြု နိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန် ခေါင်းဆောင်မှုပေးနိုင်သည့် အရည်အသွေးများနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်ခြင်း (People-centered Civil Service Leadership and Capacity Development)၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု၊ တာဝန်ယူမှု(Transparency and Accountability in the Civil Service) တို့နှင့် ပတ်သက်သည့် စာတမ်းများ ဖတ်ရှုလေ့လာထားမှုအပေါ် ဌာနအလိုက် ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ ယင်းတင်ပြချက်အပေါ် ဗဟိုဝန်ထမ်းတက္ကသိုလ်ပညာရေး၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်စပ်၍ တက္ကသိုလ်အကြံပေးအဖွဲ့၊ အဖွဲ့ဝင်များက အကြံပြုတင်ပြခဲ့ကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့နှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော်  ဩဂုတ်  ၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ (CSO)နှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် သုတေသနလုပ်ငန်းများသည် အလွန်အရေးကြီးပါကြောင်း၊ လက်ရှိ မြန်မာနိုင်ငံသည် သုတေသနလုပ်ငန်းနှင့် ပတ်သက်ပြီး များစွာဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာနယ်ပယ်များက တိကျမှန်ကန်သည့် စာရင်းအင်းအချက်အလက်များ ရယူပြီး သုတေသနလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့လေ့လာဆန်းစစ်သည့် သုတေသနများကို ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်၏ လူမှုစီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးသည့်မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့် စီမံကိန်းများ ပေါ်ထွက်လာစေရန်ဖြစ်ပါကြောင်း။

မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) အနေဖြင့်လည်း ဗဟိုစာရင်းအင်းအဖွဲ့၏ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မူဘောင်၏ ရည်မှန်းချက်များကို အကဲဖြတ်ခြင်းနှင့် ညွှန်းကိန်းများကို တွက်ချက်ရာတွင် လည်းကောင်း ကူညီပံ့ပိုးပေးမည့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်သည့် သင်တန်းများကို အကူအညီအထောက်အပံ့ပေးပြီး သုတေသနလုပ်ငန်းများကို လေ့လာဆန်းစစ်ခြင်းနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဘောတူစာချွန်လွှာ သက်တမ်းမှာ ငါးနှစ်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးသည့် သုတေသနလုပ်ငန်းများကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန်အတွက် နှစ်ဖက်အဖွဲ့အစည်းက လိုအပ်သည့် သတင်းအချက်အလက်များ မျှဝေခြင်း၊ နည်းပညာပိုင်းဆိုင်ရာ ကူညီထောက်ပံ့ပေးခြင်း၊ သင်တန်းများပေးခြင်းနှင့် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်နှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) ဥက္ကဋ္ဌဦးမျိုးမြင့်တို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နားလည်မှုစာချွန်လွှာကို ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်နှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) အလုပ်အမှုဆောင် ဒါရိုက်တာ မင်းရဲပိုင်ဟိန်းတို့က လက်မှတ်ရေးထိုး လဲလှယ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



အခမ်းအနားသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာဖွံ့ဖြိုးမှု အဖွဲ့အစည်း (MDI) ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်ဒါရိုက်တာနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၁/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**
**ပြည်ထောင်စုဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း ကို ယင်း၏ သဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၂/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**
**ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မောတောင်နယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ မြန်မာလုပ်သား ၁၉၃၂ ဦးရှိ

**တနင်္သာရီ ဩဂုတ် ၁**

ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့် အထောက်အထားပါမစ်မရှိသည့် မြန်မာလုပ်သားများသည် ထိုင်းနိုင်ငံ ဒန်စင်ခွန်းနယ်စပ်ဖြတ်သန်းဂိတ်မှတစ်ဆင့် တနင်္သာရီမြို့နယ် မောတောင်နယ်စပ် စစ်ဆေးရေးဂိတ်သို့ ဇူလိုင်လနောက်ဆုံးပတ်အထိ ပြန်လည်ဝင်ရောက်လာသည့် စာရင်းမှာ အမျိုးသား ၁၀၄၁ ဦးနှင့် အမျိုးသမီး ၈၉၁ ဦး စုစုပေါင်း ၁၉၃၂ ဦးရှိပြီဖြစ်ကြောင်း မြို့မရဲစခန်းမှ သိရသည်။

**ပြန်လည်ရောက်ရှိ**

ယင်းသို့ ထိုင်းနိုင်ငံ၌ နေထိုင်ခွင့် အထောက်အထားမရှိ၍ မောတောင်နယ်စပ်စစ်ဆေးရေးဂိတ်သို့ ပြန်လည်ရောက်ရှိလာသူများသည် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်စသည့် ဒေသအသီးသီးမှ ဖြစ်ကြကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်လာသည့် မြန်မာအလုပ်သမားများအား နယ်မြေခံတပ်မှ ဒုဗိုလ်မှူးကြီး စိုးမင်းအောင်နှင့် အရာရှိများ၊ တနင်္သာရီမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထွန်းလှိုင်၊ မောတောင်မြို့အုပ်ချုပ်ရေးမှူး ဦးဇာနည်ဖြိုးထွန်းနှင့် ဝန်ထမ်းများ၊ မောတောင်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ရဲအုပ်မောင်မောင်နှင့် တပ်ဖွဲ့ဝင်များ၊ မောတောင်နယ်မြေရဲစခန်းမှ ရဲအုပ်အေးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မောတောင်မြို့ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်နှင့် ဝန်ထမ်းများ၊ စစ်ဘက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ ဒုတပ်ကြပ်တာဦး၊ လူကုန်ကူးမှုတားဆီးရေးအဖွဲ့ ရဲအုပ်ဇော်နေမင်း၊ မှူခင်းရဲတပ်ဖွဲ့မှ ရဲအုပ်သိန်းကျော်၊ မောတောင်သတင်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် ဖိုလ်ဖိုလ်အောင်၊ မောတောင်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး ဦးမိုးကျော်ဦးနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြပြီး နေရပ်ပြန်ရန်အခက်အခဲရှိသူများကိုလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

# ရာသီတုပ်ကွေးနဲ့ ပတ်သက်ပြီး မိမိကိုယ်တိုင်ကစပြီး ကြိုတင်ကာကွယ်ပါဆိုတဲ့ ဆောင်ပုဒ်နဲ့လုပ်ဆောင်သင့်

**သတင်းအဖွဲ့**

**နေပြည်တော် ဩဂုတ် ၁**

လက်ရှိဖြစ်ပွားနေသည့် ရာသီတုပ်ကွေးရောဂါ A(H1N1) pdm 09 နှင့်ပတ်သက်ပြီး ပြည်သူများ ပိုမိုကျယ်ကျယ် ပြန့်ပြန့်သိရှိစေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိသည်။

ရာသီတုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး နေပြည်တော် လယ်ဝေးမြို့ရှိပြည်သူ့ဆေးရုံကြီးတွင် အသိပညာပေး ဟောပြောပွဲတစ်ရပ်ကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ရာ တာဝန်ရှိသူများ၏ ကျန်းမာရေးအသိပညာပေးပြောကြားမှုများကို ဖော်ပြလိုက်ရပါသည်။

**ဒေါက်တာနန်းရှုပဟန်**
**(ဆေးရုံအုပ်၊ လယ်ဝေးမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံကြီး)**

ဒီဆေးရုံကြီးမှာတော့ ပြင်ပလူနာအနေနဲ့ ပြတာရှိတယ်။ အတွင်းလူနာအနေနဲ့ တင်တာရှိတယ်။ ပြင်ပလူနာအနေနဲ့လာပြရင်တော့ လူနာတွေကို တုပ်ကွေးလက္ခဏာတွေကို သေချာကြည့်ရှုပြီး ပြင်ပလူနာအနေနဲ့ပဲပြပြီး အိမ်ပြန်လွှတ်ရမလား၊ ဒါမှမဟုတ် ဆေးရုံတက်ကုသသင့်သလား ခွဲခြားပါတယ်။ တကယ်လို့ ပြင်ပလူနာအနေနဲ့ပဲကုသဖို့ လိုတယ်ဆိုရင် လိုအပ်တဲ့ကုသမှုတွေပေးပြီး ပြန်လွှတ်ပါတယ်။ အဲဒီလို ပြန်လွှတ်တဲ့နေရာမှာလည်း သူတို့အတွက် သိသင့်သိထိုက်တဲ့ ပညာပေးအစီအစဉ်တွေကို တစ်ခါတည်း ပြောပြပေးလိုက်ပါတယ်။ ဒီရောဂါဟာ အများသိပြီးဖြစ်တဲ့ ရာသီတုပ်ကွေးရောဂါပါ။ အသက်ရှူလမ်းကြောင်းကနေ ကူးစက်တတ်တဲ့ ရောဂါဖြစ်ပါတယ်။ တုပ်ကွေးဆိုတဲ့အတိုင်း ဖျားမယ်၊ နှာချေမယ်၊ ချောင်းဆိုးမယ်၊ လည်ချောင်းနာမယ်၊ နုံးခွေမယ် ဒီလိုလက္ခဏာတွေပြပါတယ်။ ရာသီတုပ်ကွေးနဲ့ပတ်သက်ပြီး မိမိကိုယ်တိုင်ကစပြီး ကြိုတင်ကာကွယ်ပါဆိုတဲ့ဆောင်ပုဒ်နဲ့ လုပ်ဆောင်သင့်ပါတယ်။

နှာစေး၊ ချောင်းဆိုးမယ်ဆိုရင် အုပ်ပြီးဆိုးစေချင်ပါတယ်။ ဒါမှသာ ရောဂါရှိနေတဲ့ လူဆီကနေ တခြားလူဆီကို မကူးမှာ ဖြစ်ပါတယ်။ ပြီးတဲ့အခါကျတော့ လက်ကိုဆေးရပါမယ်။ လက်ကို ဘာကြောင့် ဆေးရသလဲဆိုရင် တုပ်ကွေးရောဂါပိုးတွေက ကျွန်မတို့ရဲ့ ဘေးနားမှာရှိတဲ့ ကြားခံပစ္စည်းဖြစ်တဲ့ စားပွဲတို့၊ တံခါးလက်ကိုင်တို့မှာ နှာစေး၊ ချောင်းဆိုးတဲ့အချိန် မှာ အဲ့ဒီပိုးတွေ၊ ဗိုင်းရပ်စ်တွေက ရှိနေတတ်တယ်။ ခုနက ပစ္စည်းတွေကို ကိုင်မိမယ်၊ ပြီးရင် နှာခေါင်းကိုကိုင်မယ်၊ ပါးစပ်ကိုကိုင်မိမယ်ဆိုရင် အဲဒီကနေတစ်ဆင့် ကူးမှာစိုးတဲ့အတွက် လက်ကို သေချာဆေးသင့်ပါတယ်။



ဒေါက်တာနန်းရှုပဟန်



ဦးဝင်းမြင့်



ဒေါက်တာဖြူဖြူအေး

ပြီးရင် ကိုယ်ခံအားကောင်းအောင် နေသင့်ပါတယ်။ မက်စ်တပ်ထားတယ်ဆိုရင် ဒီဗိုင်းရပ်စ်ပိုးဟာ လုံးဝကာကွယ်နိုင်မယ်ဆိုတာ မဟုတ်ပါဘူး။ N95 မက်စ်ဆိုတာတောင်မှ ၉၅ ရာခိုင်နှုန်းပဲ ကာကွယ်တာပါ။ အဲဒါကိုတော့ ကျန်းမာရေးဝန်ထမ်းတွေ၊ ကျန်းမာရေးစောင့်ရှောက်ပေးတဲ့သူတွေက ပိုပြီးတော့ တပ်သင့်ပါတယ်။ ဆာဂျီကယ် မက်စ်က ခုနကပြောသလို ရောဂါခံစားနေရတဲ့သူတွေ၊ တုပ်ကွေးရောဂါဖြစ်နေတဲ့ သူတွေတပ်ထားရင် သူတို့ဆီကနေ တခြားသူတွေဆီကို ရောဂါပိုး မကူးစက်နိုင်ပါဘူး။

အခုရာသီတုပ်ကွေး ရောဂါဆိုပြီးတော့ လူတွေကြောက်လန့်နေကြတယ်။ သိပ်ပြီးတော့ မကြောက်ကြဖို့ကိုလည်း တိုက်တွန်းချင်ပါတယ်။ နောက်ပြီး မိမိကိုယ်တိုင်ကနေစပြီး ကာကွယ်ရမယ်ဆိုပြီးတော့လည်း တိုက်တွန်းချင်ပါတယ်။ အခုကျန်းမာရေး ပညာပေးဗီနိုင်းတွေ၊ ပိုစတာတွေကို လူစည်ကားတဲ့နေရာတွေမှာ တပ်ထားပါတယ်။ အဲဒါတွေကို ဖတ်ရှုပြီး တော့လည်း တစ်ဆင့်စကားနဲ့တစ်ဆင့် ပညာပေးလေးတွေ မျှဝေပေးဖို့ကိုလည်း တောင်းဆိုချင်ပါတယ်။

**ဦးဝင်းမြင့်**
**(လက်ထောက်ညွှန်ကြားရေးမှူး၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန)**

ကျွန်တော် ပြည်သူတွေကို ပြောချင်တာကတော့ လိုတိုရှင်းလေးပါ။ သူတို့နားထဲ မှတ်မိလွယ်အောင်နဲ့ အလွတ်မှတ်စေချင်တဲ့ သဘောပါပဲ။ "အုပ်၊ ပြာ၊ ရှောင်၊ ရေသောက်လို့၊ လုံလောက်စွာနားကြပါ၊ ဤရာသီ ဒီတုပ်ကွေးကင်းပစေရေး "ကဗျာလေးစပ်ထားပါတယ်။ ဒီအချက်တွေထဲက အုပ်၊ ပြာ၊ ရှောင် သုံးချက်က နှာချေ၊ ချောင်းဆိုးတဲ့သူတိုင်းဟာ လက်ကိုင်ပဝါ ဒါမှမဟုတ် တစ်ရှူး၊ တစ်ခါသုံးနှာခေါင်းစည်း တွေနဲ့ ပါးစပ်နဲ့နှာခေါင်းတို့ကို လုံအောင် ပိတ်ထားကြဖို့ပါပဲ။ ဖုံးအုပ်ထားကြဖို့ ဖြစ်ပါတယ်။ ဒါက အုပ်ပါ။ ပြာဆိုတာကတော့ အရေးအကြီးဆုံးပါ။ နှာခေါင်းစည်းထက် ပိုပြီးအရေးကြီးတာကတော့ လက်ဆေးခြင်းအလုပ်ပါပဲ။ လက်ဆေးခြင်းကပိုပြီး ကာကွယ်မှုပေးပါတယ်။ လက်ဆေးတဲ့အခါမှာ ဆပ်ပြာနဲ့ သေချာစွာဆေးကြောဖို့ လိုပါတယ်။ ဘယ်အရာဝတ္ထု ကိုမဆို ကိုင်တွယ်ပြီးတိုင်းပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်ရင် လူနာကို ကိုင်တွယ်ပြီးတိုင်းပဲဖြစ်ဖြစ် လက်ဆေးဖို့ မကြာခဏ လက်ကို သေချာဆေးကြောပေးဖို့ လိုအပ်ပါတယ်။ ဒါကတော့ ပြာပါ။ ရှောင်ဆိုတာကတော့ ကိုယ့်ကိုယ်ကိုယ် တုပ်ကွေး ရောဂါသံသယရှိတယ်လို့ ထင်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း မိသားစုနဲ့ နီးကပ်စွာနေထိုင်ခြင်းကို ရှောင်ကြဉ်ဖို့၊ နောက်တစ်ခါ ကျောင်း၊ ဈေး၊ လူထူထပ်တဲ့နေရာတွေကို ရှောင်ကြဉ်ဖို့လိုသလို ရောဂါမရှိသေးတဲ့ လူတွေအနေနဲ့လည်း လူထူထပ်တဲ့ နေရာတွေ၊ လူစုလူဝေးရှိတဲ့ နေရာတွေကို အတတ်နိုင်ဆုံး သွားရောက်ခြင်းက ရှောင်ကြဉ်ဖို့ဖြစ်ပါတယ်။ ဒါကတော့ အုပ်၊ ပြာ၊ ရှောင်ပါပဲ။

ရေသောက်လို့ ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ကိုယ်ခံအားစနစ်ကောင်းဖို့လိုပါတယ်။ အဲဒီလိုကောင်းချင်ရင်တော့ ဒီရာသီမှာ ကျွန်တော်တို့ရေများများသောက်ဖို့၊ များများစားဖို့၊ များများအိပ်ဖို့ စသည်ဖြင့် လိုအပ်ပါလိမ့်မယ်။ ကဗျာအရတော့ ရေသောက်ပါလို့ ပြောတာပါ။ နောက်တစ်ခုက လုံလုံလောက်လောက် အနားယူစေချင်ပါတယ်။ လုံလောက်စွာ အနားယူခြင်းကလည်းပဲ အင်အားကို ဖြစ်စေပါတယ်။ ဒါကြောင့် လုံလောက်စွာအနားယူပါလို့ ကျွန်တော့်အနေနဲ့ အကြံပြုချင်ပါတယ်။ ဒါမှသာ လျှင် ပြည်သူတွေမှတ်မိဖို့လည်း လွယ်မယ်။ နောက်တစ်ခါ ပညာပေးတဲ့သူတွေလည်း မှတ်မိလွယ်မှာဖြစ်ပါတယ်။

**ဒေါက်တာဖြူဖြူအေး**
**(ညွှန်ကြားရေးမှူး၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန)**

ဒီရာသီတုပ်ကွေးနဲ့ ပတ်သက်လို့ ကျွန်မတို့ ဆောင်ရွက်ထားတာကတော့ ပြည်သူလူထုထဲမှာ ကျန်းမာရေးအသိ ပညာတွေ၊ အထူးသဖြင့် လူထူထပ်တဲ့ နေရာတွေမှာ အသိပညာပေးဖို့အတွက် ဖြစ်ပါတယ်။ ပိုစတာသုံးမျိုး၊ လက်ကမ်းစာစောင်တစ်မျိုး ထုတ်ပြန်ထားပါတယ်။ ပိုစတာ ထဲမှာပါတဲ့ အဓိကအချက်တွေကို ပြည်သူလူထုသိစေချင်တဲ့ အပိုင်းက သုံးခုရှိပါတယ်။ နံပါတ်တစ်ကတော့ ဒီရာသီ တုပ်ကွေးအခုလို ကူးစက်နေတဲ့ အခြေအနေမှာ လူတိုင်းလူတိုင်း ချောင်းဆိုးတိုင်း ချောင်းဆိုးတိုင်းမှာ နှာခေါင်းနဲ့ ပါးစပ်ကို အုပ်ထားဖို့ပါ။ လက်ကိုင်ပဝါ၊ တစ်ရှူး၊ တစ်ခါသုံး မက်စ် အဲဒါတွေနဲ့ အုပ်ထားလို့ ရပါတယ်။ အဓိက ကတော့ မိမိနှာစေးချောင်းဆိုးလိုက်တိုင်း တစ်ဖက်သားကို မကူးစက်အောင် အသိလေးနဲ့ ကြိုတင်ကာကွယ်ဖို့ ဖြစ်ပါတယ်။ ဒုတိယတစ်ချက်ကတော့ လက်ဆေးဖို့ပါ။ ဒီလက်ဆေးတာက တော်တော်ကိုအရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ အားလုံးလည်းပဲ သိပြီးသားဖြစ်မှာပါ။ မကြာခဏ လက်ဆေးခြင်းက ရောဂါကိုကာကွယ်နိုင်တဲ့ အပိုင်းမှာ အဓိကကျတဲ့နေရာမှာ ပါဝင်ပါတယ်။ တတိယတစ်ချက်ကတော့ လူထူထပ်တဲ့နေရာတွေကို ရှောင်ဖို့ပါပဲ။ လူထူထပ်တဲ့နေရာတွေကို ရှောင်ခြင်းအားဖြင့် တစ်ယောက်နဲ့တစ်ယောက် ကူးစက်ပြန့်ပွားမှုကို ဟန့်တားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူလူထုကို အဓိကအသိပေးချင်တဲ့ အချက်ကတော့ အဲဒီသုံးချက်ပဲ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကျွန်မတို့ ကြိုတင်ကာကွယ်ရေး လုပ်ငန်းတွေဆိုတာ ကျန်းမာရေးဌာန တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ အခုဆိုရင် အထွေထွေအုပ်ချုပ်ရေးအပိုင်းကပါ၊ လွှတ်တော်အပိုင်းကရော နောက်ပြီး ပြည်သူလူထုအတွင်းမှာ အခြေပြုနေတဲ့ အဖွဲ့အစည်းတွေကရော ဒီကိစ္စကိုအာရုံစိုက်လာတာ ကျွန်မတို့အတွက် အလွန်ကောင်းတဲ့ လက္ခဏာဖြစ်ပါတယ်။ ဆက်ပြီးတော့လည်း အာရုံစိုက်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြဖို့ အထူးတိုက်တွန်းချင်ပါတယ်။ ။

**နှာခေါင်းစည်းထက်ပိုပြီး အရေးကြီးတာကတော့ လက်ဆေးခြင်းအလုပ်ပါပဲ။ လက်ဆေးခြင်းက ပိုပြီးကာကွယ်မှုပေးပါတယ်။ လက်ဆေးတဲ့အခါမှာ ဆပ်ပြာနဲ့ သေချာစွာ ဆေးကြောဖို့ လိုပါတယ်။**

# မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၇)ပြဋ္ဌာန်း

**မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၇)**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉။)**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၇)ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃-က တွင် -

(က) ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(1) Notwithstanding anything contained in any other laws except the Nay Pyi Taw Development Law, in the case of instruments (conveyance, gift and mortgage-deed) affecting immovable property situated wheresoever in the whole of the Republic of the Union of Myanmar, proper stamp duties charged by Articles 23, 33 and 40 (a) respectively of Schedule I annexed to this Act shall be increasedby an additional stamp duty of 2 per centum for a consideration equal to the market-value of the property so situated."

(ခ) ပုဒ်မခွဲ (၂) တွင်ပါရှိသော "The Ministry of Finance of the Union Government"ဆိုသည့် စကားရပ်ကို "The Ministry of Planning and Finance of the Union Government" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "to the Township Development Funds"ဆိုသည့်စကားရပ်ကို "to the respective Region or State Funds" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယား ၁၊ အမှတ်စဉ် (၁၅) တွင်ပါရှိသော "one and a half per centum" ဆိုသည့်စကားရပ်ကို "0.5 per centum" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၂၃) တွင်ပါရှိသော "Three per centum" ဆိုသည့်စကားရပ်ကို "Two per centum" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အမှတ်စဉ် (၃၅) (ဂ) တွင်ပါရှိသော "kyat 600" ဆိုသည့်စကားရပ်ကို "kyat 300" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အမှတ်စဉ် (၆၂) တွင်ပါရှိသော "0.3 per centum"ဆိုသည့်စကားရပ်ကို "0.1 per centum" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀ ။)**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ရေနံ**ဆိုသည်မှာ ဟိုက်ဒရိုကာဗွန်အရောအနှောဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ(Fossil Fuel)များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေနံစိမ်း (Crude Oil)၊ လေဆီ (Condensate)နှင့် သဘာဝဓာတ်ငွေ့ (Natural Gas) စသည်တို့ ပါဝင်သည်။

(ဂ) **ရေနံထွက်ပစ္စည်း**ဆိုသည်မှာ ရေနံအားချက်လုပ်ခြင်းမှ ထွက်ရှိလာသည့် ပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်ဆီ၊ ဓာတ်ပုံ့ဆီ၊ ဒီဇယ်ဆီ၊ လေယာဉ်ဆီ၊ ရေနံဆီ၊ မီးထိုးဆီ၊ စက်ဆီ၊ ချောဆီ၊ ဖိအားမြင့် သဘာဝဓာတ်ငွေ့ (Compressed Natural Gas-CNG)၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas-LNG)၊ ရေနံဓာတ်ငွေ့ရည် (Liquefied Petroleum Gas-LPG)၊ ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် ရောစပ်ထားသော ဇီဝလောင်စာဆီများ၊ ဖယောင်း၊ ကတ္တရာ စသည်တို့နှင့် ရေနံထွက်ပစ္စည်းအဖြစ် အခါအားလျော်စွာ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ပစ္စည်းများ ပါဝင်သည်။

(ဃ) **မီးလောင်မှတ် (Flash Point)** ဆိုသည်မှာ ရေနံသို့မဟုတ် ရေနံထွက်ပစ္စည်းမှ အငွေ့ဖြစ်ပေါ်ပြီး ပြင်ပမှတစ်နည်းနည်းဖြင့် မီးကူးစက်သည့်အခါ မီးလောင်ကျွမ်းမှု ချက်ချင်းဖြစ်ပေါ်စေနိုင်သည့် အနိမ့်ဆုံးအပူချိန်ကိုဆိုသည်။

(င) **ဘေးအန္တရာယ်ရှိသောရေနံ (Dangerous Petroleum)** ဆိုသည်မှာ မီးလောင်မှတ် ၇၆ ဒီဂရီဖာရင်ဟိုက် သို့မဟုတ် ၂၄.၄၄ ဒီဂရီစင်တီဂရိတ်နှင့် ယင်းအောက်နိမ့်သော အပူချိန်တွင် အလွယ်တကူ မီးကူးလောင်နိုင်သည့် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကိုဆိုသည်။

(စ) **ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်း** ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းများအား ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြတ်သန်းသယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားခြင်း၊ ချက်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းစသည့်လုပ်ငန်းများကို ဆိုသည်။

(ဆ) **ပြည်တွင်းသို့တင်သွင်းခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို မြန်မာနိုင်ငံအတွင်းသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်းစသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် တင်သွင်းခြင်းကို ဆိုသည်။

(ဇ) **ပြည်ပသို့တင်ပို့ခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ပြည်ပသို့ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း၊ ပိုက်လိုင်းစသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် တင်ပို့ခြင်းကို ဆိုသည်။

(ဈ) **သယ်ယူပို့ဆောင်ခြင်း (Transportation)** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကိုမြန်မာနိုင်ငံအတွင်း တစ်နေရာမှ အခြားတစ်နေရာသို့ နည်းလမ်းတစ်ရပ်ရပ်ဖြင့် သယ်ယူပို့ဆောင်ခြင်းကို ဆိုသည်။

(ည) **ဖြတ်သန်းသယ်ယူခြင်း(Transit)** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို မြန်မာနိုင်ငံနယ်နိမိတ်ကိုဖြတ်၍ နည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖြတ်သန်းသယ်ယူခြင်းကို ဆိုသည်။

(ဋ) **သိုလှောင်ခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို သတ်မှတ်ချက်များနှင့်အညီနေရာတစ်ခုခုတွင် ထားသိုခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော လမ်းကြောင်းဖြင့် သယ်ယူနေစဉ်အတွင်း ခေတ္တထားသိုခြင်းမပါဝင်။

(ဌ) **ချက်လုပ်ခြင်း** ဆိုသည်မှာ ရေနံကို ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးရရှိရန် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ချက်လုပ်ခြင်း သို့မဟုတ် ရောနှောခြင်း သို့မဟုတ် ပြုပြင်ပြောင်းလဲခြင်းကို ဆိုသည်။

(ဍ) **လက်ဝယ်ထားခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ စီမံခန့်ခွဲမှုအောက်တွင် ထားရှိခြင်းကိုဆိုသည်။

(ဎ) **ဖြန့်ဖြူးရောင်းချခြင်း** ဆိုသည်မှာ ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်းကို အဖိုးစားနားဖြင့် လွှဲပြောင်းခြင်းကိုဆိုသည်။

(ဏ) **စစ်ဆေးခြင်း** ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၏ အရည်အသွေးနှင့် အခြင်အတွယ်ကိုစစ်ဆေးခြင်း၊ ယင်းလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ စစ်ဆေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာ စစ်ဆေးခြင်းကို ဆိုသည်။

(တ) **စမ်းသပ်ခြင်း** ဆိုသည်မှာ ဤဥပဒေအရ ရေနံနှင့်ရေနံထွက်ပစ္စည်းများကို စမ်းသပ်ခြင်းကို ဆိုသည်။

(ထ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်း ဆောင်ရွက်သည့်နေရာတစ်ခုခုကိုစစ်ဆေးရန်နှင့်ထိုနေရာတွင် တွေ့ရှိသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးကို နမူနာယူပြီး စမ်းသပ်ရေးအရာရှိထံသို့ ပေးပို့ရန်အတွက် ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်ပေးအပ်ထားသောအဖွဲ့ကို ဦးဆောင်သည့် ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူအရာရှိကို ဆိုသည်။

(ဒ) **စမ်းသပ်ရေးအရာရှိ** ဆိုသည်မှာ ရေနံနှင့်ရေနံထွက်ပစ္စည်းများကို အရည်အသွေး စမ်းသပ်ရန်အတွက် ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန်ပေးအပ်ထားသော ရေနံနှင့်ရေနံထွက်ပစ္စည်း၊ အရည်အသွေးစမ်းသပ်ခြင်းဆိုင်ရာ ကျွမ်းကျင်သူ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်။

(ဓ) **စက်အားသုံးယာဉ်၊ စက်ယန္တရား** ဆိုသည်မှာ ဤဥပဒေအရ စက်အားရရှိရန် ရေနံထွက်ပစ္စည်း တစ်မျိုးမျိုးကို အသုံးပြုသည့် ယာဉ်၊ စက်ယန္တရားကိုဆိုသည်။

(န) **လိုင်စင်** ဆိုသည်မှာ ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်ရန်အလို့ငှာ ဤဥပဒေပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့အရ ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ပ) **ဂါလန်** ဆိုသည်မှာ ဗြိတိသျှစနစ်ဖြင့် ထုထည်ကို တိုင်းတာသည့် ယူနစ်ဖြစ်ပြီး တစ်ဂါလန်တွင် ၄.၅၄၆ (လေးဒသမငါးလေးခြောက်) လီတာရှိသည်။

(ဖ) **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကိုဆိုသည်။

(ဗ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တစ်ပါး ဤဥပဒေပါ ပြည်ထောင်စုအဆင့်ရှိ အခြားဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(ဘ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနကိုဆိုသည်။

(မ) **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ယ) **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ရ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(လ) **ဝန်ကြီး** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဝ) **ကော်မတီ** ဆိုသည်မှာ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ဥပဒေပြဋ္ဌာန်းချက်များ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်စေရန်၊

(ခ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်စေရန်၊

(ဂ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် လွတ်လပ်၍ မျှတသော ဈေးကွက်ယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက်စေရန်၊

(ဃ) နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်နှင့် စွမ်းအင်လုံခြုံရေး အာမခံချက်ရှိစေရန်၊

(င) နိုင်ငံတော်အတွက် အခွန်အခများရရှိစေရန်။

**အခန်း (၃)**
**ကော်မတီဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ စနစ်တကျ ထိန်းသိမ်းကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက်ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအပါအဝင် အဖွဲ့ဝင်အများဆုံး ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၅။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သက်ဆိုင်သည့်ပြည်ထောင်စုဝန်ကြီးဌာနအလိုက် တာဝန်ခံဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ဖွဲ့စည်းစေခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်စေခြင်းနှင့် လိုအပ်ပါက ထပ်ဆင့်ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း၊

(ဂ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်မှုရှိစေရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဃ) ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများကို ဤဥပဒေနှင့်အညီ လုပ်ကိုင်စေရေးအတွက် ထိန်းသိမ်းကြီးကြပ်ခြင်း၊

(င) ရေနံနှင့်ရေနံထွက်ပစ္စည်းများကို သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေး၊ အခြင်အတွယ် ပြည့်မီမှန်ကန်မှုရှိစေရေးထိန်းသိမ်းကြီးကြပ်ခြင်း၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ သက်ဆိုင်ရာအမိန့်နှင့်ညွှန်ကြားချက်များကိုဖြစ်စေ၊လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာဆောင်ရွက်ခြင်းမရှိသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူများအား လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် လမ်းညွှန်ကြီးကြပ်ခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆန်းစစ်လေ့လာခြင်းစာတမ်းဖတ်ပွဲ (၆/၂၀၁၇)ကျင်းပ

**နေပြည်တော် ဩဂုတ် ၁**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များအတွက် ဆန်းစစ်လေ့လာခြင်းစာတမ်း (၆/၂၀၁၇)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ဖတ်ကြားရာ ဆန်းစစ်တွေ့ရှိချက်များအရ Face-book လူမှုကွန်ရက်မီဒီယာသည် အချိန်တိုအတွင်း ပညာပေးမှုကို ပျံ့နှံ့အောင် ဆောင်ရွက်နိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုများ၊ သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်များ၊ ဟောပြောပွဲများ၊ အသိပညာပေးသင်တန်းများ၊ ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းသင်ကြားခြင်း စသည်တို့သည်လည်း အစဉ်အလိုက် အသိပညာပေးမှုများကို ပျံ့နှံ့စွာ ဆောင်ရွက်နိုင်ကြောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘာဝဘေးနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ပြည်သူများထံ အသိပညာရောက်ရှိရေးအတွက် ထိရောက်သောနည်းလမ်းများ ရှာဖွေဖော်ထုတ်ရန် အရေးကြီးကြောင်း၊ သုတေသနပြုလုပ်ခြင်း၊ လေ့လာဆန်းစစ်ချက် ဆောင်ရွက်ခြင်းများသည် ဝန်ကြီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော်မှုတွင် မရှိမဖြစ်အရေးကြီးပါကြောင်း၊ မိမိတို့၏ လေ့လာဆန်းစစ်ချက် မှတ်တမ်းများသည် နိုင်ငံကို ကိုယ်စားပြုသည်အထိ နည်းစနစ်ကျနစွာ ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ အခြားသောပညာ ရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများအတွက်လည်း အထောက်အထား၊ အချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့ပြီး ဝန်ထမ်းများကလည်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ယာပုံ)

(သတင်းစဉ်)



# Miss Myanmar International 2017 နောက်ဆုံးပြိုင်ပွဲ အလှမယ်သရဖူဆု စဝ်ယွန်းဝတီဦး ဆွတ်ခူး

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် ဩဂုတ် ၁**

Stellar Seven Entertainment က ကြီးမှူးပြီး Myanmar Tourism Federation ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော Miss Myanmar International 2017 နောက်ဆုံးပြိုင်ပွဲကြီးကို ယနေ့ ည ၈နာရီတွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပရာအလှမယ် သရဖူဆုကိုခါးနံပါတ် (၂၀) စဝ်ယွန်းဝတီဦးက ဆွတ်ခူးရရှိခဲ့သည်။

ယနေ့ကျင်းပသော Miss Myanmar International 2017 နောက်ဆုံးပြိုင်ပွဲကြီးတွင် Winner ဆု အပါအဝင် အလှမယ် Title ဆု စုစုပေါင်းခြောက်ဆု ရွေးချယ်ချီးမြှင့်ခဲ့ရာအလှမယ် သရဖူ Winner ဆုကိုခါးနံပါတ် (၂၀) စဝ်ယွန်းဝတီဦးက ရရှိခဲ့ပြီး 1st Runner Up ဆုကိုခါးနံပါတ် (၅) ထွန်းပုလဲရတနာကလည်းကောင်း၊ 2nd Runner Up ဆုကိုအိကေဇင်သန်းလည်းကောင်းရရှိခဲ့သည်။ အခြား Title ဆုများဖြစ်သည့် Miss Popular ဆုကိုခါးနံပါတ်(၂၂) အလှမယ် စိုးရတနာထွန်း၊ Miss Congeniality ဆုကိုခါးနံပါတ် (၁၂)အလှမယ်မေလီစန်းအောင်နှင့် Miss Photogenic ဆုကို ခါးနံပါတ် (၁၅) အလှမယ် မိုးသဥ္ဇာလွင်တို့က အသီးသီးဆွတ်ခူးရရှိခဲ့သည်။



**သရဖူဆုရှင် အလှမယ် စဝ်ယွန်းဝတီဦး၊1st Runner Up နှင့် 2nd Runner Up တို့အား ဆုယူအပြီးတွေ့ရစဉ်။**

ဆဋ္ဌမအကြိမ်မြောက် ကျင်းပသည့် ယနေ့ Miss Myanmar International 2017 နောက်ဆုံး ပြိုင်ပွဲတွင် ခါးနံပါတ် (၁) အိကေဇင်သန်း၊ ခါးနံပါတ်(၂) အာခေါင်နန်း၊ ခါးနံပါတ် (၃) ထက်အိန္ဒြာနိုင်၊ ခါးနံပါတ် (၅) ထွန်းပုလဲရတနာ၊ ခါးနံပါတ် (၆) အင်ကြင်းမေ၊ ခါးနံပါတ် (၁၁) မာရင်ခေါင်လင်း၊ ခါးနံပါတ် (၁၂)မေလီစန်းအောင်၊ ခါးနံပါတ် (၁၃) မေသက်ကျော်၊ ခါးနံပါတ် (၁၄) မော်ရင်လု၊ ခါးနံပါတ် (၁၅) မိုးသဥ္ဇာလွင်၊ ခါးနံပါတ် (၁၆) နန်းချောအိသိန်း၊ ခါးနံပါတ် (၁၈) ပန်းဆုဝေ၊ ခါးနံပါတ် (၂၀) စဝ်ထွန်းဝတီဦး၊ ခါးနံပါတ် (၂၁)ဆာခေါင်စံမြတ်အောင်၊ ခါးနံပါတ် (၂၂) စိုးရတနာထွန်း၊ ခါးနံပါတ် (၂၃) စုထက်ထက်၊ ခါးနံပါတ် (၂၅) သိမ့်ဇာခြည်ညွန့်၊ ခါးနံပါတ် (၂၆) သူထက်စုညွန့်၊ ခါးနံပါတ် (၂၉) ယုယုထွန်းနှင့် ခါးနံပါတ် (၃၀) စျန်လွန်းသီတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ Miss Myanmar International 2017 ပြိုင်ပွဲတွင် Winner ဆုရှင်အား ပြိုင်ပွဲဦးဆောင်ကျင်းပသော Stellar Seven Entertainment က Crown နှင့် ဆုငွေကျပ်သိန်း ၁၀၀၊ 1st Runner Up ဆုရှင်အားငွေကျပ် သိန်း ၆၀၊ 2nd Runner Up ဆုရှင်အား ငွေကျပ်သိန်း ၄၀ တို့ကိုချီးမြှင့်ပေးခဲ့ပြီး အခြား Title ဆုရအလှမယ်များအား စပွန်ဆာနှင့် Partnership အဖွဲ့တို့က ငွေသားကျပ်များနှင့် အခြားဆုများထပ်ဆောင်းဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။


Miss Myanmar International 2017 နောက်ဆုံးပြိုင်ပွဲမှ Winner ဆုရရှိသောအလှမယ်(စဝ်ယွန်းဝတီဦး) မှာ လာမည့် နိုဝင်ဘာ ၁၄ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပသော Miss International 2017 ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါပြိုင်ပွဲသို့ ဆဋ္ဌမမြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် Miss International ပြိုင်ပွဲသို့ ၂၀၁၂ခုနှစ်မှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ယင်းပထမဆုံးနှစ်တွင် အလှမယ် သရဖူဆုရှင် နန်းခင်ဇေယျာ၊ ၂၀၁၃ ခုနှစ်တွင် အလှမယ် ဂုဏ်ရည်အေးကျော်၊ ၂၀၁၄ ခုနှစ်တွင် မေဘဏီသော်၊ ၂၀၁၅ ခုနှစ်တွင် အမရာငြိမ်းနှင့် ပြီးခဲ့သော ၂၀၁၆ခုနှစ် ပြိုင်ပွဲတွင် အလှမယ် အင်ကြင်းထူးတို့က မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

## ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသည့် အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိစေရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းက ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်းရှာဖွေတွေ့ရှိခဲ့သည့် အနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်း စက်လှေ နှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ လေယာဉ်တာယာဘီးတစ်လုံးအပါအဝင် ကိုယ်ထည်အစိတ်အပိုင်း ၁၀ ခုအား ထပ်မံရှာဖွေတွေ့ရှိဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## မုတ်သုံလေအားအသင့်အတင့်ရှိ

**နေပြည်တော် ဩဂုတ် ၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

(မိုး/ဇလ)

## မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်း အဖွဲ့တို့ ပူးတွဲကျင်းပသည့် ကလေးစာပေပြိုင်ပွဲ ဆုရရှိသူများထုတ်ပြန်ကြေညာ

**ရန်ကုန် ဩဂုတ် ၁**

အာရှနိုင်ငံများအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသော ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association - SVA) နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း (Myanmar Writers Association-MWA) တို့ ပူးတွဲပြီး မြန်မာနိုင်ငံရှိ ကလေးများစာဖတ်ရှုနိုင်မှုတင်ရေးနှင့် အရည်အသွေးမြင့်မားသည့် ကလေးစာပေများထွက်ပေါ်နိုင်ရေး ရည်ရွယ်၍ ကလေးစာပေပြိုင်ပွဲကို “ မြတ်နိုးချစ်ခင်ပတ်ဝန်းကျင်” ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့သည်။

ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများမှာ အသက် (၃)နှစ်မှ (၅)နှစ်အရွယ် ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်း သရုပ်ဖော်စာမူပြိုင်တွင် ဒေါ်ဥမ္မာကြူ (ဥမ္မာကြူ) ရေးဆွဲသရုပ်ဖော်သည့် “မြတ်နိုးချစ်ခင်ပတ်ဝန်းကျင် ”စာမူက ပထမ၊ အသက် (၆)နှစ်မှ (၈)နှစ်အရွယ် ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူပြိုင်ပွဲတွင် ထွန်းထွန်းဝင်းရေးဆွဲသရုပ်ဖော်သည့် “ မြတ်နိုးချစ်ခင်ပတ်ဝန်းကျင်” စာမူက ပထမ၊ အသက် (၉)နှစ်မှ (၁၁)နှစ်အရွယ်ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူပြိုင်ပွဲတွင် ဦးမောင်မောင်ဦး (MGU) ရေးဆွဲသရုပ်ဖော်သည့် “မြတ်နိုးချစ်ခင်ပတ်ဝန်းကျင်” စာမူကပထမဆုကို ရရှိကြောင်းနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆုရရှိသည့် စာမူများကို စာအုပ်အဖြစ်လည်းကောင်း၊ ရုပ်ပြပန်းချီကားချပ်အဖြစ် လည်းကောင်း ပုံနှိပ်ထုတ်ဝေပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှတစ်ဆင့် နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များသို့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံစာရေးဆရာအသင်း စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ်(၈) ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးကျင်းပသည့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုရေးသားနည်း အခြေခံလမ်းညွှန် သင်တန်း အမှတ်စဉ် (၈)ကို စက်တင်ဘာ ၁ ရက် မှ ၃၀ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို လယ်တွင်းသားစောချစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ မနုဿကျော်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ ချစ်နိုင် (စိတ်ပညာ)၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ စလင်းဘုန်းကျော်၊ မောင်စိမ်းနောင်(လယ်ဝေး)၊ သန်လျင်မောင်မောင်ဦး၊ မစန္ဒာ၊ ကြူကြူသင်း၊ မနှင်းဖွေး၊ မမိုးမြေ၊ မြတ်စိုး(လှိုင်)၊ မော်ဝန်းကြည်မြတ်၊ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ မောင်စိုးထိုက် (သုံးဆယ်)၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)၊ သျှီ(အင်ကြင်း)၊ ပုသိမ်အောင်သန်းဦးတို့က သင်ကြားပို့ချကြမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် သင်တန်းကြေး ငွေကျပ် ၂၀၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး အသက် ၁၆နှစ်ပြည့်ပြီးသူဖြစ်ကာ သင်တန်းမှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာရမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် ဩဂုတ် ၂၀ ရက် နောက်ဆုံးထားပြီး ဓာတ်ပုံသုံးပုံနှင့်အတူ လျှောက်လွှာပုံစံ ဝယ်ယူတင်သွင်းနိုင်ကြောင်း၊ သင်တန်းသားအရေအတွက် ကန့်သတ်ထားသဖြင့် သတ်မှတ်ထားသော ရက်ကာလထက် နောက်ကျတင်သွင်းလာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းရုံး အမှတ် (၁၇၃/၁၇၅)(၇)လွှာ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သတင်းစာရှင်းလင်းပွဲကျင်းပ

**စစ်တွေ ဩဂုတ် ၁**

ရခိုင်ပြည်နယ်အရေးသည် ပြည်နယ်တစ်ခု၏ အရေးမဟုတ်တော့ဘဲ တစ်နိုင်ငံလုံးအပြင် နိုင်ငံတကာအရေးနှင့် ဆက်စပ်သည့်အတွက် အခက်အခဲစိန်ခေါ်မှုများစွာဖြင့် ဆောင်ရွက်နေရပါကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောကြားခဲ့သည်။ **(ယာပုံ)**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပထမတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ပြည်သူ့အတွက် ပထမတစ်နှစ်တာ သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ(၁)တွင် ကျင်းပစဉ် ပြည်နယ်ဝန်ကြီးချုပ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။




ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာကြသည့် သတင်းမီဒီယာများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများကလည်း ပြည်နယ်၏အခြေအနေ အကြောင်းအရာများကို သိသင့်သလောက် သိထားကြမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာသမားများအနေဖြင့် ပြည်နယ်အစိုးရ၏ တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြုသဘောဆောင်သည့် မေးမြန်းအကြံပြုချက်များဖြင့် မေးမြန်းဆွေးနွေးကြစေလိုကြောင်း၊ ယခုလို ရှင်းလင်းပွဲမပြုလုပ်မီ ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ သွားရောက်ပြီး ပြည်သူများနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ပြည်သူများကလည်း မိမိတို့၏လုပ်ဆောင်ခဲ့မှုများကို အားရကျေနပ်မှုရှိခဲ့ပါကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် ပြီးပြည့်စုံအောင် မလုပ်ဆောင်နိုင်သေးပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ မူဘောင်များဖြင့် အဂတိတရားကင်းရှင်းစွာ လုပ်ဆောင်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ကလည်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဦးဆောင်ပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ပြည်ထောင်စုဝန်ကြီးများအားလုံး ကော်မတီတွင် ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူများ၏ လိုအပ်ချက်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေ ၃ ဒသမ ၆၅ ဘီလီယံဖြင့် ပြည်သူများလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်းနှင့် ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်သူများပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သတင်းမီဒီယာများ လွတ်လပ်စွာသတင်းရယူရေးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တိကျမှန်ကန်သည့် သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရေးတို့ကို မေးမြန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

သတင်းစာရှင်းလင်းပွဲသို့ ရခိုင်ပြည်နယ်အခြေစိုက် RFA၊ Eleven Media၊ DMG၊ EPA၊ Roma Time Media၊ နိရဥ္စရာ သတင်းဌာန၊ ရခိုင်ဂေဇက်၊ MRTV / NRC၊ SKY NET တို့မှ သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ကစ္ဆပနဒီ(၂)ရေယာဉ် စစ်တွေမြို့သို့ရောက်ရှိ မကြာမီ စတင်ပြေးဆွဲမည်

**စစ်တွေ ဩဂုတ် ၁**

ဂျပန်နိုင်ငံက ပေးအပ်လှူဒါန်းသော ကစ္ဆပနဒီ(၂) ရေယာဉ်သည် စစ်တွေမြို့သို့ ဇူလိုင် ၂၉ ရက်က ရောက်ရှိခဲ့ပြီး မကြာမီ ရခိုင်ပြည်နယ်အတွင်း စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကစ္ဆပနဒီ(၂)ရေယာဉ်မှာ ကျောက်ဖြူမြို့သို့ ဇူလိုင် ၂၅ ရက်က ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် စစ်တွေမြို့သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ "ကျောက်ဖြူ မြို့ကို ဇူလိုင် ၂၅ ရက် ည ၇ နာရီခွဲက ရောက်တယ်၊ နောက်တစ်နေ့မှာ သင်္ဘောနဲ့အတူပါလာတဲ့ ဂျပန်နိုင်ငံမှ ကျွမ်းကျင်သူတွေက ရေချပေးခဲ့ကြတယ်။ ဇူလိုင် ၂၉ ရက်နေ့မှာ စစ်တွေမြို့ကို ရောက်ရှိခဲ့ပြီး ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ လာရောက်ကြည့်ရှုစစ်ဆေးခဲ့တယ်။ ရေယာဉ်မြန်နှုန်းကတော့ တစ်နာရီလျှင် ၂၅ မိုင်နှုန်းရှိပြီး ခရီးသည် ၆၆ ဦး သယ်ယူပို့ဆောင်နိုင်မယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းမန်နေဂျာ ဦးတင်ဝင်းက ပြောသည်။

ဆက်လက်၍ ၎င်းက "လောလောဆယ်တော့ စစ်တွေ-မြောက်ဦး ခရီးစဉ်အတွက် လျာထားပါတယ်၊ အတိအကျတော့ မဟုတ်သေးဘူး၊ သတ်မှတ်ထားတာပါ၊ အချိန်ရတာနဲ့အမျှ အခြားခရီးစဉ်တွေကိုလည်း တိုးချဲ့ပြေးဆွဲသွားဖို့ ရှိပါတယ်၊ ဈေးနှုန်းကတော့ အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆောင်ရွက်ပေးသွားမယ်"ဟု ပြောသည်။

ရေယာဉ်စတင်ပြေးဆွဲမည့်ရက်အား ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားရယူကာ ဒေသအခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်မှုများပြုလုပ်၍ ပြေးဆွဲသွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း လိုအပ်လျက်ရှိသော ဒေသများအတွက် ဖြည့်စွက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ယခုပြေးဆွဲပေးမည့် ကစ္ဆပနဒီ(၂) ရေယာဉ်အတိုင်းအတာမှာ (၁၉ ဒသမ ၉၅ မီတာ × ၅ ဒသမ ၄ မီတာ × ၁ ဒသမ ၉ မီတာ)၊ ရေစူး ၀ ဒသမ ၈၆ မီတာရှိပြီး အလူမီနီယံကိုယ်ထည်ဖြင့် တည်ဆောက်ထားခြင်း ဖြစ်၍ ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ရေယာဉ်သုံးစင်းတွင် ဒုတိယမြောက်ရေယာဉ်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ဘူးသီးတောင်မြို့နယ်၌ ရာသီတုပ်ကွေးရောဂါ ပညာပေးလုပ်ငန်းများဆောင်ရွက်

**ဘူးသီးတောင် ဩဂုတ် ၁**

ဘူးသီးတောင်မြို့နယ်တွင် (H1N1) ရာသီတုပ်ကွေးရောဂါကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဘူးသီးတောင်မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။



စောင့်ကြည့်စစ်ဆေးခြင်းအနေဖြင့် အဖျားရောဂါပြင်းထန်မှု၊ နှာစေးချောင်းဆိုးပြင်းထန်မှု၊ အဆုတ်အအေးမိရောဂါပြင်းထန်မှုများကို စုံစမ်းစစ်ဆေးပြီး ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အထိ အသက်ရှုလမ်းကြောင်းတွင် ဖြစ်ပွားသည့် ရောဂါများဖြစ်ပွားမှု မတွေ့ရှိရသေးကြောင်း၊ သို့သော် ပြည်သူများ မစိုးရိမ်ရအောင် ကျန်းမာရေးအသိပညာပေးခြင်းအနေဖြင့် ပိုစတာများ၊ ဗီနိုင်းများဖြင့် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဘူးသီးတောင်မြို့နယ်ပြည်သူ့ဆေးရုံမှ ဒေါက်တာသန်းထွန်းကျော်က ပြောသည်။

"H1N1 ရောဂါဟာ ကာကွယ်လို့ရတဲ့၊ ကုသလို့ရတဲ့ ရောဂါဖြစ်ပါတယ်။ ဘာမှစိုးရိမ်စရာမလိုပါဘူး။ သံသယရှိတဲ့ လူနာတွေကို စောင့်ရှောက်ကုသမှုပေးသွားမှာဖြစ်ပါတယ်"ဟု ဒေါက်တာသန်းထွန်းကျော်က ပြောသည်။

ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံသည် ခုတင်(၅၀)ဆံ့ ဆေးရုံဖြစ်ပြီး စုစုပေါင်း ကျန်းမာရေးဝန်ထမ်း ၁၅၇ ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနေသည့်ဆေးရုံတစ်ခုဖြစ်သည်။

ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံအနေဖြင့် ကာကွယ်၍ရသည့် ရောဂါများကို ကာကွယ်ဆေးထိုးပြီး ကာကွယ်ထိန်းချုပ်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးမှုအနေဖြင့် နိုင်ငံတော်အစိုးရက ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ တိုက်ကျွေးရန်သတ်မှတ်ထားသော်လည်း ဒေသအခြေအနေနှင့် လူဦးရေထူထပ်မှုကြောင့် ဇူလိုင် ၁၆ ရက်မှ စတင်တိုက်ကျွေးခဲ့သည့်အတွက် ရာနှုန်းပြည့်နီးပါး အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သွေးလွန်တုပ်ကွေး ကာကွယ်တားဆီးရေးလုပ်ငန်များအနေဖြင့်လည်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအနေဖြင့်လည်း တောင်ပေါ်ဒေသကျေးရွာများအထိ ခြင်ဆေးဖျန်းခြင်း၊ ဆေးစိမ်ခြင်ထောင်များ ပေးအပ်ခြင်းစသည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ- အေဝမ်းစိုး၊ မျိုးသူဟိန်း**

## ရေတိုက်စား၍ တံတားကြမ်းခင်းနိမ့်ကျသွားသော မဟဲချောင်းတံတားနေရာတွင် ဘေလီသံပေါင်တံတားအစားထိုးတည်ဆောက်ပြီး၍ ယာဉ်များစတင်ဖြတ်သန်း




**မြိတ် ဩဂုတ် ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း (ပြည်ထောင်စု)လမ်းမပေါ် ဘုတ်ပြင်းမြို့နယ် တောင်ဒဂုံဆီအုန်းခြံအနီးရှိ မဟဲချောင်း RC တံတား ၅၂ ပေသည် ဇူလိုင် ၂၆ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလယ်တိုင်နှစ်တိုင် ရေတိုက်စားပြီး နိမ့်ကျ၍ တံတားကြမ်းခင်းနိမ့်ကျခဲ့ရာ ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ရေးအတွက် တံတားအထူးအဖွဲ့(၁၃)မှ ယင်းRCတံတားနေရာတွင် ဘေလီသံပေါင်တံတားအဖြစ် အချိန်မီအစားထိုးတည်ဆောက်ပြီးဖြစ်၍ ယနေ့နံနက်ပိုင်းမှစ၍ မော်တော်ယာဉ်များ စတင်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

မဟဲချောင်းတံတားသည် ဇူလိုင် ၂၆ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ည ၁၁ နာရီခွဲတွင် ရေလယ်တိုင်နှစ်တိုင် ရေတိုက်စားပြီး နိမ့်ကျ၍ တံတားကြမ်းခင်းနိမ့်ကျမှုကြောင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍မရဘဲ လမ်းပန်းဆက်သွယ်မှု ခေတ္တပြတ်တောက်ခဲ့ရကြောင်း၊ တံတားကျိုးသည့်နေရာတွင် လူနှင့်ဆိုင်ကယ်များသွားလာနိုင်ရေး ယာယီတံတားဆောင်ရွက်ပေးခဲ့ပြီး မော်တော်ယာဉ်များအား ဆီအုန်းခြံလမ်းလွှဲမှ ယာယီသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေး၍ RC တံတားနေရာတွင် ဘေလီသံပေါင်တံတားအဖြစ် အချိန်မီအစားထိုးတည်ဆောက်ခဲ့ကြောင်း တံတားအထူးအဖွဲ့(၁၃)မှ သိရသည်။

အစားထိုးတည်ဆောက်ခဲ့သည့် ဘေလီသံပေါင်တံတားမှာ အရှည် ပေ ၁၂၀ရှည်ပြီး ချဉ်းကပ်လမ်း မြေဖို့ဆောင်ရွက်ခြင်း၊ တံတားဘီးလမ်းတွင် ကတ္တရာခင်းခြင်း၊ တံတားအောက်ပိုင်းကြံ့ခိုင်ရေးများကို တံတားအထူးအဖွဲ့(၁၃)နှင့် ကော့သောင်းခရိုင်လမ်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြရာ ဇူလိုင် ၃၁ ရက် ညပိုင်းတွင် လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးခဲ့ကြောင်း တံတားအထူးအဖွဲ့(၁၃)မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ကျော်စိုးက ပြောသည်။ အစားထိုးတည်ဆောက်ပေးခဲ့သော ဘေလီသံပေါင်တံတားကို ဩဂုတ် ၁ ရက် နံနက် ၇ နာရီမှစတင်၍ မော်တော်ယာဉ်များစတင်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးသယ်ဆောင်လာသူသုံးဦးက သေနတ်ဖြင့်ပစ်ခတ်ခုခံခဲ့သော်လည်း ပူးပေါင်းအဖွဲ့မှ ပိတ်ဆို့ဖမ်းဆီးနိုင်ခဲ့

**ကော့ကရိတ် ဩဂုတ် ၁**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်လာသောယာဉ်ကို ပူးပေါင်းအဖွဲ့မှ ပိတ်ဆို့ဖမ်းဆီးစဉ် မောင်းပြန်သေနတ်ဖြင့် ငါးချက်ပြန်လည်ပစ်ခတ်ခုခံသော်လည်း ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့်အတူ လက်နက်ခဲယမ်းနှင့် လက်ပစ်ဗုံးတစ်လုံးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၁ ရက်က ဘားအံခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်သက်စိုးဦး ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဘားအံ-မြဝတီကားလမ်း ကော့ကရိတ်မြို့နယ် ရေပူကြီးကျေးရွာအုပ်စု ညီညာသာလင်းကျေးရွာ အောင်ချမ်းသာကျောင်းအနီး၌ စောင့်ဆိုင်းနေစဉ် ကျုံဒိုးမြို့ဘက်မှ ယာဉ်မောင်းစောထိကွေ့(ခ)ထွန်းရီမောင်းနှင်ပြီး ယာဉ်ပေါ်တွင် ရဲမင်း(ခ)ကမ္ဗီးနှင့် စောအောင်မြင့်တို့ လိုက်ပါလာသော နံပါတ်မပါ HONDA FIT ယာဉ်ကို ရပ်တန့်စစ်ဆေးရာ စစ်ဆေးမခံဘဲ သေနတ်ဖြင့် ငါးချက်ပြန်လည်ပစ်ခတ်ခုခံ၍ ယာဉ်ကို မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံပိတ်ဆို့ ဖမ်းဆီးခဲ့ပြီး ယာဉ် နှင့်လူတို့ကို ရှာဖွေစစ်ဆေးခဲ့ရာ စောအောင်မြင့်ထံမှ ကျည်အိမ်အသင့် တပ်ထားပြီး ၅.၅၆ ကျည်ရှစ်တောင့် အသင့်ထည့်ထားလျက် ကျည်ဘောက်ပါ M16 အမျိုးအစား မောင်းပြန်သေနတ် အရှည်တစ်လက်၊ ရဲမင်း(ခ)ကမ္ဗီးထံမှ ဖြူးအသင့်တပ်ထားသော 91 အမျိုး အစား လက်ပစ်ဗုံး တစ်လုံးနှင့် လက်နက်ခဲယမ်းများ၊ ယာဉ်ပေါ်မှ ကပ်ခွာအိတ်များဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၀၀၀ ပြား (အလေးချိန် ၁၀၀ ဂရမ်ခန့်) ကာလတန်ဖိုးငွေကျပ် သိန်းသုံးဆယ်ခန့်နှင့် ဆေးရှူရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။

ထို့ကြောင့် လက်နက်ကိုင်ဆောင်၍ မူးယစ်ဆေးဝါးသယ်ဆောင်လာသော ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် နဘူးကျေးရွာအုပ်စု နို့ထီးလယ်ကျေးရွာ နေသူများဖြစ်သည့် စောထိကွေ့(ခ)ထွန်းရီ (၂၈ နှစ်)၊ ရဲမင်း(ခ) ကမ္ဗီး (၄၁ နှစ်)၊ စောအောင်မြင့် (၅၀ နှစ်)တို့ သုံးဦးအား ကျုံဒိုးနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**

# မောင်တောမြို့နယ်၌ အစွန်းရောက်အကြမ်းဖက်သမားများ လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၁**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် ပန်းတောပြင်ကျေးရွာအုပ်စု အနောက်ရွာ၌ ယနေ့ မွန်းလွဲပိုင်းက အစွန်းရောက်အကြမ်းဖက်သမားများ လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၃နာရီခန့်က ပန်းတောပြင်ကျေးရွာ အုပ်စု အနောက်ရွာ၌ မိုင်းပေါက်ကွဲသည့် အသံကြားရသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ ယင်းကျေးရွာနေ မဒီလ်ပါးလ် (၆၀ နှစ်) ၏ နေအိမ်တွင် အိမ်ရှေ့ဝရန်တာ မီးလောင်ထားသည်ဟု ယူဆရသည့် ကြမ်းခင်း ၃ ပေ ပတ်လည်ခန့် ကျိုးပဲ့နေခြင်း၊ မျက်နှာကြက်မိုးထားသည့် ပိတ်စ ၁၀ ပေ ပတ်လည်ခန့် မီးလောင်နေခြင်းများ တွေ့ရှိခဲ့ရကြောင်း။



နေအိမ်အတွင်းစစ်ဆေးရာ ပစ္စတို ကျည် နှစ်တောင့်၊ ယမ်းဟုယူဆရသည့် ၂၅ ကျပ်သားခန့်ရှိ အထုပ်နှစ်ထုပ်၊ မိုင်းပြုလုပ်ရာတွင် အသုံးပြုသည်ဟု ယူဆရသည့် ခာတ်မြေသြဇာစေ့ အညိုရောင် ၁၀ ပိဿာခန့်၊ ဆေးထိုးပြွန်တွင် ယမ်းထည့်ထားပြီး ဝိုင်ယာကြိုးစ နှစ်စ ထုတ်ထားသော စနက်တံဟု ယူဆရသည့် စနက်တံ သုံးခု၊ ၁၀ ပေခန့် နန်းကြိုးခွေ တစ်ခွေ၊ ခဲဘောစေ့ နှစ်လုံး၊ ခဲဂေါက်ဝရိန်တစ်ခု၊ ဒစ်ဂျစ်တယ်ဗို့တိုင်း မီတာ တစ်ခု၊ မီးကပ်တိတ် အနက်ရောင် တစ်ခွေ၊ ယမ်းကြိတ်ရာတွင် အသုံးပြုသည်ဟု ယူဆရသည့် လေးထောင့်ကျောက်ပြင် တစ်ခု၊ ပေ ၁၅၀ ခန့်ရှိ အဖြူရောင်မီးကြိုး တစ်ခွေနှင့် မိုင်းပြုလုပ်ရာတွင် တွက်ချက်ထားသည့် မှတ်တမ်းစာအုပ်တစ်အုပ် တို့ကိုတွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး ပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၃၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆၅ စီး၊ သွင်းကုန် ၅၇၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၇၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက်က မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ISUZU ခြောက်ဘီးယာဉ်တစ်စီးနှင့် Nissan UD ၁၂ ဘီးယာဉ်တစ်စီးတို့ကို သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Composite Board အပြား ၄၀၀၊ Rice Cooker(1×12) (50)Pkgs၊Steel Kettle(1×40) (23) Pkgs ၊ Steel Food Carrier (1×40) (40)Pkgs စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၅၆၀ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘားအံနှင့်ကသာမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁**
ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၁ ရက်က ဘားအံမြို့နယ် ကော့သံခါကျေးရွာအုပ်စု ကော့သံခါကျေးရွာနေ မချိုချိုမာ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် လမ်းခွကျေးရွာ မီးရထားသံလမ်းကူးအနီး၌ ခင်မောင်စိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# မသင်္ကာသူသုံးဦးအား ဆိုင်ကယ်သုံးစီးနှင့်အတူ ဖမ်းဆီးရမိ

**ငဖဲ ဩဂုတ် ၁**
မင်းဘူး-အမ်းကားလမ်း မိုင်တိုင်အမှတ်(၅၀/၄)မိုင်ရှေ့တွင် ယနေ့ နံနက် ၅ နာရီ ၁၀ မိနစ်က ငဖဲမြို့နယ် ဂုတ်ကြီးရဲကင်းစခန်းမှူး ရဲအုပ်ကျော်မျိုးနှင့်ပူးပေါင်းအဖွဲ့သည် ရခိုင်ပြည်နယ် အမ်းမြို့နယ်ဘက်မှငဖဲမြို့နယ် ပဒါန်းကျေးရွာဘက်သို့ အရှိန်ဖြင့် မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးလျှင် နောက်မှတစ်ဦးစီ တင်ဆောင်လာသော ဆိုင်ကယ်သုံးစီးကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်စီးလာသူများမှာ ဆိုင်ကယ်များကိုရပ်ပြီး တောထဲသို့ထွက်ပြေးသဖြင့် နောက်မှလိုက်လံဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ဖမ်းဆီးရမိသူများအားစစ်မေးရာ ကျော်လင်း(ခ)ငမင်းနှင့် ဖိုလ်ကာန်တို့နှစ်ဦး၊ ငမောင်(ခ)မောင်ဟားနှင့် အဘူဟာအူဘာတို့နှစ်ဦး၊ ခင်မောင်နှင့် မောင်သန်းဌေး(ခ) အနူဝါရှားတို့သည် ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ ငဖဲမြို့နယ် ပဒါန်းကျေးရွာဘက်သို့ ဆိုင်ကယ်များဖြင့် သယ်ဆောင်လာခြင်းဖြစ်ကြောင်းသိရပြီး ၎င်းတို့အား ငဖဲမြို့မ ရဲစခန်းတွင် အမှုဖွင့်အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 4D/7034 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖခင်အမည်မှန်**
ရမည်းသင်းမြို့နယ်၊ ငှက်သိုက်အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မောင်ကျော်ဇင်ထက်၏ဖခင် ဦးဝင်းဘို၏ အမည်မှန်မှာ ဦးဝင်းဗိုလ် ၉/ရမသ(နိုင်)၀၀၃၄၉၅ ဖြစ်ပါကြောင်း။
**ဦးဝင်းဗိုလ်**

**ကန့်ကွက်နိုင်ပါသည်**
ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့်တာဝတိံသာလမ်းထောင့်၊ မဟာဗန္ဓုလစီမံကိန်းအိမ်ရာ၊ တိုက်အမှတ် စီ၊ အခန်းအမှတ် ၇၀၃/စီ ၏ တိုက်ခန်းအမည်ပေါက်မှာ ဒေါ်နန်းဝိုးဖက် ၁၃/တကန(နိုင်)၁၂၅၁၉၆ ဖြစ်ပါသည်။ အဆိုပါအခန်း အမည်ပေါက် ဒေါ်နန်းဝိုးဖက်မှ မူရင်းပိုင်ဆိုင်မှုစာအုပ် လက်ဝယ်ရရှိခဲ့ခြင်းမရှိသဖြင့် အခန်းပိုင်ဆိုင်မှုအတွက် မိတ္တူမှန်(Owner Book) ထုတ်ယူခွင့်ပြုပါရန် စာရွက်စာတမ်းအထောက်အထားများဖြင့် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ (၂)၊ နေပြည်တော်သို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းပိုင်ဆိုင်မှုမိတ္တူမှန်(Owner Book) ထုတ်ပေးရန်အတွက် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
**အိမ်ရာ(၂)**
**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ဖခင် အမည်မှန်**
ရမည်းသင်းမြို့နယ်၊ ငှက်သိုက် အထက(ခွဲ) မဂျူးဂျူးလှိုင်၊ မောင်စောသဲလေးနှင့် မနှင်းပွင့်ဖြူတို့၏ဖခင် ဦးမင်းဒင်၏ အမည်မှန်မှာ ဦးစောမင်းဒီယာ ၃/သတန(နိုင်)၀၁၀၄၀၉ ဖြစ်ပါကြောင်း။
**ဦးစောမင်းဒီယာ**

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ)
အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဩဂုတ်လ(၅/၇/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ကန့်ကွက်နိုင်ပါကြောင်း**
ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်၊ မြို့မဈေး၊ ဈေးရုံ ၂ (ဃ)၊ ဆိုင်ခန်းအမှတ်(၂၃)ကို မူလဆိုင်ခန်းရှင် ဦးဟန်ဝင်းအောင်+ဦးမာမတ် အမည်ပေါက်မှ ဦးမျိုးဝင်း အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ တင်ပြကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ ကန့်ကွက်လွှာတင်ပြလာခြင်းကို လက်ခံဆောင်ရွက်မည်မဟုတ်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆိုင်ခန်းအမည်ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
**ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၊ မြေကွက်အမှတ် ၄၆၆/က၊ မြေကွက်တည်နေရာ ၄၆၆/က၊ မဟာမြိုင်လမ်း၊ ၉ ရပ်ကွက်၊ ရွှေပြည်သာ ဦးမြသန်း (CE-၀၇၀၅၄၂) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြသန်း (CE-၀၇၀၅၄၂)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ခိုင် ၉/ညဥန(နိုင်)၁၄၆၁၉၅ မှ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ခွင့်ပြုထုတ်ပေးထားသော ပါမစ်မိတ္တူမှန်မူရင်းတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**
**စာသင်ကျောင်းများအတွက် စာသင်ခုံများဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောင်းစာသင်ခုံများ ဝယ်ယူရန်ရှိပါသဖြင့် စိတ်ဝင်စားသည့် ပြည်တွင်းမြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များမှ စာရင်းတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (ပြည်လမ်းနှင့် အလုံလမ်းထောင့် လွှတ်တော်ရုံးဝင်း)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါရောင်းချမည့်ရက်** - ၃-၈-၂၀၁၇
**တင်ဒါဖွင့်ဖောက်မည့်ရက်** - ၂-၉-၂၀၁၇
၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၁-၂၃၁၇၅၃၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**
**အလုံလမ်း၊ ရန်ကုန်မြို့**

**အများသိစေရန်ကြေညာခြင်း**
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ(၆)လမ်း၊ အမှတ် ၄၃၁/ကနေ ဒေါ်စန်းအေး(TKA-၀၄၁၃၃၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။
ကွယ်လွန်သူ ဖခင်ဦးဝေလီနှင့် မိခင်ဒေါ်သန်းမြတို့သည် (၁)ဒေါ်ခင်ငြိမ်း (၂)ဒေါ်လှလှဝင်း (၃)ဒေါ်အုန်းမြိုင် (၄)ဒေါ်စန်းအေး (၅)ဦးသန်းဝင်း(ကွယ်လွန်) (၆)ဒေါ်မြင့်မြင့်စန်း (၇)ဦးမိုးဇော် (၈)ဦးမိုးကျော် (၉)ဦးသန်းဇော် (ကွယ်လွန်) စသည့် သားသမီး (၉)ဦးတို့အား မွေးဖွားခဲ့ပြီး မိခင်၊ ဖခင်တို့ကွယ်လွန်ချိန်တွင် မိခင်ဒေါ်သန်းမြ အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ(၆)လမ်း၊ အမှတ်-၄၃၁/က၊ အကျယ်အဝန်း အလျား ၁၀ပေ×အနံ ၆၀ပေ မြေကွက်နှင့် နေအိမ်မှာ အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရှိခဲ့ပါသည်။ အဆိုပါအမွေဆိုင်ပစ္စည်းအပေါ် ဦးမိုးဇော်၏ တောင်းဆိုမှုကြောင့် ဒေါ်စန်းအေးမှ ဦးမိုးဇော်ရရှိမည့် အမွေအခွင့်အရေးအား စိုက်ထုတ်ပေးအပ်ပြီးဖြစ်ပါ၍ မိခင်၊ ဖခင်များ ကျန်ရှိခဲ့သော အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်သည် ဦးမိုးဇော်နှင့် သက်ဆိုင်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ** — **LL.B,LL.M(Civil Law)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၉၀)**
**ဒေါ်ရီရီဝင်း** — **LL.B** — **အထက်တန်းရှေ့နေ(စဉ်-၃၉၀၅၃)**
**အမှတ်-၅/က၊ မြင်တော်သာလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ဖုန်း-၀၉-၇၃၁၁၅၉၆၀**

**ဖခင် အမည်မှန်**
ရမည်းသင်းမြို့နယ်၊ ထီးလှိုင်ကျေးရွာအုပ်စု ဈေးကုန်းကျေးရွာနေ မောင်ဖြိုးသူရ၏ဖခင် ဦးမောင်လေး၏ အမည်မှန်မှာ ဦးဇော်လွင် ၉/ရမသ(နိုင်)၁၂၅၀၉၁ဖြစ်ပါကြောင်း။

**ကယားပြည်နယ်အစိုးရအဖွဲ့**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**(ကယားပြည်နယ်စက်မှုလယ်ယာဦးစီးဌာန)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ကယားပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း မြေလွတ်မြေရိုင်းကုန်းမြင့်လယ်ယာ (၂၄၈)ဧက ဖော်ထုတ်ခြင်းလုပ်ငန်းအား အောက်ဖော်ပြပါဒေသများတွင် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု | ဖော်ထုတ်မည့်ဧက | Lotအမှတ် |
|---|---|---|---|---|
| (၁) | လွိုင်ကော် | ပါလောင်း | ၁၅၀ | ၁ |
| (၂) | ဒီမော့ဆို | ဒေါတမကြီး | ၉၈ | ၂ |

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် မြေလွတ်မြေရိုင်းကုန်းမြင့်လယ်ယာဖော်ထုတ်မည့် လုပ်ငန်းအစီအစဉ်များကို ဒီဇိုင်းပုံစံများနှင့်တကွ အသေးစိတ်ရေးဆွဲတွက်ချက်၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ တင်ပြရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၃-၈-၂၀၁၇ရက်မှစတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၅-၉-၂၀၁၇ ရက် ၁၆း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းကြရမည်ဖြစ်ပါသည်။
၄။ တင်ဒါလျှောက်လွှာပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာမှာ ပြည်နယ်ဦးစီးဌာနမှူးရုံး၊ စက်မှုလယ်ယာဦးစီးဌာန၊ လွိုင်ကော်မြို့ဖြစ်ပါသည်။
၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၈၃-၂၂၂၂၀၆၅ နှင့် ၀၉-၅၆၀၀၅၃၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**တင်ဒါကော်မတီ**

# အစိုးရအဖွဲ့အတွင်းရှိဝန်ကြီးများအား အပြောင်းအလဲလုပ်မည်ဟု ရှင်ဇိုအာဘေးကြေညာ

**တိုကျို ဩဂုတ် ၁**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် လက်ရှိအာဏာရပါတီ၏ခေါင်းဆောင်ပိုင်းနှင့် အစိုးရအဖွဲ့အတွင်းရှိဝန်ကြီးများအား လာမည့်ကြာသပတေးနေ့တွင် နေရာအပြောင်းအလဲ ပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း ကြေညာခဲ့သည်ဟု သိရသည်။

အင်္ဂါနေ့တွင်ပြုလုပ်ခဲ့သည့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဝင်များ၏ အမှုဆောင်အရာရှိများ တွေ့ဆုံဆွေးနွေးမှုအတွင်း ဝန်ကြီးချုပ်က ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

လက်ရှိအစိုးရအဖွဲ့ကိုဩဂုတ် ၃ ရက်တွင် ခန့်အပ်မှုပြုလုပ်ခဲ့ပြီးတစ်နှစ်အကြာတွင် အသစ်ပြန်လည်ပြောင်းလဲခန့်အပ်မှုများ ပြုလုပ်ရန် ရည်ရွယ်ထားခဲ့ကြောင်း အာဘေးက ပြောကြားခဲ့သည်။ အကြီးတန်းပါတီဝင်များသည် အာဘေးအားလွတ်လပ်စွာ ပြန်လည်ခန့်အပ်ခွင့်ပေးရန် သဘောတူညီခဲ့ကြကြောင်း ဖော်ပြထားသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ အတွင်းရေးမှူးချုပ် တိုရှီဟီရိုနီကိုင်က နေရာပြောင်းလဲခန့်အပ်မှုများပြုလုပ်မည့် အာဘေး၏ ဆုံးဖြတ်ချက်ကို အတည်ပြုထောက်ခံကြောင်း ပြောကြားခဲ့သည်။

ပြည်သူများသည် ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် ထင်မြင်ယူဆချက် မျိုးစုံထွက်ပေါ်လျက်ရှိနေသည်ဖြစ်ရာ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအနေဖြင့်လည်း သတိထားရှောင်ကြဉ်ရမည့်အချက်များကို ဂရုပြုရန်လိုအပ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**




# ဒုက္ခသည်များကို နှိပ်စက်မှုဖြင့် တူရကီတပ်ဖွဲ့ဝင်များကို တရားစွဲမည်

**အန်ကာရာ ဩဂုတ် ၁**

တူရကီတပ်ဖွဲ့ဝင်အချို့အား ဆီးရီးယားနိုင်ငံရှိ ဒုက္ခသည်များကို ညှဉ်းပန်းနှိပ်စက်သဖြင့် ဖမ်းဆီးလိုက်ပြီး အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း တူရကီစစ်ဘက်ဆိုင်ရာ ညွှန်ကြားကွပ်ကဲရေးဌာနချုပ်မှ ကြေညာချက်တစ်စောင်မကြာသေးမီက ထုတ်ပြန်လိုက်သည်။

တူရကီနိုင်ငံ တောင်ပိုင်းဟာတေပြည်နယ် နယ်စပ်ဒေသ၌ တူရကီတပ်ဖွဲ့မှ လှည့်ကင်းဆောင်ရွက်နေစဉ်အတွင်း တူရကီနိုင်ငံသို့ တရားမဝင်ဝင်ရောက်ရန် ကြိုးပမ်းနေသော ဆီးရီးယားဒုက္ခသည် လေးဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ထို့နောက် ယင်းဒုက္ခသည်များကို ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။



သို့သော်လည်း ဖမ်းဆီးမှုအတွင်း ဒုက္ခသည်များကို ကန်ကျောက်ခဲ့ကြပြီး ထိုးနှက်မှုများပြုလုပ်ခဲ့သည်ကို တပ်ဖွဲ့ဝင်တစ်ဦးရိုက်ယူခဲ့သော လက်ကိုင်ဖုန်း၏ ရုပ်သံဖိုင်ထဲတွင် တွေ့မြင်ခဲ့ရကြောင်း၊ အဆိုပါ ဗီဒီယိုဖိုင်မှာလည်း လူမှုကွန်ရက်တွင် ပျံ့နှံ့သွားပြီး ဝေဖန်မှုများစွာဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ပြုလုပ်ခဲ့သည့် တူရကီတပ်ဖွဲ့ဝင် လေးဦးအား ဒုက္ခသည်များကို ညှဉ်းပန်းနှိပ်စက်မှုဖြင့် တရားစွဲဆိုလိုက်ကြောင်း သိရသည်။

တူရကီတပ်ဖွဲ့ဝင်များသည် ဒုက္ခသည်များကို နှိပ်စက်ညှဉ်းပန်းခြင်းသည် တူရကီနိုင်ငံတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ပျက်စီးစေသောကြောင့် စစ်ဘက်ဆိုင်ရာအနေဖြင့် စုံစမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဆီးရီးယားဒီမိုကရက်တစ်အင်အားစုများ ရက္ကာတောင်ပိုင်းသို့ ထပ်မံထိုးစစ်ဆင်ဝင်ရောက်လာ

**ရက္ကာ ဩဂုတ် ၁**

အမေရိကန် ကျောထောက်နောက်ခံပေးထားသည့် ဆီးရီးယားဒီမိုကရက်တစ်အင်အားစုများသည် အိုင်အက်စ်စစ်သွေးကြွများ ထိန်းချုပ်ထားသည့် ရက္ကာမြို့၏ တောင်ပိုင်းအိမ်နီးချင်းဒေသကို အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ထိုးစစ်ဆင်လျက်ရှိသည်။

အမေရိကန်ဦးဆောင်သည့် မဟာမိတ်အဖွဲ့က အရှေ့ဘက်ဆီမှ အင်အားတိုးမြှင့်ဝင်ရောက်လာသည့် ဆီးရီးယားဒီမိုကရက်တစ်တိုက်ခိုက်ရေး အင်အားစုများသည် အနောက်ဘက်မှ ချီတက်လာနေသည့် အဖွဲ့ဝင်များနှင့် မီတာသုံးရာအကွာအဝေးအတွင်းရှိနေသည်ဟု ပြောကြားသည်။ အဆိုပါ အင်အားစုများသည် နေ့စဉ်နှင့်အမျှ အောင်ပွဲများရရှိနေသည်ဟု မဟာမိတ်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ဆီးရီးယား ဒီမိုကရက်တစ်အင်အားစုသည် ရက္ကာမြို့ကို အပြီးသိမ်းပိုက်နိုင်ရန် အမေရိကန်က ကျောထောက်နောက်ခံပေးလျက်ရှိသည့် စစ်ဆင်ရေးကို ဇွန်လအစောပိုင်းက စတင်ခဲ့ခြင်းဖြစ်သည်။

ဆီးရီးယား၌ အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ချုပ်ကိုင်ထားသည့် မြေပေါ်သို့ ထိုးစစ်ဆင်လာမှုသည် ပြီးခဲ့သည့်လကအိုင်အက်စ်စစ်သွေးကြွများအား နှိမ်နင်းတိုက်ခိုက်အောင်မြင်ခဲ့သည့် မိုဆူးလ်စစ်ဆင်ရေးအပြီး ထပ်မံဝင်ရောက်လာခြင်းဖြစ်သည်။

အရှေ့ဘက်ဆီမှ ချီတက်လာသည့် ဆီးရီးယားဒီမိုကရက်တစ် အင်အားစုများနှင့် အနောက်ဘက်၌ ကျန်ရှိနေသေးသည့် အင်အားစုများအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည့် လမ်းသွယ် အနည်းငယ်သာခြားသည်ဟု ကာ့ဒ်မျိုးနွယ်စုအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

**(ရိုက်တာ)**




# အယ်လ်ဂျီးရီးယားမြောက်ပိုင်းတွင် အကြမ်းဖက်နှိမ်နင်းရေးစစ်ဆင်မှုအတွင်း အကြမ်းဖက်သမား ခြောက်ဦးကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့

**အယ်လ်ဂျီးယား ဩဂုတ် ၁**

အယ်လ်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ ပြုလုပ်ခဲ့သော အကြမ်းဖက်နှိမ်နင်းရေးစစ်ဆင်မှုများအတွင်း အကြမ်းဖက်သမား ခြောက်ဦးကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အကြမ်းဖက်မှုနှိမ်နင်းရေးတပ်ဖွဲ့သည် မြို့တော်အယ်လ်ဂျီးယားအနောက်ပိုင်း ကီလိုမီတာ ၆၀ အကွာအဝေးရှိ တစ်ပါဇာပြည်နယ်တွင် အကြမ်းဖက်နှိမ်နင်းရေး ဆောင်ရွက်နေစဉ်အတွင်း အကြမ်းဖက်သမားခြောက်ဦးကို ပစ်ခတ်ရှင်းလင်းနိုင်ခဲ့သလို လက်နက်ခဲယမ်းများကိုလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

အယ်လ်ဂျီးရီးယားအစိုးရသည် ဇူလိုင် ၂၃ ရက်မှစကာ အကြမ်းဖက်နှိမ်နင်းမှုများကို စတင်ဆောင်ရွက်ခဲ့ရာ ထိုအတောအတွင်း အကြမ်းဖက်သမားအချို့ကို ရှင်းလင်းနိုင်ခဲ့သလို လက်နက်အများအပြားလည်း သိမ်းဆည်းမိကြောင်း၊ အကြမ်းဖက်သမားများ ပုန်းခိုရာစခန်းများကိုလည်း ဖျက်ဆီးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် နှိမ်နင်းရေးများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

အယ်လ်ဂျီးရီးယားအစိုးရသည် နိုင်ငံအတွင်းရှိ အကြမ်းဖက်အဖွဲ့အစည်းများကို ထိရောက်စွာနှိမ်နင်းခဲ့သော်လည်း အယ်လ်ခိုင်ဒါနှင့် အိုင်အက်စ်အကြမ်းဖက်အဖွဲ့သစ္စာခံလက်နက်ကိုင်အချို့သည် နိုင်ငံမြောက်ပိုင်းရှိ တောင်တန်းဒေသတွင် လှုပ်ရှားနေဆဲဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# မက္ကဆီကို သတင်းသမားတစ်ဦး ကယ်လီဖိုးနီးယားပြည်နယ်၌ အသတ်ခံရ

**မက္ကဆီကိုစီးတီး ဩဂုတ် ၁**

မက္ကဆီကိုလူမျိုးသတင်းသမားတစ်ဦးဖြစ်သူ ရီဗာရာသည် ကယ်လီဖိုးနီးယားပြည်နယ် ရိုစာရီတိုမြို့ရှိ အရက်ဘားတစ်ခုတွင် ယမန်နေ့က အသတ်ခံခဲ့ရကြောင်း သိရသည်။

သေဆုံးသူမှာ အသက် ၃၃ နှစ်ရှိ ပြည်တွင်းရုပ်သံလိုင်း စီအင်န်အာရ်တီဗွီနိုတီရှာမှ အယ်ဒီတာတစ်ဦးဖြစ်ရုံသာမက အပြင်သတင်းဝက်ဘ်ဆိုက်တစ်ခုအတွက် သတင်းထောက်လုပ်ကိုင်ပေးနေသူတစ်ဦးဖြစ်ပြီး နယ်စပ်မြို့ဖြစ်သည့် တူဂျူအာနန်မြို့မှ ၁၆ ကီလိုမီတာ အကွာရှိ ရိုစာရီတိုမြို့တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသေဆုံးမှုဖြင့် အယ်လ်ဖရာဒိုအင်န်အမည်ရှိ အမျိုးသားတစ်ဦးကို တက္ကစီကားအတွင်း လက်နက်သယ်ဆောင်သွားလာမှုဖြင့် ဖမ်းဆီးထားကြောင်း သိရသည်။

သေဆုံးသူသတင်းထောက်ဦးခေါင်းတွင် သေနတ်ကျည်ဆန်ထိမှန်ခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားခဲ့ကြောင်း၊ သံသယရှိသူအား ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ ပြည်တွင်း၌ ဖြစ်ပွားနေသော အခြေအနေတည်ငြိမ်မှုမရှိခြင်းနှင့် လုံခြုံရေး အားနည်းသောကြောင့် ယခုကဲ့သို့ အသတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

မက္ကဆီကို နိုင်ငံတွင် မတ်လကတည်းက အသတ်ခံရသည့် သတင်းသမားမှာ ၎င်းအပါအဝင် ယခုဆိုလျှင် ရှစ်ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# သတင်းထိမ်ချန်မှု ဂယက်နှင့် ဂျပန်နိုင်ငံရေးအရှုပ်အထွေး



**ကလျာမိုးမြင့်**

**ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာ ဂျပန်ကာကွယ်ရေးဝန်ကြီးတိုမိုမီအီနာဒါဟာ ရာထူးကနေ နုတ်ထွက်သွားခဲ့ပါတယ်။ တောင်ဆူဒန်မှာဆောင်ရွက်နေတဲ့ ဂျပန်နိုင်ငံရဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလှုပ်ရှားဆောင်ရွက်မှုတွေနဲ့ ပတ်သက်တဲ့ တပ်ပိုင်းဆိုင်ရာသတင်းအချက်အလက်တွေပါဝင်တဲ့ သတင်းတွေကိုထိမ်ချန်ထားမှုနဲ့ ပတ်သက်ပြီး ရာထူးကနေ နုတ်ထွက်သွားခဲ့တာဖြစ်ပါတယ်။**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအနေနဲ့ ၎င်းရဲ့နာမည်ဂုဏ်သတင်းကျဆင်းပြီး လူထုထောက်ခံမှုလျော့နည်းလာနေချိန်အတွင်းမှာ ၎င်းရဲ့အစိုးရအဖွဲ့အတွင်းမှာရှိနေတဲ့ ဝန်ကြီးတွေကိုနေရာအပြောင်းအလဲလုပ်ဖို့ ပြင်ဆင်နေချိန်မှာ အခုလိုဖြစ်ပျက်သွားခဲ့တာပါ။ "ပေါ်ပေါက်လာတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးတစ်ယောက်အနေနဲ့ ကျွန်မမှာလုံးဝတာဝန်ရှိတယ်လို့ခံစားရတယ်။ဒီအတွက်ရာထူးကနေဆင်းဖို့ ကျွန်မဆုံးဖြတ်လိုက်ပါပြီ"လို့ အီနာဒါက သောကြာနေ့တွင် သတင်းစာရှင်းလင်းပွဲတစ်ခုမှာ သတင်းထောက်တွေကိုဖြေကြားခဲ့ပါတယ်။ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးကလည်း ၎င်းရဲ့နုတ်ထွက်မှုကိုသဘောတူလက်ခံခဲ့ပါတယ်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေး လူထုထောက်ခံမှုနှုန်းကျဆင်းလာရခြင်းရဲ့အကြောင်းရင်းဟာ ကာကွယ်ရေးဝန်ကြီးအီနာဒါကြောင့်ဖြစ်တယ်ဆိုတာကို ဆန္ဒမဲရလဒ်တွေကညွှန်ပြခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့ အဓိက အတိုက်အခံပါတီခေါင်းဆောင် ဖြုတ်ချခံရပြီး တစ်ရက်အကြာမှာပဲ အီနာဒါရဲ့ နုတ်ထွက်မှု ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။

ဂျပန်နိုင်ငံရဲ့ နိုင်ငံရေးအခြေအနေတွေဟာ အကြီးအကျယ်ဖရိုဖရဲဖြစ်နေတဲ့ အနေအထားနဲ့ ရင်ဆိုင်နေရတယ်လို့ တိုကျိုမြို့ ဆိုဖီယာတက္ကသိုလ်က နိုင်ငံရေးသိပ္ပံပါမောက္ခကွိုင်ချီနာကာနိုက မှတ်ချက်ချခဲ့ပါတယ်။ အာဘေးအစိုးရအဖွဲ့ဟာလည်း ချောင်ပိတ်မိနေတဲ့အခြေအနေမျိုးဖြစ်ပြီး ဝန်ကြီးတွေကို အပြောင်းအလဲလုပ်ဖို့ လုံးပန်းနေတယ်။ အဓိကအတိုက်အခံပါတီကလည်း ဦးဆောင်သူကင်းမဲ့နေတယ်။

လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေမှာအတွေ့အကြုံနည်းပါးလှတဲ့ ကာကွယ်ရေးဝန်ကြီး အီနာဒါဟာ ပြီးခဲ့တဲ့နှစ်က ရာထူးနေရာအပြောင်းအလဲပြုလုပ်တဲ့ကာလအတွင်းမှာ ဝန်ကြီးတစ်ဦးအဖြစ်ခန့်အပ်ခံလိုက်ရချိန်ကစပြီး ဝေဖန်ထိုးနှက်မှုတွေအောက်ကို ကျရောက်ခဲ့ရပါတယ်။ လူမှုရေးအရ အနှောင့်အယှက်ဖြစ်စေမယ့် အပြောအဆိုမှားယွင်းမှု၊ အပြုအမူလွဲမှားမှုတွေကလည်း ၎င်းအပေါ်ကျရောက်နေတဲ့ဖိအားတွေကို ပိုမိုများပြားလာစေခဲ့တာလို့ ဆိုရမှာပါ။

အီနာဒါနုတ်ထွက်သွားပြီးနောက်မှာ နိုင်ငံခြားရေးဝန်ကြီးဖူမီအိုကီရှိဒါဟာ ကာကွယ်ရေးဝန်ကြီးဖြစ်လာနိုင်တယ်လို့ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ကာကွယ်ရေးဝန်ကြီး တိုမိုမီအီနာဒါနုတ်ထွက်သွားအောင် ဖန်တီးလိုက်တဲ့ မီးစဟာ တောင်ဆူဒန်မှာဖြစ်ပွားနေတဲ့ တိုက်ခိုက်မှုတွေနဲ့ ပတ်သက်ပြီး ကာကွယ်ရေးအစီရင်ခံစာတစ်စောင်ပေးပို့မှုကနေ အစပြုခဲ့တယ်လို့ အချို့က ဝေဖန်သုံးသပ်ပါတယ်။ ဒီအစီရင်ခံစာနဲ့ပတ်သက်ပြီးအငြင်းပွားမှုတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဂျပန်ဟာ ၎င်းရဲ့ငြိမ်းချမ်းရေးထိန်းသိမ်းဆောင်ရွက်သူတွေကို တိုက်ပွဲဖြစ်ပွားနေတဲ့ဇုန်တွေမှာ ချထားဖို့ ခွင့်မပြုတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်က အီနာဒါဟာ ၎င်းရဲ့လက်ထဲမှာ ကျန်ရှိနေသေးတဲ့ အစီရင်ခံစာတစ်စောင်ကို တိတ်တဆိတ်ထိမ်ချန်ထားဖို့ ဆုံးဖြတ်ချက်ကိုသိရှိခဲ့တယ်။ သို့သော်လည်း အစီရင်ခံစာကို ဖျက်ဆီးပြီးပြီလို့ ပြောကြားခဲ့တဲ့အကြောင်း ကျိုဒိုနယူးစ် သတင်းအေဂျင်စီကဖော်ပြခဲ့ပါတယ်။ သို့သော်လည်း အီနာဒါကတော့ စွပ်စွဲချက်တွေကို ငြင်းဆန်ခဲ့ပါတယ်။ အီနာဒါဟာ မကြာသေးမီက တိုကျိုမှာပြုလုပ်ခဲ့တဲ့ ဒေသဆိုင်ရာရွေးကောက်ပွဲကာလအတွင်းမှာလည်း မဆီလျော်တဲ့ စကားတွေပြောဆိုမိခဲ့တဲ့အတွက် အကြီးအကျယ်ဝေဖန်ခံခဲ့ရပါသေးတယ်။

မဲဆွယ်စည်းရုံးမှုအတွင်းမှာ အီနာဒါက ကာကွယ်ရေးအင်အားစုဟာ ဆန္ဒမဲထည့်ဝင်သူတွေကို လက်ရှိအာဏာရနေတဲ့လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်ကို ထောက်ခံစေချင်တာဖြစ်တယ်လို့ ပြောကြားခဲ့တယ်လို့ သိရပါတယ်။ ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရတဲ့ဒုတိယမြောက်အမျိုးသမီးဖြစ်သူ အီနာဒါဟာ ဂျပန်ရဲ့စစ်ဝါဒ ရှင်သန်ပေါက်ဖွားမှုရဲ့ အထိမ်းအမှတ်သင်္ကေတတစ်ခုအဖြစ် တရုတ်နိုင်ငံနဲ့ တောင်ကိုရီးယားနိုင်ငံတို့က မှတ်ယူထားကြတဲ့ တိုကျိုမြို့ရဲ့ယာစူကူနီဗိမာန်ကိုလည်း ကြိမ်ဖန်များစွာ အလည်အပတ်ရောက်ရှိခဲ့သူ ဖြစ်ပါတယ်။

၎င်းဟာတစ်ချိန်က ဒေသတွင်းနိုင်ငံတွေကြားမှာ အငြင်းပွားမှုတွေဖြစ်ပွားခဲ့တဲ့ ကျွန်းငယ်အုပ်စုတစ်ခုနဲ့ နီးကပ်တဲ့ကျွန်းတွေဆီကိုသွားရောက်လည်ပတ်ဖို့ကြိုးစားခဲ့ရာက တောင်ကိုရီးယားနိုင်ငံသို့ဝင်ရောက်ခွင့်ကို ငြင်းပယ်ခံခဲ့ရဖူးပါတယ်။ လက်ရှိအချိန်မှာတော့ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးဟာ လစ်လပ်သွားတဲ့အီနာဒါရဲ့နေရာကို အစားထိုးဖို့အတွက် ကာကွယ်ရေးဆိုင်ရာအတွေ့အကြုံရှိသူတစ်ဦးကို ခန့်အပ်ဖို့ထည့်သွင်းစဉ်းစားလျက်ရှိတယ်လို့ ကျိုဒိုနယူးစ်မှာ ဖော်ပြထားပါတယ်။ ခန့်အပ်ဖို့ထည့်သွင်းစဉ်းစားသွားမယ့် ကိုယ်စားလှယ်တွေထဲမှာ ရာစူကာဇူဟာမာဒါ၊ ယိုရှီမာဆာဟာရာရှို၊ဂျင်နာကာတာနီ၊အစ်စူနိုရီနဲ့ အိုနိုဒီရာတို့ပါဝင်တယ်လို့ ကျိုဒိုနယူးစ်က ဖော်ပြခဲ့ပါတယ်။

### အတိုက်အခံပါတီ၏ကစဉ့်ကလျား အခြေအနေ

အတိုက်အခံဒီမိုကရက်တစ်ပါတီရဲ့ ခေါင်းဆောင်ရန်ဟိုက ပါတီထဲမှာ လုပ်ငန်းဆောင်ရွက်ပြီး တစ်နှစ်မပြည့်ခင်မှာ နုတ်ထွက်မယ်လို့ ပြီးခဲ့တဲ့ကြာသပတေးနေ့က ပြောကြားခဲ့ပါတယ်။ သတင်းထုတ်လွှင့်တင်ဆက်သူတစ်ဦးဖြစ်ခဲ့ဖူးတဲ့ ရန်ဟိုဟာ ၎င်းအသည်းအသန်မျှော်လင့်ထားခဲ့တာတွေကို ပြည့်ဝအောင်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့သလို ပါတီအတွင်းမှာဖြစ်ပွားနေတဲ့မညီညွတ်မှုတွေကိုလည်း အဆင်ပြေချောမွေ့အောင် လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။

ရန်ဟိုရဲ့နုတ်ထွက်မှုက ဂျပန်နိုင်ငံရဲ့နှစ်ပါတီစနစ်ကိုပြိုလဲသွားစေမယ့် နောက်ထပ်ခြေလှမ်းတစ်ခုလို့ဆိုနိုင်ပါတယ်။ ဒီမိုကရက်တစ်ပါတီဟာ ၂၀၀၉ ခုနှစ်မှာအနိုင်ရရှိခဲ့တဲ့ မှတ်တမ်းရှိခဲ့ပေမယ့် ၂၀၁၂ ခုနှစ်မှာ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးရဲ့ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီကို ရှုံးနိမ့်ခဲ့ပါတယ်။

ပြီးခဲ့တဲ့လအနည်းငယ်အတွင်းမှာ ဒီမိုကရက်တစ်ပါတီဟာ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနဲ့ ၎င်းရဲ့ အနီးအနားပတ်ဝန်းကျင်မှာ လူထုအံ့ကြွမှုဖြစ်ပွားစေမယ့်အကြောင်းတွေ ဖန်တီးဖို့ကိုသာ ကြိုးစားနေခဲ့ပါတယ်။ ပါတီရဲ့နည်းဗျူဟာတွေဟာ အာဘေးကိုထောက်ခံသူတွေကို အဟန့်အတားဖြစ်သွားအောင် လုပ်ဆောင်နိုင်ခဲ့ပေမယ့် ဒီမိုကရက်တစ်ပါတီကိုယ်တိုင်လည်း ယခင်ကထက် နာမည်ဂုဏ်သတင်းကျဆင်းလာနေတာပါပဲ။ ပြီးခဲ့တဲ့တနင်္လာနေ့က မိုင်နီချီသတင်းစာမှာ ဖော်ပြခဲ့တဲ့ ဆန္ဒမဲရလဒ်တွေက ဒီမိုကရက်တစ်ပါတီကိုထောက်ခံသူ ၅ ရာခိုင်နှုန်းရှိပြီး အာဘေးရဲ့ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီကို ထောက်ခံသူ ၂၅ ရာခိုင်နှုန်းရှိကြောင်း ဖော်ပြခဲ့ပါတယ်။

အတိုက်အခံပါတီအတွင်း လစ်လပ်မှုဖြစ်ပွားနေချိန်မှာ သာမန်လူထုကိုကိုယ်စားပြုမယ်လို့ ကြွေးကြော်ခဲ့တဲ့ နိုင်ငံရေးသမားတစ်ဦးဖြစ်တဲ့ တိုကျိုအုပ်ချုပ်ရေးအကြီးအကဲ ယူရီကိုကွိုက်ကီဟာ ၎င်းရဲ့ဒေသပါတီကို ပြိုင်ကွင်းထဲသို့ခေါ်ဆောင်လာပြီး လစ်ဘရယ်ဒီမိုကရက်တစ်ပါတီကို အတိုက်အခံပြုလုပ်လာကာ အောင်ပွဲရရှိအောင် ကြိုးစားသွားမယ့်အခြေအနေရှိနိုင်တယ်လို့ နိုင်ငံရေးသုံးသပ်သူတချို့က ခန့်မှန်းခဲ့ကြပါတယ်။

ဂျပန်တက္ကသိုလ် နယ်မြေထဲမှာရှိတဲ့ Temple University က နိုင်ငံရေးလေ့လာသူ ကူဆက်ကတော့ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအနေနဲ့ လျှပ်တပြက်ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပဖို့သင့် တော်တဲ့အချိန်အခါတစ်ခုကို ရောက်နေပြီလို့ သုံးသပ်ပြောကြားပါတယ်။ လူထုထောက်ခံအားကျဆင်းမှုကို ရင်ဆိုင်နေရတဲ့ အာဘေးအနေနဲ့ ဒီမိုကရက်တစ်ပါတီအတွင်းမှာ ဦးဆောင်သူကင်းမဲ့မှုနဲ့ အမျိုးသားအဆင့်ကွိုင်ကီပါတီပေါ်ထွက်လာခြင်းမရှိသေးမှုက အာဘေးရဲ့စီမံအုပ်ချုပ်မှုအောက် မှာ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဟာ နောက်ထပ်အောင်ပွဲရရှိနိုင်မယ့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်တယ်လို့ ၎င်းကဝေဖန်သုံးသပ်ခဲ့ပါတယ်။ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးအနေနဲ့ ဒီအခွင့်အလမ်းတွေကို ဘယ်လိုအသုံးချပြီး ဆက်လက်လျှောက်လှမ်းသွားမယ်ဆိုတာကိုတော့ နိုင်ငံရေးလေ့လာသူတွေက စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိနေပါတယ်။

**(ရိုက်တာ၊အင်န်အိတ်ချ်ကေ၊ကျိုဒိုနယူးစ်)**



**လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေမှာအတွေ့အကြုံနည်းပါးလှတဲ့ ကာကွယ်ရေးဝန်ကြီး အီနာဒါဟာ ပြီးခဲ့တဲ့နှစ်က ရာထူးနေရာအပြောင်းအလဲပြုလုပ်တဲ့ကာလအတွင်းမှာ ဝန်ကြီးတစ်ဦး အဖြစ်ခန့်အပ်ခံလိုက်ရချိန်ကစပြီး ဝေဖန်ထိုးနှက်မှုတွေအောက်ကို ကျရောက်ခဲ့ရပါတယ်။ လူမှုရေးအရ အနှောင့်အယှက်ဖြစ်စေမယ့် အပြောအဆို မှားယွင်းမှု၊ အပြုအမူလွဲမှားမှုတွေ ကလည်း ၎င်းအပေါ်ကျရောက်နေတဲ့ဖိအားတွေကို ပိုမိုများပြားလာစေခဲ့တာလို့ ဆိုရမှာပါ။**

## တရုတ်ကုမ္ပဏီသုံးခု အဘူဒါဘီ၌ ဒေါ်လာသန်း ၃၀၀ ဖိုး ရင်းနှီးမြှုပ်နှံမည်

**အဘူဒါဘီ ဩဂုတ် ၁**

တရုတ်ကုမ္ပဏီငါးခုတို့သည် အဘူဒါဘီရှိ စက်မှုဇုန်၌ လုပ်ငန်းလည်ပတ်မှုများစတင်လုပ်ဆောင်သွားမည်ဖြစ်ပြီး ကနဦးရင်းနှီးမြှုပ်နှံမှုအနေဖြင့် အမေရိကန်ဒေါ်လာသန်း ၃၀၀ ကို ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။ ရေနံကြွယ်ဝသည့် စော်ဘွားများနိုင်ငံ၏ စီးပွားရေးဆိုင်ရာမတူကွဲပြားမှုအစီအစဉ်များကို မြှင့်တင်ရာတွင်ပါဝင်သည့်အနေဖြင့် ထိုသို့ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံအရှေ့ဘက်ကမ်းခြေရှိ ဂျီယန်စုပြည်နယ်မှ ကုမ္ပဏီများသည် စွမ်းအင်နှင့်သတ္တုလုပ်ငန်းမှသည် သဘာဝသယံဇာတအရင်းအမြစ်များနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုကဏ္ဍများအထိ ပါဝင်သွားမည်ဖြစ်ကြောင်း အဘူဒါဘီအာဏာပိုင်များကပြောကြားခဲ့ကြောင်းသိရသည်။ **(ရိုက်တာ)**

# တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်း

*ယမန်နေ့မှ အဆက်*

(ဂ) အောက်ပါတို့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာကောင်စီ၏ မူဝါဒအရ ပြည်ထောင်စုအစိုးရအဖွဲ့က သီးခြားထပ်မံ သတ်မှတ်ခြင်းမရှိလျှင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ တီထွင်မှုမူပိုင်ခွင့် အကာအကွယ် မရရှိသော တီထွင်မှုများ ဖြစ်သည်-

(၁) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုဗေဒ ထုတ်ကုန်များ၊

(၂) စားသောက်ကုန်များ၊

(၃) အဏုဇီဝပစ္စည်းများ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ အကာအကွယ် မရရှိစေသော ကာလများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကောင်စီ၏ သဘောတူညီချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

### အခန်း(၈)
### တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသူများ

၁၂။ (က) တီထွင်သူသည် တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရန် အခွင့်အရေးရှိသူဖြစ်ပြီး အဆိုပါ တီထွင်မှုမူပိုင်ခွင့်တွင် အမည်သတ်မှတ်ဖော်ပြပိုင်ခွင့်ရှိသည်။ ထို့ပြင် တီထွင်သူ၏ လုပ်ကိုင်ခွင့်လွှဲအပ်ခြင်းခံရသူကဖြစ်စေ၊ လွှဲပြောင်းပေးအပ်ခြင်း ခံရသူကဖြစ်စေ တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ခ) တစ်ဦးထက်ပိုသူများက တူညီသော တီထွင်မှုတစ်ခုကို သီးခြားစီ တီထွင်ခဲ့လျှင် တီထွင်မှု မူပိုင်ခွင့်လျှောက်ထားချက် အစောဆုံးတင်သွင်းသူ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုချက်ပါရှိလျှင် ဦးစားပေးနေ့ရက်ကို အစောဆုံး တရားဝင်ရရှိထားသော လျှောက်ထားသူသည် တီထွင်မှုမူပိုင်ခွင့်ကို ရခွင့်ရှိသည်။

၁၃။ တီထွင်မှုတစ်ခုကို တစ်ဦးထက်ပိုသူများက ပူးတွဲတီထွင်ခဲ့ခြင်းဖြစ်လျှင် ယင်းတို့ အားလုံး သည် အဆိုပါတီထွင်မှုမူပိုင်ခွင့်ကို ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၄။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ တီထွင်မှုတစ်ခုကို ပြုလုပ်ရာတွင်-

(က) အလုပ်သမားက တီထွင်မှုတစ်ခုကို ပြုလုပ်သည့်တိုင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါက အလုပ်ရှင်ကသာ ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ခ) တီထွင်မှုကို ပြုလုပ်ပြီးကြောင်း အလုပ်သမားက အလုပ်ရှင်ထံ စာဖြင့်ဆက်သွယ် အကြောင်းကြားသည့်နေ့ရက်မှ ခြောက်လအတွင်း အဆိုပါ တီထွင်မှုကို အလုပ်ရှင်က လျှောက်ထားရန် အခွင့်အရေးကို ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(ဂ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက် ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်း ပြုလုပ်သည့် တီထွင်မှုကို တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရာတွင် အဆိုပါ တီထွင်မှုသည် ယခင်အလုပ်ရှင်၏လုပ်ငန်းနယ်ပယ်အတွင်း ယင်း၏အလုပ်သမားက ပြုလုပ်ရရှိသည့် တီထွင်မှုဖြစ်လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထားတင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ပြုလုပ်ခဲ့သည့် တီထွင်မှုဖြစ်သည်ဟု မှတ်ယူပြီး ယခင် အလုပ်ရှင်မှ အဆိုပါတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ်၌ အလုပ်သမားကသာ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခွင့်ရှိသည်-

(၁) ယခင်အလုပ်ရှင်က အဆိုပါ တီထွင်မှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခြင်း၊

(၂) အလုပ်သမားက တင်ပြသည့် သက်သေခံအထောက်အထားအပေါ် ယခင် အလုပ်ရှင်မှ ငြင်းဆိုမှု မပြုနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ခ)အရ ယခင်အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် ပျက်ကွက်သဖြင့် အလုပ်သမားက လျှောက်ထားခြင်း၊

(ဃ) အလုပ်ရှင်၏တာဝန်ပေးချက်အရ မဟုတ်ဘဲ ယင်း၏ လုပ်ငန်းနယ်ပယ်နှင့် ဆက်နွှယ်နေသော တီထွင်မှုတစ်ခုကို အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြု၍အလုပ်သမားက ပြုလုပ်ရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိပါက အလုပ်သမားကသာ ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့တွင် ဖော်ပြထားသော တီထွင်မှုပြုလုပ်ခြင်းမှတစ်ပါး အခြားသောတီထွင်မှုကို ပြုလုပ်ခဲ့လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိပါက ယင်းတီထွင်မှုအတွက် တီထွင်မှုမူပိုင်ခွင့်ကို အလုပ်သမားကသာ လျှောက်ထားခွင့် ရှိသည်။

### အခန်း (၉)
### လျှောက်ထားခြင်း

၁၅။ ဤဥပဒေအရ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခွင့်ရှိသူသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ရရှိလိုပါက တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၆။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည်-

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာ ဖြင့် ဖြစ်စေ ရေးသားနိုင်သည်။

(ခ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့ လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၇။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်-

(၁) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းနှင့် တီထွင်သူတို့၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်နှင့်နေရပ်လိပ်စာ၊

(၄) ပြည့်စုံစွာဖော်ပြထားသော တီထွင်မှုဆိုင်ရာ ဖော်ပြချက်၊

(၅) တီထွင်မှုအမည်နှင့် တီထွင်မှုဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်၊

(၆) သတ်မှတ်ချက်နှင့်အညီ ဖော်ပြထားသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များ။

(ခ) ပုဒ်မခွဲ(က) ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည်-

(၁) လျှောက်ထားသူတွင် အရေးပါသည့် စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းရှိပါက ယင်းတို့၏ လိပ်စာနှင့် နိုင်ငံအမည်၊

(၂) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၃) တီထွင်မှုကို နားလည်သဘောပေါက်စေရန် ရေးဆွဲချက်များရှိခဲ့လျှင် ရေးဆွဲချက်များ၊

(၄) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေး ရရှိရန်တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေး ရှိကြောင်းခိုင်လုံသည့် အထောက်အထား ဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေးတောင်းဆိုချက်၊

(၅) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထား ဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာဦးစားပေး အခွင့်အရေး တောင်းဆိုချက်၊

(၆) ပူးတွဲလျှောက်ထားသူများအနက်မှ တစ်ဦးဦးက ပူးတွဲလျှောက်ထားသူများ အားလုံး၏ ကိုယ်စားလျှောက်ထားချက်ကို လက်မှတ်ရေးထိုးထားခြင်း ဖြစ်လျှင် ကျန်ပူးတွဲလျှောက်ထားသူများ၏ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(၇) မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များနှင့် ထိုအရင်းအမြစ်များနှင့် ပေါင်းစပ်သည်ဖြစ်စေ၊ မပေါင်းစပ်ဘဲဖြစ်စေ တည်ရှိနေသော ရိုးရာအသိပညာ တစ်ရပ်ရပ်တို့အား တရားဝင်ရယူ သုံးစွဲထားကြောင်းနှင့် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားကြောင်း ဖော်ပြချက်၊

(၈) ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် လျှောက်ထားလိုပါက ထိုသို့ ကြေညာပေးရန် တောင်းဆိုချက်၊

(၉) ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၁၈။ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၁၇ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ဦးစီးဌာနက လက်ခံရရှိသည့်နေ့ရက်သည် တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ (က) တီထွင်မှုဆိုင်ရာဖော်ပြချက်သည် သာမန်တတ်ကျွမ်းသူတစ်ဦးက အဆိုပါ တီထွင်မှုကို လုပ်ဆောင်နိုင်ရန် ထုတ်ဖော်ရေးသားချက်ဖြစ်ရမည်ဖြစ်ပြီး အဆိုပါ ရေးသားချက်တွင် လျှောက်ထားသည့်နေ့ရက် သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုပါက ဦးစားပေးအခွင့်အရေး တောင်းဆိုသည့်နေ့ရက်၌ တီထွင်သူသိရှိထားသည့် အကောင်းဆုံးနည်းလမ်း အပါအဝင် ယင်းသိရှိထားသည့် နည်းလမ်းများ အားလုံးပါဝင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ တောင်းဆိုထားသော တီထွင်မှုအတွက် ထုတ်ဖော်ပြသချက်သည် လျှောက်ထားသောနေ့ရက်တွင် သက်ဆိုင်ရာပညာရပ်နယ်ပယ်၌ သာမန်တတ်ကျွမ်းသူက ယင်းတီထွင်မှုကို အသုံးချရန် သို့မဟုတ် ပြုလုပ်ရန် ခွင့်ပြုနိုင်သည့် လုံလောက်သော သတင်းအချက်အလက်များကို ထည့်သွင်းတင်ပြထားပါက အဆိုပါ ထုတ်ဖော်ပြသချက်ကို လွန်ကဲသော စမ်းသပ်စစ်ဆေးမှုမပြုဘဲ လုံလောက်စွာ ပြည့်စုံရှင်းလင်းသည်ဟု မှတ်ယူရမည်။

(ဂ) အကာအကွယ်ရရှိရန် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာ၌ နိုင်ငံတော် နယ်နိမိတ်အတွင်းမှ မျိုးရိုးဗီဇသို့မဟုတ် ဇီဝရင်းမြစ်များ၏ ဇာစ်မြစ်ကို သော်လည်းကောင်း၊ အဆိုပါ ရင်းမြစ်များနှင့် ဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ ရိုးရာအသိပညာဆိုင်ရာ အချက်အလက်များကို သော်လည်းကောင်း ကြိုတင်ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားပါက ယင်းတို့အား တီထွင်မှုဆိုင်ရာ ဖော်ပြချက်တွင်ရှင်းလင်းစွာ သတ်မှတ်ဖော်ပြပေးရမည်။

၂၀။ (က) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များတွင် အကာအကွယ်ပေးစေလိုသည့်အချက်ကို သတ်မှတ်ဖော်ပြပေးရမည်ဖြစ်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များသည် ရှင်းလင်း၍ ကျစ်လျစ်ပြည့်စုံရမည်။ ယင်းတို့ကို ရှင်းလင်းရာတွင် ဖော်ပြချက်နှင့် ရေးဆွဲချက်များကို အသုံးပြုနိုင်သည်။

၂၁။ (က) သီးခြားစီ တီထွင်ခဲ့သည့် တူညီသော တီထွင်မှုတစ်ခုကို မတူညီသောနေ့ရက် အသီးသီးတွင် တစ်ဦးထက်ပိုသူများက လျှောက်ထားခြင်းဖြစ်လျှင်လျှောက်ထားချက် အစောဆုံး တင်သွင်းသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေး အခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုလျှောက်ထားလာခြင်းဖြစ်လျှင် ဦးစားပေးအခွင့်အရေးနေ့ရက် အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၂။ သီးခြားစီ တီထွင်ခဲ့သည့် တူညီသော တီထွင်မှုတစ်ခုစီနှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင်လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ရက်ကို တောင်းဆိုလျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူ အချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး တီထွင်မှု မူပိုင်ခွင့်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏ အမည်ကို သတ်မှတ်သည့်ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်းတို့ အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်းခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲ လျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိက လျှောက်ထားသူများ အားလုံးကို ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း ယင်းတို့အချင်းချင်း သဘောတူညီမှုမရရှိခဲ့လျှင် မည်သည့် လျှောက်ထားသူ၏ တီထွင်မှုကိုမျှ ခွင့်မပြုရ။

၂၃။ (က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် လျှောက်ထားသည့် နေ့ရက်မှ ၃၆ လ အတွင်း လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ တောင်းဆိုရမည်။ မှတ်ပုံတင်အရာရှိသည် ယင်းတောင်းဆိုချက်ကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော တောင်းဆိုချက်ကိုသတ်မှတ်သည့်ကာလအတွင်း လျှောက်ထားခြင်းမရှိပါက အဆိုပါ လျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူမည်ဖြစ်သည်။

၂၄။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်သည် တီထွင်မှုတစ်ခုနှင့်သာ သို့မဟုတ် ယေဘုယျ တီထွင်ကြံဆမှု သဘောတရားတစ်ခုဖြစ်လာရန် ဆက်စပ်နေသော တီထွင်မှုတစ်စုနှင့်သာ သက်ဆိုင်ရမည်။

၂၅။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်အရာရှိက တီထွင်မှုမူပိုင်ခွင့်ကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) လျှောက်ထားချက်ကို မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက် မကျော်လွန် စေဘဲ တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုချိန်မတိုင်မီအထိ ပြင်ဆင်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြင်ဦးလွင်မြို့ရှိ တောင်သမန်တံတားပုံစံတံတားငယ်၌ အများပြည်သူတို့လေ့လာအပန်းဖြေနိုင်

**ပြင်ဦးလွင် ဩဂုတ် ၁**

ပြင်ဦးလွင်မြို့၌ ကန်တော်ကြီး ကန်တော်လေးကဲ့သို့သဘာဝရေထွက် များစွာရှိရာ မြို့လယ်အနီးရှိ ပြည်သူ့ပန်းခြံခေါ် ထောက်ပို့ပန်းခြံအတွင်း၌ သဘာဝရေထွက်ကန်ကြီးများ ရှိနေသည်။ အဆိုပါ ရေထွက်ကန်ကြီးများသည် မြို့တည်စ ၁၉၀၂ ခုနှစ်ကပင် မြို့သူမြို့သားများ သောက်သုံးရေအဖြစ် အသုံးပြုခဲ့ကြပြီး ယနေ့ထက်တိုင်ရေထွက်အားကောင်းစွာဖြင့် ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။

ထောက်ပို့ရေထွက်ကန်ကြီး အနီးတွင် လူနေအိမ်ခြေမရှိခြင်း၊ သစ်ပင်၊ ကိုင်းပင်ကြီးများရှိနေခြင်း၊ တိတ်ဆိတ်ငြိမ်သက်ခြင်းတို့ကြောင့် ကန်ရေပြင်ဧရိယာသုံးဧကဝန်းကျင် ကျယ်ဝန်းသည့် ရေကန်ထဲရှိရေတို့သည်လည်း အေးမြကြည်လင်လျက်ရှိနေသည်။ ရေကန်အနီးတွင် ဟသ်ာဖူးစေတီတော်၊ ဂြိုဟ်ပြေနံပြေဘုရားနှင့် ရေကန်၏အလယ်၌ ရွှေရောင်အဆင်းနှင့် ဟသ်ာဖို၊ ဟသ်ာမ ရုပ်တုနှစ်ခုရှိနေပြီး စေတီတော်နှင့် ဟသ်ာမောင်နှံတို့မှာ ရေကန်ကြီးနှင့် အလွန်ပနံရလျက်ရှိနေသည်။

ထို့အပြင် ရေထွက်ကန်ကြီးတစ်ခု၏ အလယ်တွင် သစ်သား၊ သစ်လုံးတို့ဖြင့် ပြုလုပ်တည်ဆောက်ထားသော တံတားရှည်ကြီးတစ်ခုရှိလေရာ အဆိုပါတံတားမှာ တောင်သမန်အင်းရှိ ဦးပိန်တံတားနှင့် အသွင်သဏ္ဌာန် တူညီနေကြောင်း တွေ့ရှိရသည်။ တံတား၏အလယ်၌လည်း နားနေရန် အမိုးမပါဇရပ်တစ်ခုကို တည်ဆောက်ပေးထား၍ ထိုဇရပ်ငယ်လေးမှာ တောင်သမန်တံတားရှိ ဇရပ်များကဲ့သို့ပင် ထိုင်စရာခုံတန်းရှည်များ ရှိနေသဖြင့် လာရောက်လည်ပတ်သူတို့ နားနားနေနေ အပန်းဖြေထိုင်နေနိုင်သေးသည်။

အဆိုပါ သဘာဝရေထွက်ကန်ကြီးသို့လာရောက်လည်ပတ်သူများအနေဖြင့် ရေကန်အတွင်းရှိ ပေါ်များလှသော ရောင်စုံငါးတို့ကို အစာကျွေးခြင်း ကန်အတွင်း ကူးခပ်ဆော့ကစားနေသော ဘဲငန်းအုပ်တို့ကို အစာကျွေးခြင်းနှင့် သဘာဝအလှ ဓာတ်ပုံရိုက်ခြင်း၊ တံတားပေါ်တွင်လမ်းလျှောက်၍ အပန်းဖြေနိုင်ခြင်း၊ ဟသ်ာဖူးစေတီတော်နှင့် ဂြိုဟ်ပြေနံပြေဘုရားတို့ကို ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကပ်လှူပူဇော်နိုင်ခြင်း၊ ရေကန်အနီး၌ ကလေးငယ်များ ဆော့ကစားနိုင်ခြင်းတို့ကြောင့် ရေကန်ကြီးသို့ လာရောက်လည်ပတ် အပန်းဖြေသူတစ်နေ့တခြားများပြားနေကြောင်း သိရသည်။

ရေကန်ကြီးအား လုံခြုံသော သံဆူးကြိုးများ ကာရံထားရှိပြီး နံနက် ၆ နာရီမှ ညဇနာရီအထိ ဖွင့်လှစ်ပေးထားသကဲ့သို့ ညအခါ၌လည်း တံတားပေါ်၌လှပသော လျှပ်စစ်မီးများဖြင့် တန်ဆာဆင်ထားသောကြောင့် နေ့ညမရွေးသဘာဝ ရေထွက်ကန်ကြီးရှိရာသို့ လာရောက်လည်ပတ်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**



## သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများပြုလုပ်

**ကာမိုင်း ဩဂုတ် ၁**

ကာမိုင်းမြို့ မြို့မရပ်ကွက်အတွင်း၌ ဇူလိုင် ၃၀ ရက်က သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးလုပ်ငန်း များဆောင်ရွက်ခဲ့ရာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူများ၏ နေအိမ်ပတ်ဝန်းကျင်မှ ကိုက် ၁၀၀ အတွင်း၊ အထကကာမိုင်း၊ အလက မြို့မ(၂) ကာမိုင်းအခြေခံပညာစာသင်ကျောင်းများ၊ အိမ်ထောင်စုများ၏ နေအိမ်အတွင်း ခြင်ဆေးဖျန်းခြင်း၊ ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်မှုများတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဦးစီး၍ တိုက်နယ် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကာမိုင်း(ပြန်/ဆက်)**

## စလင်းတွင် မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို လိုင်စင်ဆောင်ရွက်ပေး

**စလင်း ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ဇူလိုင် ၂၆ ရက် နှင့် ၂၇ ရက်များတွင် မှတ်ပုံတင်မဲ့များကို လိုင်စင်အသစ်ရအောင်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆောင်ရွက်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းမြင့်များက ဦးဆောင်ပြီး စလင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာ ၁၀၈ အုပ်စုမှရပ်/ကျေးမှူးများနှင့် ညှိနှိုင်းကာ အကြောင်းအမျိုးမျိုးကြောင့်လိုင်စင်မရရှိသေးသော မှတ်ပုံတင်မဲ့ဆိုင်ကယ်များကိုဆိုင်ကယ်အတန်းအစားခွဲ၍ ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် မင်းဘူး ကညနမှ ဦးစီးမှူးဦးအေးမင်းနှင့် ဝန်ထမ်းများကမှတ်ပုံတင်မဲ့ဆိုင်ကယ် ၂၆၄ စီးကို လိုင်စင်အသစ်များဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**




**ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ အမက(၄)မင်္ဂလာတောင်ညွန့်ကျောင်း၏ ရှေ့လမ်းကူးတံတားအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးလှိုင်နှင့် ဆရာမများ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍တံတားလေးအား ကိုယ့်အားကိုယ်ကိုး ပြုလုပ်ခဲ့ပြီးဇူလိုင် ၂၉ ရက်တွင်ဖွင့်လှစ်ခဲ့ကာ ကျောင်းအုပ်ဆရာမကြီးက ဥယျာဉ်ရပ်ကွက်အုပ်ချုပ်ရေးမှူးအားဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့စဉ်**
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## ရေမီတာသုံးစနစ်ဖြင့် သစ်ဖြူပင်ဆိပ်ကျေးရွာတွင်ရေပိုက်လိုင်းများ စတင်သွယ်တန်း

**ဘားအံ ဩဂုတ် ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် အတွင်းရှိ ကျေးရွာ သုံးရွာဖြစ်သော ဂျိုင်းကျေးရွာအုပ်စု ဂျိုင်းကျေးရွာ၊ ကျောက်တလုံး(ဝင်းဒရယ်)အုပ်စု ပျဉ်းကတိုးကုန်းကျေးရွာနှင့် သစ်ဖြူပင်ဆိပ်ကျေးရွာတို့ကို ရေမီတာသုံးစနစ်ဖြင့် အိမ်တိုင်ရာရောက်ရေပေးရေးစနစ်အား စီမံဆောင်ရွက်လျက်ရှိသည်။

ယင်းဆောင်ရွက်မှုကိုဒေသခံပြည်သူများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဘားအံမြို့မှ ၂၈ မိုင်ကွာဝေးသော ဘားအံ-ဝါးဘိုးတော-ကမမောင်း-ဖာပွန်လမ်းမကြီးအနီး အတွင်းဘက်ကျသော သစ်ဖြူပင်ဆိပ်ကျေးရွာရှိ အိမ်ခြေပေါင်း ၁၁၆ အိမ်အတွက် အချင်းလေးလက်မ စက်ရေတွင်းများမှ အမြင့်ပေ ၂၀ ရှိသော ဂါလံ ၄၀၀၀ ဆံ့အမြင့်တင် ရေစင်ပေါ်သို့တင်ပြီး ကျေးရွာရှိနေအိမ်များသို့ အိမ်တိုင်ရာရောက် ရေမီတာ သုံးစနစ်ဖြင့် ရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ရေပိုက်များ သွယ်တန်းခြင်းများကို ဇူလိုင် ၃၀ ရက်က မြို့နယ်ကျေးလက် ဦးစီးမှူး ဦးခင်မောင်ဝင်းဦးစီးသော ကျေးလက်ဝန်ထမ်းများနှင့် ကျေးရွာရပ်မိရပ်ဖများ ပူးပေါင်းကာ ကျေးလက်နေပြည်သူများသန့်ရှင်းသော သောက်သုံးရေနေအိမ်မှ ရေဘားဖွင့်လှစ်ရုံဖြင့် သုံးစွဲနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နွေရာသီကာလရေရှားပါးပြတ်လပ်လေ့ရှိသော ဒေသတွင်းကျေးရွာများသည် ယခုဆောင်ရွက်လျက်ရှိသော ကျေးလက်ဦးစီးဌာန၊ ယူနီဆက်နှင့် ဒေသခံပြည်သူတို့ ဟန်ချက်ညီညီစွာ ပူးပေါင်းဖော်ဆောင်နေသည့် အိမ်တိုင်ရာရောက် ရေမီတာသုံးရေပိုက်လိုင်း တပ်ဆင်ခြင်းများကို ဒေသခံကျေးရွာရပ်မိရပ်ဖများအနေဖြင့် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး (ဘားအံ)**

## တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၌ ကမ္ဘာ့ကျားများနေ့အကြောင်း ဟောပြော

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော်တိရစ္ဆာန်ဥယျာဉ်တွင် ဇူလိုင် ၂၉ ရက်က ကျရောက်သော ကမ္ဘာ့ကျားများနေ့ကို နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)မှ တိရစ္ဆာန်ဆရာဝန် ဒေါက်တာသော်သော်လင်းက ကျားများနှင့်ပတ်သက်သည့်အသိပညာအကြောင်းအရာများ၊အပြည်ပြည်ဆိုင်ရာကျားများနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရေဆင်းအထကမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ ၅၀ ကျော်အား တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ဖိတ်၍ ဟောပြောခဲ့ကြောင်း သိရသည်။ ထို့နောက် ကျောင်းသားကျောင်းသူများ မှကျားများနှင့် ပတ်သက်သည့် ဆေးရောင်ခြယ် ပန်းချီကားများရေးဆွဲရာတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
ဓာတ်ပုံ - TMA



## စစ်ကိုင်းတိုင်းဒေသကြီးတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များဘောလုံးပြိုင်ပွဲဗိုလ်လုယှဉ်ပြိုင်

**စစ်ကိုင်း ဩဂုတ် ၁**

၂၀၁၆-၂၀၁၇ ပညာသင်နှစ်စစ်ကိုင်းတိုင်းဒေသကြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များဘောလုံးပြိုင်ပွဲများကို စစ်ကိုင်းမြို့နယ် ပြည်သူ့အားကစားကွင်း၌ ဇူလိုင် ၂၀ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သည်။ အမျိုးသားပြိုင်ပွဲဗိုလ်လုပွဲအဖြစ် စစ်ကိုင်း နည်းပညာတက္ကသိုလ်အသင်းနှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်အသင်းတို့ ဇူလိုင် ၃၀ရက်က ယှဉ်ပြိုင်ခဲ့ကြရာ စစ်ကိုင်းနည်းပညာတက္ကသိုလ်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။

ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲသည့် စစ်ကိုင်းပညာရေး တက္ကသိုလ်အသင်း၊ ဒုတိယဆုရစစ်ကိုင်းတက္ကသိုလ်အသင်းတို့မှ အားကစားသမားများအား စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြသင်းနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုနှင့် ဆုငွေများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားဘောလုံးပြိုင်ပွဲ တွင် ပထမဆုရစစ်ကိုင်းနည်းပညာတက္ကသိုလ်အသင်းနှင့် ဒုတိယဆုရ စစ်ကိုင်းပညာရေးတက္ကသိုလ်အသင်းတို့မှအားကစားသမားများအား တာဝန်ရှိသူတို့မှဆုများပေးအပ်ချီးမြှင့်ကြ သည်။

ထို့နောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဗိုလ်စွဲသွားသည့် စစ်ကိုင်းနည်းပညာတက္ကသိုလ်အသင်းအား စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသူရဦးက ပထမတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# အလှမယ်၊ ပရဟိတလူငယ်နှင့် သရုပ်ဆောင်ဘဝများအဖြစ် ဖြတ်သန်းလာသည့် ခင်ဝင့်ဝါ

...........
ဝေလင်း
...........

နိုင်ငံတကာစင်မြင့်ထက်သို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် ရွေးချယ်ခံပြီး တစ်တိုင်းပြည်လုံးက မဲပေးခဲ့ကြဖူးသည့် မြန်မာအလှမယ်တစ်ဖြစ်လဲ ခင်ဝင့်ဝါက အနုပညာအလုပ်များကို ယခင်က အတိုင်းပင် အင်တိုင်အားတိုက် လုပ်ဆောင်လျက်ရှိသည်ကို မြင်တွေ့ရသည်။

"လတ်တလောမှာ ကိုအောင်ရဲလင်းနဲ့ ဗီဒီယိုရိုက်ထားတာရှိတယ်။ ဇာတ်ကားအမည်ကတော့ လမ်းပြကြယ်ပါ။ ဒီဇာတ်ကားမှာ ဂျစ်ကန်ကန် သရုပ်ဆောင်ထားပါတယ်။ ဇာတ်ကားကြီးတွေ ရိုက်ကူးဖို့ ပြောထားတာတော့ရှိပေမယ့် တော့တော့ဆိုင်ဆိုင်မရှိသေးပါဘူး။ ကျွန်မလက်ရှိဇာတ်ကား ၁၀ ကား ကျော်သွားပြီ။ နောက်ပိုင်းမှာတော့ သရုပ်ဆောင်မှုကို ပိုလုပ်လာနိုင်ပြီး ဇာတ်ကားကြီးတွေ လက်ခံနိုင်မယ်လို့ ထင်ပါတယ်"ဟု ခင်ဝင့်ဝါက ပြောသည်။

ချိုမြိန်သော လက်စားချေခြင်း ဇာတ်ကားနှင့်ပတ်သက်၍ ပရိသတ်ကြီး၏ အားပေးမှုနှင့် ဝေဖန် ထောက်ပြမှုတို့ကို တစ်ပြိုင်နက် ရရှိထားသည့် ခင်ဝင့်ဝါက ထိုဇာတ်ကားသည် အနုပညာပြသခွင့် ရရှိခဲ့ခြင်းကြောင့် အားရကျေနပ်မှုရှိသော်လည်း မိမိအနေဖြင့် သရုပ်ဆောင်မှုအပိုင်းတွင် အားနည်းချက်များရှိနေခြင်းကြောင့် အားမလိုအားမရ ဖြစ်နေမိကြောင်း၊ အဆိုပါဇာတ်ကားသည် လွန်ခဲ့သည့် နှစ်နှစ်ခန့်က ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ပြီး ကိုယ့်အားနည်းချက်ကို ယခုအချိန်မှပင် ပြန်လည်ပို၍ မြင်တွေ့ရကြောင်း၊ ပရိသတ်ကြီး၏ ထောက်ပြမှုများကိုလည်း ကျေနပ်လက်ခံကြောင်း၊ သို့မှသာ ပြန်လည် ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း ခင်ဝင့်ဝါက ရှင်းပြသည်။

"ရုပ်ရှင်ကိုရော ဗီဒီယိုကိုပါ အကောင်းဆုံးကြိုးစားပြီးသရုပ်ဆောင်ပါတယ်။ ဗီဒီယိုကတော့ ရက်ကလည်း တိုတယ်။ ကြည့်သူကလည်း ရုပ်ရှင်နဲ့မတူဘူး။ အမှားပါရင်တော့ ခွင့်လွှတ်တယ်။ ရုပ်ရှင်ကျတော့ ရုံထဲမှာ တစ်နေ့ကို လေးခေါက်လောက်နဲ့ အကြီးကြီးပြတာ။ တစ်နိုင်ငံလုံးအတိုင်း အတာနဲ့။ များများ မှားလေ များများ သိလေပဲ။ ပိတ်ကားပေါ်မှာ တစ်နိုင်ငံလုံး နီးပါးက မြင်တွေ့ရတာဆိုတော့ တာဝန်ပိုကြီးတယ်လို့ထင်ပါတယ်" ဟု ခင်ဝင့်ဝါက ပြောသည်။

ခင်ဝင့်ဝါသည် အလှမယ်တစ်ဦးအဖြစ် အပြင် နာရေးကူညီမှုအသင်းအပါအဝင် ပရဟိတလုပ်ငန်း အများအပြားတွင် ပါဝင် လုပ်ဆောင်မှုများကြောင့်လည်း ပရိသတ်က ချစ်ခင်မှုကို ရရှိနိုင်ခဲ့ပြီး အနုပညာ လုပ်ငန်းများကို လုပ်ဆောင်ရာတွင်လည်း "ကျွန်မ သရုပ်ဆောင်သက်တမ်း လေးနှစ်ပြည့်တော့မယ်။ တောက်လျှောက်က ချစ်ဖို့ကောင်းတဲ့ ဇာတ်ရုပ်လေးတွေကိုပဲ အများဆုံး သရုပ်ဆောင်ရတယ်။ အခြားကွဲပြားတဲ့ ကာရိုက်တာတွေလည်း ရိုက်ကြည့်ချင်မိတယ်"ဟု ပြောသည်။

# ခံစားချက်ပါရင် ကကြီးခခွေးကိုဆိုနေရင်တောင် နားထောင်လို့ကောင်းတယ်ဆိုတဲ့ သာဒီးလူ

ပြယုဂ်စီးရီးထွက်ခဲ့ပြီး ပိုမိုလူသိများလာခဲ့ကာ လူငယ်များ၏ အားပေးမှုကို အများဆုံးရရှိထားသည့် ကိုယ်ပိုင်သံစဉ် ဖော်ကျူး၊ ရေးသား၊ သီဆိုတတ်သူ သာဒီးလူက ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် သီချင်းလေးများ ထုတ်လုပ်ချင်ကြောင်း ပြောသည်။

"ကျွန်တော်အခု ဒုတိယစီးရီးအတွက် ပြင်ဆင်နေတာ သီချင်း ငါးပုဒ်လောက်တော့ ပြီးပြီ။ ကျန်တာတွေလုပ်ဖို့က ကျွန်တော့်ကို တီးပေးနေတဲ့ ဂီတသမားတွေက ပြည်ပသွားနေကြလို့ ခဏနားထားပါတယ်။ လက်ရှိပြီးတဲ့ သီချင်းငါးပုဒ်ကတော့ ရောခ့်ပုံစံပါပဲ။ အကြောင်းအရာကို အဓိကဦးစားပေးရေးစပ်ထားတယ်။ ပထမအခွေနဲ့ဆိုရင် ဂီတပုံစံနည်းနည်းတော့ ကွာသွားတယ်။ အရင်အခွေတုန်းက မော်ဒန်လိုင်းဘက်သွားတာ။ အခုက ရောခ့် ပိုဆန်တယ်"ဟု ဒုတိယမြောက်အခွေ ပြင်ဆင်နေမှုအားပြောသည်။

သာဒီးလူအနေဖြင့် ရေပွက်ရာတိုင်း ငါးစာချမည့်အလုပ်ကို လုပ်ကိုင်လိုစိတ်လုံးဝမရှိကြောင်း၊ ယခုအခွေမှာ လွတ်လပ်ပေ့ါပါးသည့် လူငယ်ကြိုက်ပုံစံမျိုးကို ဖန်တီးထားပြီး မီနီခွေလုပ်ရန် ဆန္ဒမရှိကြောင်း၊ ယင်းအခွေတွင် သီချင်းအနည်းဆုံး ဆယ်ပုဒ်ခန့် ပါဝင်ရန် ရည်ရွယ်ထားကြောင်း၊ ကိုယ်တိုင်ရေးသားသည့် သီချင်းများ ဖြစ်မည် ဖြစ်ပြီး ပထမဆုံးစီးရီးတွင် ပေါက်ခဲ့သည့် ပြည့်တန်ဆာကဲ့သို့သော သီချင်းမျိုးထက် လွတ်လပ်သည့် သီချင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အမြင်ပြောရရင် ဂီတဟာ သီအိုရီမရှိသင့်ဘူး။ ကန့်သတ်ချက်လည်း မရှိသင့်ဘူး။ ရင်ထဲကနေ ဖြစ်ပေါ်လာတဲ့ ခံစားချက်ရှိရင် ကကြီး၊ ခခွေးရွတ်နေရင်တောင် နားထောင်ကောင်းတယ်။ အကောင်းဆုံးကတော့ ကိုယ်ပိုင်ဂီတဖန်တီးနိုင်ရင်တော့ ပိုကောင်းတာပေ့ါခင်ဗျာ။ ဒါပေမယ့်လည်း အခုအခြေအနေမှာ ကိုယ့်ဘာသာ ဂီတဖန်တီးနိုင်ဖို့အတွက် အခက်အခဲတွေကလည်း များတာကိုး" ဟု လက်ရှိဂီတလောက အခက်အခဲကို ပြောသည်။ အောင်မြင်မှုဆိုသည်မှာ လူတိုင်းအတိုင်းအတာရှိနှင့်ပြီးသားဖြစ်ကြောင်း၊ တမင်တကာလိုက်ရှာကာ ထိန်းနေလို့ရ သည့်အရာမဟုတ်ကြောင်း သာဒီးလူက ရှုမြင်သည်။ "ကျွန်တော်အခုအချိန်မှာ အောင်မြင်တာထက် အသိအမှတ်ပြုခံရတာကို ဝမ်းသာတယ်။ ကျွန်တော် ဖန်တီးတဲ့အရာကို လူတွေလက်ခံတယ်ဆိုရင် ကျွန်တော်အများကြီးကျေနပ်တယ်"ဟု ဆိုသည်။

ဒုတိယမြောက်စီးရီးအတွက် ပြင်ဆင်နေသည့် သာဒီးလူက အချစ်သီချင်း နှစ်ပုဒ်ခန့်ကိုလည်း စီးရီးတွင် ထည့်သွင်းရန် ရည်ရွယ်ကာ နေ့စဉ်ရှင်သန်နေထိုင်သည့် အကြောင်းအရာများထဲမှ ရိုးရှင်းသည့် ဖွင့်ဆိုမှုကို ဂီတနှင့် သီချင်းစာသားအဖြစ် ဖန်တီးကြောင်း သူ့အတွေ့အကြုံကို ဝေမျှသည်။ **ကိုလင်း**

# အနုပညာသမားမို့ လှပအောင်ဂရုစိုက်ရတဲ့ ဆုပန်ထွာ



အနုပညာရှင်အများစု ခွဲစိတ်ပြုပြင်မှုတို့ ခေတ်စားလာချိန်တွင် လွန်ခဲ့သည့် ဆယ်နှစ်ကတည်းက နှာခေါင်း ခွဲစိတ်ဖူးသည့် ဆုပန်ထွာသည်လည်း ဒုတိယအကြိမ် ခွဲစိတ်မှု အောင်မြင်ခဲ့ခြင်းကြောင့် စိတ်ကျေနပ်ရကြောင်း ပြောကြားသည်။

"လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ခွဲစိတ်ထားဖူးတယ်လေ။ နှာခေါင်းကိုပဲ။ အခုလည်း နှာခေါင်းထိပ်ဖျားက ပွနေတာလေးကို ချွန်အောင် လုပ်ချင်တယ်။ ပြီးတော့ ကလေးမွေးထားတော့ အဆီတွေတက်နေတာလည်း ချချင်တယ်ပေ့ါ။ အဲဒါကြောင့် ကိုရီးယားနိုင်ငံ Mi Seoul ဆေးရုံမှာ လုပ်ဖြစ်ခဲ့တယ်။ အားလုံးအဆင်ပြေပါတယ်။ ခွဲစိတ်မှုက နိုင်ငံတကာမှာတော့ ခေတ်စားတာ ကြာပြီလေ။ ပိုဆိုးတာက ကျွန်မတို့ အနုပညာရှင်တွေက အသက်အရွယ်ရလာ တာနဲ့အမျှ အလှအပကိုလည်း ပိုဂရုစိုက်နေကြ ရတော့လုပ်ဖြစ်တာပါ" ဟု ပြောသည်။

မကြာခဏ ခွဲစိတ်ပြုပြင်ခြင်းသည် မကောင်းမွန်ကြောင်းနှင့် ခွဲစိတ်ပြုပြင်ပါကလည်း လိုအပ်သည့် ညွှန်ကြားမှုများကို တစ်သဝေမတိမ်း လိုက်နာနိုင်ရန် အလွန်လိုအပ်ကြောင်း၊ မဖြစ်မနေ လုပ်သင့်သည့် အရာများနှင့် မလိုအပ်ဘဲ မလုပ်သင့်သည့် ခွဲစိတ်ခြင်းများကိုလည်း သိရှိရန် လိုအပ် ကြောင်း Mi Seoul Medical ဆေးရုံမှ ဆရာဝန်ကြီးက ပြောသည်။ **ကိုလင်း**

# ဂီတစာဆို ဆရာကိုသက်ဦး ဂုဏ်ပြုဂီတပွဲ ကျင်းပမည်

မြန်မာသံစဉ်များကို နှစ်သက်သူများအတွက် ရည်ရွယ်ကာ တစ်ချိန်က အောင်မြင်ကျော်ကြားခဲ့သည့် တေးရေးဆရာကြီး ဂီတစာဆို ကိုသက်ဦး ဂုဏ်ပြုအမှတ်တရ ဖျော်ဖြေပွဲကို ဩဂုတ် ၁၁ ရက် တွင် အမျိုးသားကဇာတ်ရုံ၌ ကျင်းပရန်ရှိကြောင်း သိရသည်။

ဂီတစာဆို ကိုသက်ဦးမှာ မော်လမြိုင် ဇာတိဖြစ်ပြီး ဖခင်ဂီတပညာရှင် ဦးနွေခိုင်မှာ တစ်ချိန်က တယောပညာရှင်ဖြစ်ကာ ရုပ်ရှင်ဇာတ်ဝင်တေးများအတွက် တီးခတ်ရသူတစ်ဦး ဖြစ်ခဲ့သည်။ ဖခင်အမွေကို ဆက်လက်ထိန်းသိမ်းခဲ့သူ ကိုသက်ဦးမှာ ဂီတပညာရှင်အဖြစ် မရောက်ရှိမီ ဝါသနာရှင်အဖြစ် အခြေခံပညာရပ်များကို အလင်္ကာကျော်စွာ စောင်းဦးဘခန့်ထံတွင် ပညာဆည်းပူးခဲ့သူဖြစ်သည်။ အလင်္ကာကျော်စွာ ရွှေပြည်အေးထံတွင်လည်းကောင်း ဂီတပညာများသင်ယူခဲ့ပြီး ဘဘဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်ဦးကိုကိုတို့နှင့် တွေ့ဆုံကာ ဂီတလောကထဲသို့ အခြေချ ဝင်ရောက်ခဲ့ပြီး ရုပ်ရှင်မင်းသား မြင့်အောင်၏ ဇာတ်ကားတွင် နောက်ခံ ဇာတ်ဝင်တေးများကို ပထမဆုံးသီဆိုခဲ့ကာ "နှင်းပျောက်တဲ့နွေ" ရုပ်ရှင်ဇာတ်ကား တစ်ပုဒ်လုံးတွင် ပါဝင်သည့်တေးသီချင်းများကို ကိုယ်တိုင်ရေးသား သီဆိုခဲ့သည်။ ရုပ်ရှင်မင်းသားကြီး ဦးညွန့်ဝင်းအတွက် ရေးသားပေးခဲ့သည့် သိင်္ဂီ၊ သိင်္ဂီရွှေသွေး၊ ဘုရားဖူး လည်မယ်၊ တဝဲဝဲလည်၊ ရွှင်လန်းချမ်းမြေ့ပါစေနှင့် အဆိုတော် မာမာအေးအတွက် ရေးသားပေးခဲ့သည့် သီတာ ရေစင်၊ အရိပ်ပမာ၊ ယုံတမ်းစကား၊ ပျို့မောင်ဖုန်း၊ အတုယောင်၊ သည်လမ်းစခန်း၊ ပန်တျာ တင်တင်မြင့် သီဆိုအောင်မြင်ခဲ့သည့် တောသူအချစ်၊ သန်းသန်းဆင့်၏ ရွှေဘုံပေါ်မှာ စံချင်သူပါ၊ မင်းသားဆန်းဝင်း၏ ဒေဝဠ္ဌာရာ စသည့် သီချင်းများမှာ အောင်မြင်ခဲ့ကြောင်းသိရပြီး ဂီတများကို ဖန်တီးရင်းဖြင့်ပင် ၂၀၀၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့သည်။ **ကိုလင်း**

# ယွန်းယွန်း သို့မဟုတ် ကျွန်မက နှင်းဆီပါမောင်

...........
ကိုလင်း
...........



၂၀၁၅ခုနှစ်အတွက် ကလေးသရုပ်ဆောင် ဆုကို "ကျွန်မက နှင်းဆီပါမောင်" ဇာတ်ကားနှင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဆွတ်ခူးခဲ့ပြီး ဝါသနာပါသည့် အနုပညာအလုပ်တွေကို ပညာရေးကြောင့် ခဏတာ အနားယူထားသော်လည်း အချိန်ရသည့်အတိုင်း အနုပညာအလုပ်များကို အပြေးကလေး လုပ်နေမိကြောင်း သိရသည်။

**မေး ။ ယွန်းယွန်းရဲ့ လတ်တလော လှုပ်ရှားမှုလေးတွေ အကြောင်း ပရိသတ်ကြီးအတွက် ပြောပြပေးပါဦး။**

ဖြေ ။ လတ်တလောက ကြော်ငြာလေးတွေ ရိုက်ဖြစ်တယ်။ မဂ္ဂဇင်းဂျာနယ်တွေ အတွက် ရိုက်ဖြစ်တယ်။ လောလောဆယ် ဇာတ်ကားရိုက်ကူးလက်ခံထားတာတွေ မရှိသေးဘူး။ သေချာပြန်မရိုက်ဖြစ်သေးဘူး။ သမီးက ပညာရေးဘက်ကို ဦးစားပေး လုပ်ချင်လို့ပါ။ အနုပညာကတော့ သမီးဘဝအတွက် ဝါသနာ ဖြစ်ပါတယ်။ ပညာရေးကတော့ သမီးဘဝ တစ်သက်စာလို့ ပြောလို့ရပါတယ်။ မိဘတွေကလည်း ပညာရေးကိုပဲ ပိုဦးစားပေးတယ်။

**မေး ။ ယွန်းယွန်းကအကယ်ဒမီဆုလည်း ရရှိထားပြီဆိုတော့ ရှေ့ဆက်အနုပညာနဲ့ပတ်သက်ပြီး ပရိသတ်ကို ဘာချပြနိုင်ဖို့စိတ်ကူးထားတာရှိလဲ အသစ်အဆန်းအနေနဲ့အဆိုပိုင်း တစ်ခုခု ချပြဖို့စိတ်ကူးထားတာရှိလား။**

ဖြေ ။ ယွန်းအဆိုပိုင်းကို ဝါသနာပါပေမဲ့ ယွန်းအနေနဲ့က ကိုယ့်ကိုယ်ကိုယ်ယုံကြည်ချက်မရှိလို့ လုပ်ဖြစ်မယ် မထင်ဘူး။ ကိုယ်ကျွမ်းကျင်တဲ့ သရုပ်ဆောင်ပိုင်းကိုပဲ သေသေချာချာ လုပ်ဆောင်သွားမှာပါ။

**မေး ။ အနုပညာလောကထဲကို စရောက် လာခဲ့ပုံလေးကိုလည်း ပြောပြပါဦး။**

ဖြေ ။ ယွန်းယွန်းအသက် သုံးနှစ်ကတည်းက ဇာတ်ဝင်ခန်းအချို့စရိုက်ဖြစ်တယ်။ တကယ်တမ်း သေသေချာချာ လုပ်ဖြစ်တာက အသက်ခြောက်နှစ်မှပါ။ ခြောက်နှစ်ကနေ အခုအချိန်အထိဆိုရင် အနုပညာသက်က ၁၁ နှစ်ကျော်ပြီလို့ ပြောရင်ရပါတယ်။

**မေး ။ ၁၁နှစ်ကျော်ကာလအတွင်းမှာ ကိုယ့်အနုပညာအပေါ်ရော ဘယ်လိုပြန်ပြီး သုံးသပ်ဖြစ်မိသေးလဲ။**

ဖြေ ။ ယွန်းအနေနဲ့ပြောရမယ်ဆိုရင် ငယ်ငယ်ကဆိုတော့ ကိုယ့်ကိုယ်ကိုယ် မသုံးသပ်တတ်သေးဘူး။ ဒါကို အလုပ်တစ်ခုအနေနဲ့တောင် မတွေးတတ်သေးဘူး။ ပရိသတ်တွေဆီက အသံတွေနဲ့ မိဘတွေရဲ့လမ်းညွှန်ဆုံးမပြသမှုတွေနဲ့ ယွန်းရှေ့ဆက်လာတာပါ။

ဆယ်ကျော်သက် အရွယ်ရောက်လာတော့ ကိုယ့်ကိုယ်ကိုယ်ပြန်သုံးသပ်လာနိုင်ပါပြီ။ နောက်ပိုင်းမှာ ဝေဖန်တာတွေ၊ ကောလာဟလတွေကိုပါ သည်းခံနိုင်လာတဲ့အထိတော့ ရင့်ကျက်နေပြီလို့ ထင်ပါတယ်။ လိုအပ်ချက်ဆိုတာတော့ လူတိုင်းမှာ ရှိတတ်မှာပါ။ ယွန်းယွန်းမှာလည်း လိုအပ်ချက်တွေ၊ မပြည့်ဝသေးတာတွေ အများကြီးပဲ။ ဒါတွေကို ဆက်လက်သင်ယူရင်း၊ အသုံးချရင်း၊ လေ့ကျင့်ရင်း ဖြတ်သန်းသွားမယ်။

အရင်က ကလေးသရုပ်ဆောင်ဖြစ်တဲ့အတွက် အားလုံးက ချစ်ကြတယ်။ အခုအချိန်မှာ ယွန်းယွန်းက ကလေးမဟုတ်တော့ဘူး။ ကလေးသရုပ်ဆောင်ကိုချစ်တဲ့ အချစ်မျိုးထက် အနုပညာရှင်တစ်ယောက်၊ အနုပညာကို ဘယ်လောက်ပြသနိုင်သလဲဆိုတဲ့အပေါ်မှာ ချစ်ကြမှာလေ။ အပြိုင်အဆိုင်တွေလည်း အများကြီး ဖြစ်လာကြမှာ။ ပရိသတ်တွေအတွက် ရွေးချယ်စရာ ချစ်စရာ အားပေးစရာ အနုပညာရှင်တွေက အများကြီးလေ။ အဲဒီတော့ ဝေဖန်ကြတာတွေရှိတယ်။ ဝေဖန်မှုတွေကို လေးစားပြီး ပြင်စရာရှိရင်လည်း ပြင်ပါတယ်။ မလိုအပ်တဲ့ အရာတွေကိုတော့ ထွေထွေထူးထူး လိုက်ခံစားတာမျိုး မလုပ်ဘူး။ အမှားဆိုတာမျိုးက အားလုံးမှာ ရှိတတ်တော့ ထောက်ပြရင် ပြင်ရမယ့်အရာတွေပြင်တယ်။ မလိုတာတွေကို ဥပေက္ခာပြုတယ်။ အားပေးတဲ့ ပရိသတ်ကြီးအတွက်တော့ ယွန်းယွန်းအနေနဲ့ အများကြီး ပြင်ဆင်လေ့ကျင့်နေပြီး အနုပညာကိုလည်း ပြန်ပြီး ခြေဦးလှည့်ချင်သေးတယ်။

**မေး ။ ဖြတ်သန်းခဲ့တဲ့ကာလ တစ်လျှောက်မှာရော အခက်အခဲဆိုတာမျိုး ရှိခဲ့သလား။**

ဖြေ ။ ငယ်ငယ်တုန်းက သရုပ်ဆောင်ခဲ့စဉ် ပြောပလောက်အောင် အခက်အခဲကြီးကြီးမားမားတော့ မရှိခဲ့ပါဘူး။ ပညာရေးနဲ့ အနုပညာနှစ်ခုစလုံးကို ဘက်မျှအောင်ကြိုးစားကိုင်တွယ်ခဲ့ရတာပေ့ါ။ ဒါကလည်း ယွန်းယွန်းမိဘတွေရဲ့ ကျေးဇူးပါ။ ပညာရေးပိုင်းမှာလည်း မလျော့အောင်ကြိုးစားတယ်။ ဒါကိုလည်း ဒါရိုက်တာတွေ၊ အနုပညာအစ်ကိုအစ်မတွေအားလုံးက နားလည်ပေးကြတယ်။ အားလုံးက ချစ်ခင်ကြတော့ အခက်အခဲမရှိခဲ့ဘူး။ အနုပညာသမားတစ်ယောက် ဖြစ်တဲ့အတွက် ယွန်းယွန်းတို့ကို ချစ်ခင်ကြတဲ့ ပရိသတ်ကြီး ထာဝရ အားပေးမှုကိုရဖို့ကတော့ အခက်အခဲတွေ၊ ရှေ့မှာ စိန်ခေါ်မှုတွေ ရှိနေမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ရှေ့ဆက်ပြီး အားပေးကြပါဦးလို့။ ။

## နိုင်ငံတကာအနုပညာမှတ်စု

### ရုပ်ရှင်ဇာတ်ကားသစ်အတွက် အင်ဂျလီနာဂျိုလီ ဝေဖန်ခံနေရ



ဟောလီဝုဒ်ကြယ်ပွင့် အင်ဂျလီနာဂျိုလီဟာ ရုပ်ရှင်ရိုက်ကူးရာမှာ ကမ္ဘောဒီးယားကလေးငယ်တွေအပေါ် စိတ်ပိုင်းဆိုင်ရာအရထိခိုက်မှုတွေ ဖြစ်စေတယ်ဆိုတာကို ငြင်းဆို လိုက်ပါတယ်။ ကုလသမဂ္ဂအထူးသံတမန်လည်းဖြစ်တဲ့ အင်ဂျလီနာဂျိုလီဟာ သူမရဲ့ရုပ်ရှင်မှာ ပါဝင်ဖို့ကမ္ဘောဒီးယားက ကလေးတွေကို စုစည်းခဲ့ပါတယ်။ ခမာနီတွေရဲ့ရက်စက်ကြမ်းကြုပ်မှုအကြောင်းကို ရိုက်ကူးထားတဲ့ First they killed my father ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ဖို့ကလေးငယ်တွေကို ရွေးချယ်တဲ့အခါ ဆင်းရဲတဲ့ကလေးငယ်တွေကို ပိုက်ဆံတွေပေးပြီး အဲဒီပိုက်ဆံတွေကို ကလေးတွေဆီက ပြန်တောင်းတဲ့အခန်းပါဝင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဂျိုလီကို ဝေဖန်နေကြပါတယ်။ ဒီဖြစ်ရပ်မှာ ကလေးတွေဟာ သူတို့သရုပ်ဆောင်နေရတယ်ဆိုတာကို သိကြပါတယ်လို့လည်း ဂျိုလီက ပြောပါတယ်။

ဒီဇာတ်ကားရိုက်ကူးဖို့ ကလေးတွေရှာဖွေတဲ့အခါ ဒါရိုက်တာဟာ ဆင်ခြေဖုန်းရပ်ကွက်က ကလေးငယ်တွေနဲ့ မိဘမဲ့ဂေဟာမှကလေးများ၊ အထူးသဖြင့် အခက်အခဲတွေနဲ့ ရင်ဆိုင်ဖူးတဲ့ကလေးတွေကို အဓိကထားရှာဖွေခဲ့ပါတယ်။ အဓိကသရုပ်ဆောင်ရွေးချယ်တဲ့အခါ စားပွဲပေါ်မှာ ပိုက်ဆံတင်ထားပြီးကလေးတွေက ပိုက်ဆံယူတဲ့အထိစောင့်ကြည့်ပါတယ်။ ပိုက်ဆံကိုယူလိုက်တဲ့အခါ ဘာကြောင့်ပိုက်ဆံယူရတယ်ဆိုတဲ့အကြောင်းကို ရှင်းပြရပါတယ်။ အဲဒီဇာတ်ကားမှာ အဓိကဇာတ်ဆောင်အဖြစ် ရွေးချယ်ခဲ့ရတဲ့ကလေးဟာ ပိုက်ဆံကိုအချိန်အကြာကြီး စိုက်ကြည့်ခဲ့တဲ့ကလေးပဲဖြစ်ပါတယ်။ နောက်ပိုင်းမှာသူ့ကို ပိုက်ဆံကိုဘာကြောင့်အကြာကြီးစိုက်ကြည့်ခဲ့ရတာလဲလို့မေးတဲ့အခါ သူ့ရဲ့အဖိုးကိုသင်္ဂြိုဟ်ဖို့ပိုက်ဆံမရှိခဲ့လို့လို့ဆိုပါတယ်။ ဒီဇာတ်ကားဟာ ခမာနီတွေအုပ်စိုးစဉ်က လူမျိုးတုံးသတ်ဖြတ်မှုတွေအတွင်း အသက်ရှင်ကျန်ရစ်ခဲ့တဲ့ လူတစ်ယောက်ရဲ့အကြောင်းကို ရိုက်ကူးထားတာပဲ ဖြစ်ပါတယ်။

အင်ဂျလီနာဂျိုလီကတော့ လူတွေရဲ့ဒီဇာတ်လမ်းနဲ့ပတ်သက်ပြီး အထင်လွဲမှုတွေကိုစိတ်မကောင်းဘူးလို့ ပြောပါတယ်။ ဒီဇာတ်ကားရဲ့အဓိကရည်ရွယ်ချက်ကတော့ တကယ့်စစ်ပွဲကာလက ကလေးတွေရဲ့ ကြောက်ရွံ့နေတဲ့မျက်နှာတွေကိုရိုက်ပြဖို့ပဲဖြစ်ပါတယ်လို့ ဂျိုလီက ပြောပါတယ်။ ဒီဇာတ်ကားရိုက်ကူးထုတ်လုပ်မှုအစအဆုံးမှာ ကလေးတွေရဲ့ လုံခြုံရေး၊ သက်သောင့်သက်သာဖြစ်စေရေးနဲ့ ကလေးတွေအကျိုးများစေရေးအတွက်သာရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်း ဂျိုလီက ပြောပါတယ်။ ဒါပေမယ့် ဝေဖန်သူတွေကတော့ ဒီရုပ်ရှင်ရိုက်ကူးတဲ့အခါ ကလေးတွေကို စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်စေတယ်လို့ဝေဖန်နေကြပါတယ်။ **ဘီဘီစီ**

## Chester Bennington ရဲ့

### ဈာပနအခမ်းအနားကို ကယ်လီဖိုးနီးယားပြည်နယ်တွင် ပြုလုပ်



အသက်၄၁နှစ်အရွယ်မှာသေဆုံးခဲ့တဲ့ အဆိုတော် Chester Bennington ရဲ့ ဈာပနအခမ်းအနားကို ၎င်းသေဆုံးခဲ့ပြီးတစ်ပတ်အကြာမှာ ပြုလုပ်ခဲ့ပါတယ်။ ကယ်လီဖိုးနီးယားပြည်နယ်မှာ ရှိတဲ့သူ့ရဲ့နေအိမ်အနီးမှာပဲ သီးသန့်ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ Chester ရဲ့အလောင်းကို ဇူလိုင် ၂၀ရက်က လော့အိန်ဂျလိစ်မြို့မှာရှိတဲ့ သူ့ရဲ့နေအိမ်မှာ တွေ့ရှိခဲ့ပါတယ်။ အမှုစစ်အရာရှိကတော့ Chesterဟာ သေကြောင်းကြံစည်ခဲ့တာပဲဖြစ်တယ်လို့ ပြောပါတယ်။

သူ့ရဲ့ ဈာပနအခမ်းအနားမှာ မိသားစုဝင်တွေနဲ့၊ ဂီတအသိုင်းအဝိုင်းနဲ့ သူ့ရဲ့ ရင်းနှီးတဲ့မိတ်ဆွေတွေ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအခမ်းအနားမှာ တီးဝိုင်းအပြည့်အစုံနဲ့ပြင်ဆင်ထားခဲ့ပါတယ်။ Chester ပါဝင်ခဲ့တဲ့ Linkin Park အဖွဲ့ဟာ နှစ်ငါးဆယ်အတွင်းမှာ သူတို့ရဲ့ အယ်လ်ဘမ် သုံးခုစလုံးကို Top Ten စာရင်းမှာ ပါအောင် အောင်မြင်မှုကိုထိန်းထားနိုင်ခဲ့တဲ့ပထမဦးဆုံး အမေရိကန်ဂီတအဖွဲ့ပဲ ဖြစ်ပါတယ်။ Chester သေဆုံးမှုနဲ့ပတ်သက်ပြီး Linkin Park အဖွဲ့ဟာ ၎င်းအတွက် ဝမ်းနည်းကြောင်း စကားတွေပြောခဲ့ကြပါတယ်။ Linkin Park အဖွဲ့ဟာ အမေရိကန် ရော့ခ်အဆိုတော်အဖွဲ့ဖြစ်ပြီး ၁၉၉၆ ခုနှစ်က ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၀၀ပြည့်နှစ်က သူတို့ရဲ့ပွဲဦးထွက် အယ်လ်ဘမ်ဖြစ်တဲ့ Hybrid Theory နဲ့ အောင်မြင်မှုကို ရရှိခဲ့ပါတယ်။ ယင်းအဖွဲ့ဟာ ကမ္ဘာအနှံ့အယ်လ်ဘမ်ပေါင်း သန်း၇၀ရောင်းချထားပြီး ဂရမ်မီဆု နှစ်ဆုလည်း ရရှိထားပါတယ်။ **ဘီဘီစီ**

# ပုပ္ပားတောင် ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာ

**သန်းထွန်း(မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း)**

ယနေ့ခေတ် အံ့မခန်းတိုးတက်နေသည့် သိပ္ပံပညာရပ်များအနက် ကျွန်ုပ်တို့နေထိုင်ရာ နေစကြာဝဠာတွင် အင်္ဂါဂြိုဟ်တွင်သာ သက်ရှိများရှိနိုင်သည့် အထောက်အထားများ မှန်းဆနိုင်သည်ကလွဲ၍ အမိကမ္ဘာမြေသာလျှင် ထူးခြားစွာ ကျွန်ုပ်တို့လူသားများ အပါအဝင် သက်ရှိသတ္တဝါမျိုးစုံနှင့် သစ်ပင်မျိုးစုံ ရှင်သန်ဖြစ်ထွန်းရာနေ မိသားစုအတွင်း တိတ်ဆိတ်ငြိမ်သက်နေသည့် အပြာရောင်ဂြိုဟ်လေးဖြစ်ပေသည်။

ဘုရားရှင်များ၊ ဗြဟ္မာကြီးများမှ ဖန်ဆင်းသည်ဖြစ်စေ၊ စကြဝဠာဖြစ်စဉ်ကြောင့်ဖြစ်စေ ပေါ်ထွန်းလာသည့် ကမ္ဘာမြေသက်တမ်းမှာ ဘူမိဗေဒပညာအရ နှစ်သန်းပေါင်း ၄၅၀၀ ခန့်ရှိကြောင်း လက်ခံထားကြသည်။ သက်ရှိများရှင်သန်နိုင်သည့် အဓိကအချက်မှာ ကမ္ဘာမြေအား လွှမ်းခြုံထားသည့် လေထုနှင့် ရေတို့ပင်ဖြစ်ပေသည်။

ကျွန်ုပ်တို့လူသားတို့သည် ကမ္ဘာမြေရှိ သက်ရှိသတ္တဝါများအနက် နောက်ဆုံးမှ ပေါ်ထွန်းလာသူများဖြစ်ပြီး ဦးနှောက်ကို စတင်အသုံးချသူများလည်း ဖြစ်ပေသည်။ သို့အတွက် တိရစ္ဆာန်များထက် ပိုမိုအားကောင်းပြီး စီမံခန့်ခွဲနိုင်ခြင်း ဖြစ်ပေသည်။ ဦးနှောက်အသိဉာဏ်တို့အား အသုံးချရာတွင် လူသားအချင်းချင်းနှင့် ယင်း၏ပတ်ဝန်းကျင်အား ချစ်ခင်မြတ်နိုးတန်ဖိုးထားသည့် အပြုသဘောစိတ်ထားအပြင် ယင်းနှင့်ဆန့်ကျင်သည့် အပျက်သဘောစိတ်ထားများလည်း ရှိနေကြပေသည်။ လူသားချင်းတန်ဖိုးထားမှု၊ သဘာဝ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ရရှိလာသည့် အသီးအပွင့်တို့အား ညီမျှစွာခံစားကြဖို့ စည်းရုံးတိုက်တွန်းရပေမည်။

မြန်မာနိုင်ငံသည် အမိကမ္ဘာမြေ၏ သားကောင်းတစ်ဦးဖြစ်ပြီး အဆင်းလှပ၍ အဖိုးအနဂ္ဃထိုက်တန်သော ရေ၊ မြေ၊ တောတောင်သယံဇာတတို့နှင့် ထူးခြားစွာ မျက်နှာသာရရှိထားသည့် နယ်မြေတစ်ခုဖြစ်ပေသည်။ ရှည်လျားလှသော ပင်လယ်ကမ်းရိုးတန်းနှင့် ရေပိုင်နက်များ၊ လှပသည့် ကျွန်းများ၊ စိမ်းလန်းသည့် တောင်တန်းများ၊ မြေဩဇာကောင်းလှသည့် လွင်ပြင်များနှင့် လူသားတို့အား အကျိုးပြုနေသည့် မြစ်ကြီးများအပြင် ကုန်းတွင်းနှင့် ကမ်းလွန်၊ ရေနံနှင့် ဓာတ်ငွေ့များ၊ သတ္တုသယံဇာတအဖြစ် ရွှေ၊ ကြေးနီ၊ သွပ်၊ ခဲ၊ ခဲမဖြူနှင့် ကမ္ဘာတွင် အကောင်းဆုံးအရည်အသွေးရှိပြီး မြန်မာနိုင်ငံတွင်သာ ဖြစ်ထွန်းသည့် ခိုသွေးရောင် မိုးကုတ်ပတ္တမြားနှင့် အခြားကျောက်မျက်များ၊ ကရင်ဆိုဒါရောင် ကျောက်စိမ်းများထွက်ရှိရာ ဒေသဖြစ်ပေသည်။

Geopark (အမိကမ္ဘာစခန်းသာ) ဆိုသည်မှာ အာရှပစိဖိတ်(သို့)ဥရောပနှင့် အမျိုးသားစီမံချက်တို့ ထောက်ပံ့ထားသည့် ဒေသအတွင်းစဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေးနည်းဗျူဟာဖြင့် သီးခြားသတ်မှတ်ထားသော ဘူမိအမွေအနှစ်များပါဝင်သည့် ဧရိယာတစ်ခုဖြစ်သည်။ အမိကမ္ဘာစခန်းသာ၌ သိပ္ပံပညာဆိုင်ရာ အရည်အသွေးရှိခြင်း၊ ရှားပါးခြင်း၊ တင့်တယ်ဖွယ်ဆွဲဆောင်မှုရှိခြင်း(သို့)ပညာရေး တန်ဖိုးရှိခြင်းစသည့် သီးခြားအရေးပါသော ဘူမိပေါ်ကွက်များကို ပြသထားရမည်။

ပိုင်ဆိုင်ထားပြီး ဘူမိအမွေအနှစ်များနှင့် ဘူမိခရီးသွားလုပ်ငန်းများ ဆက်နွယ်နေမှုအား မြှင့်တင်ပေးခြင်းဖြင့် အမိကမ္ဘာစခန်းသာသည် ဒေသတွင်းစီးပွားတိုးတက်မှုတွင် အရေးပါပြီး တက်ကြွနိုးကြားလာပေမည်။

Geopark (အမိကမ္ဘာစခန်းသာ) တို့သည် ဒေသခံလူထုနေထိုင်မှုနှင့် ပတ်ဝန်းကျင်ကို လွှမ်းမိုးထားသဖြင့် ဒေသတစ်ခုလုံးအပေါ် ကောင်းကျိုးသက်ရောက်မှုများစွာ ရှိသည်။ ရည်ရွယ်ချက်မှာ ဒေသခံလူထုများ မိမိတို့ဒေသတွင်းရှိ အမွေအနှစ်များ၏ တန်ဖိုးကိုသိရှိနားလည်စေရန်နှင့် ဒေသတွင်းယဉ်ကျေးမှုများ ပြန်လည်ရှင်သန်ထွန်းကားလာရေးတွင် ညီညာတက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးပင်ဖြစ်သည်။

အမိကမ္ဘာစခန်းသာသည် ဘူမိဆိုင်ရာအမွေအနှစ်တို့အား ဖွံ့ဖြိုးတိုးတက်စေရန်အတွေ့အကြုံဖြင့် ထိန်းသိမ်းစောင့်ရှောက်မှုများ မြှင့်တင်ပေးရန်ဖြစ်သည်။

**Geopark (အမိကမ္ဘာ စခန်းသာ) တို့သည် ဒေသခံလူထုနေထိုင်မှုနှင့် ပတ်ဝန်းကျင်ကို လွှမ်းမိုးထားသဖြင့် ဒေသတစ်ခုလုံးအပေါ် ကောင်းကျိုးသက်ရောက်မှု များစွာရှိသည်။ ရည်ရွယ်ချက်မှာ ဒေသခံလူထုများ မိမိတို့ ဒေသတွင်းရှိ အမွေအနှစ်များ၏ တန်ဖိုးကို သိရှိနားလည်စေရန်နှင့် ဒေသတွင်းယဉ်ကျေးမှုများ ပြန်လည်ရှင်သန်ထွန်းကားလာရေးတွင် ညီညာတက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးပင်ဖြစ်**



ပုပ္ပားတောင် အမိကမ္ဘာစခန်းသာအား Asia Pacific Geopark Network (အာရှပစိဖိတ်အမိကမ္ဘာစခန်းသာကွန်ရက်)ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ ဒေသထွက်ကုန်ပစ္စည်းများ တီထွင်ဖန်တီးခြင်း၊ အဆင့်မြှင့်တင်ခြင်းစသည်တို့ ဘူမိအမွေဆိုင်ရာတို့ ဆက်နွယ်နေမှုကို ဒေသခံလုပ်ငန်းရှင်များနှင့် အာရှပစိဖိတ်ကွန်ရက် ချိတ်ဆက်လျက် ပရဟိတစိတ်ဓာတ်အခြေခံကာ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ် သည်။

ပုပ္ပားတောင်ဒေသကို ၁၉၀၂ခုနှစ်နှင့် ၁၉၁၂ ခုနှစ်အတွင်း ပုပ္ပားကြိုးဝိုင်းနှင့် ပုပ္ပားတိုးချဲ့ကြိုးဝိုင်း စုစုပေါင်း ၈၂၀၈ ဧကကို သစ်တောကြိုးဝိုင်းအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် စုစုပေါင်း ၂၃၆၀၃ ဧကကို ကြက်မောက်တောင်ရေဖမ်းဒေသကြိုးဝိုင်းအဖြစ် တည်ထောင်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် မြန်မာအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်တို့ ပူးပေါင်းမှုဖြင့်သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်များတည်ထောင်ရေးစီမံကိန်း (NATURE CONSERVATION AND NATIONAL PARK PROJECT) စတင်ပေါ်ပေါက်ခဲ့သည်။ ၁၉၈၂ ခုနှစ် မေလမှစတင်၍ "ဥယျာဉ်စီမံကိန်းနယ်မြေ" အဖြစ် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ၁၉၉၃ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့တွင် ပုပ္ပားတောင် ဥယျာဉ်ကို စတင်ဖွင့်လှစ်ခဲ့သည်။

ပုပ္ပားတောင်ဥယျာဉ်အတွင်း တောအမျိုးအစား၊ ပေါက်ရောက်ပင်များ၊ တောရိုင်းတိရစ္ဆာန်များ၊ သဘာဝရေထွက်စမ်းများ၊ ပရဆေးပင်များနှင့် တောရိုင်းတိရစ္ဆာန်မျိုးကွဲများ၊ မီးတောင်ဒေသဘူမိဗေဒဆိုင်ရာ ကျောက်အမျိုးအစားများနှင့် သက်တမ်းများကို လေ့လာ၍ သုတေသနပြုရန် ဘာသာရပ်များစုံလင်လှပေသည်။

သစ်တောဦးစီးဌာန၏ ထိန်းသိမ်းစောင့်ရှောက်မှုဖြင့် ဘက်စုံဖွံ့ဖြိုးလျက်ရှိသော ပုပ္ပားတောင်ဒေသကို ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် အပြိုင်အဆိုင် ကြိုးစားထူထောင်နေကြသည့် ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာ (UNESCO Global Geopark) အဖြစ် တည်ထောင်ရန် အလားအလာအကောင်းဆုံးဒေသဖြစ်ပေသည်။

ပုပ္ပားတောင် ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာ (Mount Popa UNESCO Global Geop-ark) တည်ထောင်ရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ မျိုးဆက်သစ်မြန်မာလူငယ်များအမိနိုင်ငံ၏ ရေ၊ မြေ၊ လူမျိုးယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝသယံဇာတ၊ ရှေးဟောင်းအမွေအနှစ်တို့အပေါ် တန်ဖိုးထားတတ်စိတ်၊ စောင့်ရှောက်ကာကွယ်လိုသည့်စိတ်၊ စီးပွားရေး၊ လူမှုရေးတို့သည် အမိကမ္ဘာဖြစ်စဉ်နှင့် နီးနွယ်နေမှုနှင့် စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးနေမှု ခေတ်မီဘက်စုံသုတေသနလုပ်ငန်းများ ဖြင့် အမိနိုင်ငံ၏ လူနေမှုဘဝများတိုးတက်မြင့်မားစေမှုတို့ဖြစ်ပါသည်။

ပုပ္ပားတောင်ယူနက်စကို ကမ္ဘာလုံးဆိုင်ရာ အမိကမ္ဘာစခန်းသာဖြစ်မြောက်ရေးအတွက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှု၊ သစ်တောဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ရန်ကုန်တက္ကသိုလ်ဘူမိဗေဒဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဌာန၊ ကျောက်ပန်းတောင်း မြို့နယ်ဦးစီးဌာန၊ ပုပ္ပားတောင်ချစ်သူများအသင်းတို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရှေ့ပြေးသုတေသနလုပ်ငန်းများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ယခုအခါ ဘူမိဆိုင်ရာ ပြကွက်ပေါင်း ၄၅ ခုကျော်၊ ရှေးဟောင်းအမွေအနှစ်ပြကွက်များ၊ ၄ုက်မျိုးစုံကျက်စားနေထိုင်မှု၊ ကျောက်ဖြစ်ရုပ်ကြွင်းသစ်တောများနှင့် ယင်းတို့နှင့် အတူနေထိုင်ခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်းရှေးဟောင်းဆင်ရိုးများ၊ သမင်စသည့် သားကောင်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိထားပြီးဖြစ်ရာ ၂၀၁၈ ခုနှစ်ကုန်ခန့်တွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ယူနက်စကိုသို့ အသိအမှတ်ပြုရေး အဆိုပြုတင်ပြရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်။

# ရာသီတုပ်ကွေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း ဟောပြော

**သထုံ ဩဂုတ် ၁**

ရာသီတုပ်ကွေးရောဂါ(H1N1)နှင့် ကြက်ငှက်တုပ်ကွေးရောဂါ(H5N1)ဆိုင်ရာသိကောင်းစရာအချက်များကို သထုံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် တာဝန်ရှိဌာနများ ပူးပေါင်း၍ ဇူလိုင် ၃၀ ရက်က သထုံမြို့ သုဝဏ္ဏခန်းမ၌ ဒေသခံပြည်သူများအား အသိပညာပေးရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အသိပညာပေးဆွေးနွေးပွဲတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်တို့က အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းအိက ရာသီတုပ်ကွေးရောဂါ (H1N1) ဖြစ်ပွားပုံနှင့်ကူးစက်မခံရအောင် ဂရုပြုနေထိုင်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားကာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမက်အောင်က ကြက်ငှက်တုပ်ကွေးရောဂါ(H5N1)နှင့် ပတ်သက်၍ ဂရုပြုရန်လိုအပ်သည့်အချက်များကိုရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ပုံမှန် H1N1 ရောဂါအခြေနေက စိုးရိမ်စရာမရှိပါဘူး။ အသွင်ပြောင်း H1N1 ကသာ စိုးရိမ်စရာပါ။ သူက စစ်ဆေးလိုက်ရင်တော့ H1N1 ရောဂါပိုးပဲတွေ့တယ်။ ဒါပေမယ့်ပိုးမှာရှိတဲ့ အတွင်းကလီစာတွေက ပြောင်းနေတယ်။ လက်ရှိမြန်မာနိုင်ငံမှာဖြစ်နေတဲ့ H1N1 က အသွင်ပြောင်း H1N1 ရောဂါ ဟုတ် မဟုတ် မစစ်ပေးနိုင်သေးဘူး။ ကာကွယ်ဆေးဆိုတာကလဲ သာမန် H1N1 ရောဂါအတွက်ပဲ ကာကွယ်ဆေးရှိတယ်။ အသွင်ပြောင်းအတွက်က မရှိသေးဘူး”ဟု ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းအိက ရှင်းလင်းပြောကြားသည်။



H1N1 ရောဂါဖြစ်ပွားခဲ့သည့်နိုင်ငံအချို့၏ သုတေသနပြုချက်များအရ ရောဂါမကူးစက်နိုင်ရန် ကာကွယ်ရာတွင် နှာခေါင်းစည်း(Mask)များ တပ်ဆင်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများထက် လက်ကိုသန့်ရှင်းစင်ကြယ်အောင်ဆေးခြင်း၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် နေခြင်း၊ ပြင်ပမှပြန်လာပါက အဝတ်အစားချက်ချင်းလဲခြင်း၊ အစားကောင်းကောင်းစားပြီး အိပ်ရေးဝအောင်အိပ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း၊ ကိုယ်ခံအားကောင်းမွန်အောင်နေခြင်း၊ မလိုအပ်ပါက လူများသောနေရာများသို့သွားလာမှုကိုရှောင်ကြဉ်ခြင်း စသည့်အချက်များကို လိုက်နာရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် သထုံခရိုင်အတွင်း H1N1 ရောဂါနှင့်ပတ်သက်သည့်သံသယလူနာများ မရှိသေးသလို ရှိလာပါကလည်း ဆေးရုံ၌ ယာယီထားရှိချိန်အတွက်လိုအပ်သော ပြင်ဆင်မှုများကိုပြုလုပ်ထားပြီးဖြစ်ကြောင်း၊ ရောဂါလူနာများ တွေ့ရှိလာပါက သက်ဆိုင်ရာမြို့နယ်ဆေးရုံများတွင်ကုသခြင်းမပြုဘဲ ဆေးရုံကြီးသို့ ချက်ချင်းစေလွှတ်ရန်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်နှင့်ဘဲမွေးမြူရေး လုပ်ကိုင်သူများနှင့် စိတ်ပါဝင်စားကြသည့် ဒေသခံပြည်သူ ၅၀၀ ဝန်းကျင်ခန့် တက်ရောက်ခဲ့ကြပြီး သိလိုသည်များကိုမေးမြန်းကာ တာဝန်ရှိသူများကလည်း အသေးစိတ်ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြသည်။

**သက်ဦး(သထုံ)**

# အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် လူကုန်ကူးမှု ကာကွယ်တားဆီးရေး အသိပညာပေး

**ဗန်းမော် ဩဂုတ် ၁**

ကချင်ပြည်နယ်ဗန်းမော်မြို့ ကကုန်းမဟတ်ကျေးရွာမှ ဒေသခံပြည်သူများအား လူမှောင်ခို၊ လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုကာကွယ်တားဆီးရေးနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(၁)(ဗန်းမော်)မှ ဒုရဲမှူးအောင်ကျော်မိုးက လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုများအကြောင်းနှင့် တားဆီး ကာကွယ်ရေးဥပဒေများအကြောင်း၊ လူကုန်ကူးမှုများဖြစ်ပွားခြင်းမရှိစေရန်သတိပြုရန်အချက်များ စသည်တို့ကို ဟောပြောပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာဦးက အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်တားဆီးရေးဆိုင်ရာများကို ပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်ဖြူဖြူဝင်းကလည်း သွေးလွန်တုပ်ကွေးရောဂါ၊ HIV/AIDS ရောဂါများနှင့်ပတ်သက်၍သိရှိသင့်သည့်အချက်များနှင့် ကာကွယ်တားဆီးရေးဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း၊ သူနာပြုဆရာမ ဒေါ်ခင်နှင်းဆီက ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်တားဆီးရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အထက်တန်းသူနာပြုဆရာမကြီး ဒေါ်ခင်စန်းထွေးက သွေးလွန်တုပ်ကွေးရောဂါနှင့် H1N1 ရောဂါများနှင့်ပတ်သက်၍ ကာကွယ်တားဆီးရေးဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ခန့်ခန့်စိုးက တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်းကောင်း ဟောပြောခဲ့ကြပြီး ဟောပြောပွဲ တက်ရောက်သော ဒေသခံပြည်သူများအား လူကုန်ကူးမှုဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**ဆီမီးခုံ-နန်းရီ**



# ကျေးရွာစိုက်ပျိုးမြေများအတွက် ရေသွယ်မြောင်းဟောင်းကို ပြန်လည်ပြုပြင်ပေးရန် တောင်သူများမျှော်လင့်

**ကျိုင်းလပ် ဩဂုတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းလပ်မြို့နယ်ခွဲ နမ့်ခင်းကျေးရွာအုပ်စု ပန်ပဲအောက်ကျေးရွာအနီး၌ ၁၉၉၆ ခုနှစ်က တူးဖော်ထားသည့် ရေသွယ်မြောင်းအဟောင်းကို ပြန်လည်တူးဖော်ပေးရန် ဒေသခံတောင်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေသွယ်မြောင်းကို ၁၉၉၆ ခုနှစ်က ဌာနဆိုင်ရာများနှင့် တောင်သူများ ပူးပေါင်း၍ဖောက်လုပ်ခဲ့ကြောင်း၊ ပန်ပဲ၊ လန်တောင်း၊ ဝမ်တုံကျေးရွာမှ တောင်သူ ၆၃ ဦးတို့၏ ကွင်းသစ်လယ်ယာမြေ ဧက ၁၉၀ ခန့်ကိုလုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ အရှည် ၃ မိုင်ခန့်ဖောက်လုပ်ထားသည့် ဆည်ရေသွယ်မြောင်းဖြစ်ကြောင်း၊ မိုးရာသီတွင်နမ့်မွေချောင်း ရေစီးအားကြောင့် ဆည်တံတားများပျက်စီးခဲ့ပြီး လူအင်အားများဖြင့် သစ်/ဝါးများပြုလုပ်ကာ အကြိမ်ကြိမ်ပိတ်သော်လည်း ရေနောက်ပါသွားခြင်းကြောင့် ရေရှည်အသုံးပြု၍ မရသလို ဆောင်းရာသီတွင် တောင်စောင်းများမှ မြေစာများကျ၍ မြောင်းများ ပိတ်ကာအသုံးပြုမရကြောင်း သိရသည်။ ထိုရေသွယ်မြောင်း၏ အောက်ဘက်တွင် စိုက်ပျိုးရန်လယ်ဧကပေါင်း ၁၉၀ ခန့်ရှိပြီး မိုးရာသီတွင် စိမ့်စမ်းရေနှင့်ချောင်း/မြောင်းငယ်များမှရေဖြင့် လယ်ဧက ၂၀ ခန့်ကိုသာ စိုက်ပျိုးနိုင်ကာ၊ ဧက ၁၂၀ ခန့်သည် ရေမရရှိကြောင်း၊ အခြားစိုက်ပျိုးသီးနှံများလည်း မဖြစ်ထွန်းကြောင်း၊ ထိုလယ်မြေများကို စိုက်ပျိုးနိုင်ရန်အတွက် ထိုမြောင်းဟောင်းကိုပြုပြင်ပေးရန် လိုအပ်နေကြောင်း တောင်သူများထံမှ သိရသည်။



မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန်ထွန်းက “၂၀၁၆ ခုနှစ် ဇူလိုင်လမှာ ပါလျှို-ကျိုင်းလပ်ဘက်ကို ကွင်းဆင်းခဲ့ဖူးပါတယ်။ ပန်ပဲသူကြီးနဲ့ရွာက ရပ်မိရပ်ဖတွေကို ကျွန်တော်တို့ဆီကို စာတင်ပေးဖို့ပြောခဲ့ဖူးပါတယ်။ အခုအထိတော့ သူတို့ဆီက စာတွေဘာတွေ တက်လာတာမတွေ့သေး၊ မရှိသေးပါဘူး။ ဒီမြောင်းကို ပြန်လည်ပြင်ဆင်ဖို့ဆိုရင် ရွာရဲ့တင်ပြချက်ရှိဖို့ ဒီခေတ်မှာလိုအပ်ပါတယ်။ အခုသွားနေတဲ့စနစ်က အောက်ကနေတစ်ဆင့် အထက်ကိုအစီရင်ခံစနစ်ဖြစ်တဲ့အတွက် ဒေသအနေနဲ့ ဒါလေးကို တင်ပြဖို့လိုပါတယ်။ သူတို့ဆီက စာတင်လာရင်နီးစပ်ရာဘတ်ဂျက်ထဲမှထည့်ပြီးတော့ လျာထားပေးလို့တော့ရတယ်။ ရန်ပုံငွေရတဲ့အခါကျမှပဲ ဒီကိစ္စအပိုင်းကို ဆောင်ရွက်ပေးလို့ရမှာပါ။ သူတို့ဘက်က စာတင်လာတယ်ဆိုရင် ကွင်းဆင်းတိုင်းတာမယ်။ တိုင်းတာပြီးသွားရင် လိုအပ်တာတင်ပြတောင်းခံပေးသွားမယ်လို့ စီမံရေးဆွဲထားတာတွေတော့ရှိပါတယ်” ဟု ပြောသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ပြည်သူများ စိတ်အပန်းဖြေနိုင်ရန်အတွက် ကျောက်ပန်းတောင်းမြို့တွင် အဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်

**ကျောက်ပန်းတောင်း ဩဂုတ် ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် ပြည်သူများစိတ်အပန်းဖြေစေနိုင်ရန်နှင့်အနုပညာရသကို အပြည့်အဝ ခံစားနိုင်စေရန်အတွက်၊ အဆင့်မြင့်ခေတ်မီ PARADISO ရုပ်ရှင်ရုံသစ်ဖွင့်ပွဲကို ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့သည်။

ရုပ်ရှင်ရုံသစ်ကို ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရွှေကို၊ ရုပ်ရှင်သရုပ်ဆောင်ခန့်စည်သူနှင့် ရုပ်ရှင်သရုပ်ဆောင်ခိုင်သင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအေးခိုင်က ရုပ်ရှင်ရုံသစ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး PARADISO CINEMA ကုမ္ပဏီလီမိတက်မှ ဒုတိယဥက္ကဋ္ဌ ဦးလွင်မိုးက ရုပ်ရှင်ရုံသစ်နှင့်ပတ်သက်၍လည်းကောင်း၊ ရုပ်ရှင်လုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးရှင်သန်လာစေရေးအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

**နေအောင် (ပြန်/ဆက်)**

# စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်း မြစ်ကြီးနားမြို့နယ်၌ ဖွင့်လှစ်

**မြစ်ကြီးနား ဩဂုတ် ၁**

ကချင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်ပွဲကို ဇူလိုင်၃၁ ရက်က မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ပြည်နယ်အတွင်း မူးယစ်ဆေးဝါးအန္တရာယ် ကျဆင်းစေရန်၊ မူးယစ်ဆေးစွဲနေသူများအား ဆေးဝါးကုသမှုပေးကာ ဆေးဖြတ်ပေးနိုင်ရန်နှင့် မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် သင်တန်းကိုဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြောင်း၊ သင်တန်းတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် နောက်ဆက်တွဲပြဿနာများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဥပဒေအကြောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများအား နှစ်သိမ့်ပညာပေးခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကျောင်းသားလူငယ်ထုအတွင်း မူးယစ်ဆေးအန္တရာယ်အကြောင်း အသိပညာပေးခြင်း၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများ၏ အခန်းကဏ္ဍနှင့်အသင်းများဖွဲ့စည်းရေး၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ဝေဒနာရှင်များအား ကူညီဆောင်ရွက်ပေးခြင်း စသည့်ခေါင်းစဉ်များဖြင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားမြို့ မူးယစ်ဆေးစွဲရောဂါကု ဆေးရုံကြီးတွင် ဇူလိုင် ၂၇ ရက်အထိ ဆေးရုံတက်ရောက်ကုသနေသူ ၈၅ ဦးရှိကာ မူးယစ်ဆေးဝါးအစားထိုးကုသဆေး လာရောက်သောက်သုံးကုသနေသူ ၆၇၀ ရှိကြောင်း၊ ပြည်နယ်တစ်ခုလုံးအနေဖြင့် မူးယစ်ဆေးဝါးအစားထိုးကုသဆေး တိုက်ကျွေးကုသပေးသည့်စင်တာများ ၁၃ ခုရှိကြောင်း ကမ္ဘာ့ဆရာဝန်များအဖွဲ့ မြစ်ကြီးနားရုံးမှ ၂၀၁၆ စာရင်းများအရသိရသည်။ ထို့အပြင် မူးယစ်ဆေးသုံးစွဲသူ ၁၂၀၀ အထက်သည် HIV ရောဂါကုသမှုကိုပါ ခံယူနေရပြီး ၁၃၀၀ နီးပါး နေ့စဉ်မက်သဒုံးဆေးဖြင့်ကုသခြင်းကို ခံယူရလျက်ရှိကြောင်း အဆိုပါစာရင်းများအရ သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**



# ရာသီတုပ်ကွေးအဖျားရောဂါကို သဘာဝနည်းဖြင့် ကာကွယ်ပါ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ယခုအခါ မမျှော်လင့်ဘဲ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ(Severe Acute Respiratory Illiness)ဖြစ်ပွားလာပြီး ထိုသူတို့ထဲမှအချို့တွင် Influenza A(H1N1) pdm09 ရောဂါပိုး တွေ့ရှိလာရသည်။ H1N1ဟု ခေါ်လိုက်သည်နှင့် အများပြည်သူတို့ အထူးဂရုပြုလာကြသည်ကိုလည်း တွေ့ရသည်။ ယင်း H1N1 သည် ရာသီတုပ်ကွေးအဖျားရောဂါနှင့် ဆက်စပ်နေနိုင်သည်။ တုပ်ကွေးအဖျားရောဂါကို လူတိုင်းအသိနှင့် သတိရှိစွာဖြင့် သဘာဝအတိုင်း ကာကွယ်နိုင်ပုံအချို့ကို ဖော်ပြလိုပါသည်။

**အိပ်ရေးဝဝအိပ်ပါ**

အိပ်ရေးပျက်ခြင်း၊ အိပ်မပျော်ခြင်း၊ စိတ်ဖိစီးခြင်းစသည်တို့သည်ကော်တီဆော(Cortisol) ဟော်မုန်းကို အချိန်ကြာကြာထွက်နေစေသဖြင့် လူ့ကိုယ်ခံအားစနစ်ကို ဖိနှိမ်ထားခြင်းခံရစေသည်။ နေ့စဉ် ၇ နာရီခန့်အိပ်ရန် လိုအပ်သည်။ ရာသီတုပ်ကွေးဖြစ်တတ်ချိန်တွင် နေ့လယ်ပိုင်းတွင်ပါ မိနစ် ၂၀ ခန့်အချိန်ပေး အိပ်စက်အနားယူနိုင်ပါက ပိုကောင်းပါသည်။ စိတ်ဖိစီးခြင်းကြောင့် ကိုယ်ခံအားစနစ်ကို ထိခိုက်စေနိုင်ကြောင်း လေ့လာမှုများအရ တွေ့ရှိရပြီးဖြစ်ပါသည်။

**ဆေးလိပ်မသောက်ပါနှင့်**

ဆေးလိပ်သောက်ခြင်းကြောင့် အသက်ရှူလမ်းကြောင်းရောင်ရမ်းမှု၊ ဘက်တီးရီးယားပိုးများ အလွယ်တကူဝင်ရောက်စေမှုများ ဖြစ်စေနိုင်သည်။

**အရက်မသောက်ပါနှင့်**

အရက်ကြောင့် ကိုယ်ခံအားစနစ်ကို ထိခိုက်စေသလို အဆုတ်ကိုလည်း ထိခိုက်လွယ်စေသည်။

**အစားအစာ**

သစ်သီး၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များကို စားပေးပါ။ ယင်းတို့သည် ကိုယ်ခံအားစနစ် ကြံ့ခိုင်စေရေးအတွက် အထူးလိုအပ်သော ကုန်ကြမ်းများဖြစ်ပါသည်။ Bone broth ခေါ် အရိုးစွပ်ပြုတ်များသည်လည်း ကိုယ်ခံအားစနစ်ကိုအကျိုးပြုနိုင်သည်။ အသားဓာတ်သည်လည်း ခန္ဓာကိုယ်၏ ခုခံကာကွယ်ရေးစနစ်အတွက်အထူးလိုအပ်သည်။ Anti-body ခေါ် ပဋိပစ္စည်းများ တည်ဆောက်ရာတွင်အမိုင်နိုအက်စစ်ခေါ် ပရိုတင်း အသားဓာတ်နှင့် စစ်စတင်းန်(Cysteine)ခေါ် အသားဓာတ်တို့က အဓိကနေရာတွင် ပါဝင်သည်။

**အကျိုးပြုဘက်တီးရီးယားများ**

Probiotics ခေါ် ခန္ဓာကိုယ်အတွက် အကျိုးပြုသည့် ဘက်တီးရီးယားများကို ထိန်းသိမ်းပြန့်ပွားစေသောဆေးများသည် ယခုအချိန်တွင်အထူးအကျိုးပြုနိုင်သည်ကို တွေ့ရသည်။ ယင်းသည်အစာလမ်းကြောင်းနှင့် အသက်ရှူလမ်းကြောင်းတွင် ကူးစက်ရောဂါပိုးများ ဝင်ရောက်ခြင်းကို ကောင်းစွာ တားဆီးနိုင်သည်။ ဒိန်ချဉ်ကိုစားသုံးပေးခြင်းကလည်း၊ အကျိုးပြုဘက်တီးရီးယားများကိုတိုးပွားစေနိုင်သည်။ လူ့ကိုယ်ခံအားစနစ်သည် အူလမ်းကြောင်းတွင် ၇၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရသည်။

**နေပူစာလှုံပါ**

နေရောင်သည်အရေပြားမှတစ်ဆင့် Vitamin D ဗီတာမင်ဒီကို ထွက်စေနိုင်ပါသည်။ နေရောင်ခြည်တွင် ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် ထိတွေ့လိုက်ခြင်းဖြင့် လိုအပ်သောဗီတာမင်ဒီကို ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။ ဗီတာမင်ဒီပမာဏနည်းပါးခြင်းသည် ကိုယ်ခံအားစနစ်ကို အားနည်းစေနိုင်သည်ကို တွေ့ရသည်။ ၂၀၁၀ ခုနှစ် လေ့လာမှုတစ်ခုအရ ဗီတာမင်ဒီ 1200 IU ပါဝင်သောဆေးပြား နေ့စဉ်သုံးစွဲပါကတုပ်ကွေးအဖျားကို ကာကွယ်နိုင်ကြောင်း သိရသည်။



**Hand sansitizers ခေါ် လက်ဆေးရည်အများစုတွင် triclosan ခေါ် ဓာတုပစ္စည်းပါဝင်လေရာ ယင်းသည်တိရစ္ဆာန်များတွင် ဟော်မုန်းများကို ထိခိုက်စေနိုင်ကြောင်း တွေ့ရသည်။ လက်ဆေးပါကဆပ်ပြာနှင့် ရေကိုသာသုံးခြင်းက ပိုထိရောက်ပြီး အန္တရာယ်ကင်းစေသည်။ လာဗင်ဒါအဆီကိုသုံးနိုင်သည်ဟုလည်း သိရသည်။ လက်ဆေးကြွေဇလုံများ၊ တံခါးလက်ကိုင် များ၊ အိမ်သာများကိုကောင်းစွာသန့်ရှင်းနေစေသင့်သည်။**

**ကိုယ်လက်လှုပ်ရှားမှု**

နံနက်ပိုင်းတွင်သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှုကို မိနစ် ၃၀ မျှ လုပ်ပေးခြင်းဖြင့် ကိုယ်ခံအားစနစ်ကို ကြံ့ခိုင်စေနိုင်သလို ညအခါကောင်းစွာအိပ်ပျော်စေနိုင်သည်။

**စားသင့်သောအစာများ**

ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း(ဂျင်း)တို့ကို စားသုံးပေးပါ။ ကြက်သွန်ဖြူတွင် အော်လင်း Allin နှင့် အော်လီနေ့စ် Allinase ခေါ် ဒြပ်ပေါင်းနှင့် အင်ဇိုင်းတို့ ပါဝင်သည်။ ကိုယ်ခံအားစနစ်ရှိ တီဆဲလ်(T Cell)တို့ကို ထိုဓာတ်တို့ကအားပေးသည်။ ကြက်သွန်နီတွင်ကန့်ဓာတ်(Sulphar)၊ အော်လီနေ့စ်၊ ဖလေဗင်နွိုက်စ်၊ ဖီနောလစ်ဒြပ်ပေါင်းများ စသည့် antioxidants ခေါ် ခန္ဓာကိုယ်ကိုထိခိုက်စေသည့် ဓာတ်ညစ်များကိုဖယ်ရှားပေးနိုင်သော ဓာတ်များ၊ မှိုပိုးများကိုသတ်နိုင်သည့်ကွီနိုလင်း Quinolines များ စသည်တို့ ပါဝင်သည်။ အသက်ရှူလမ်းကြောင်း၊ အူလမ်းကြောင်းတို့ရှိ ရောဂါပိုးများနှင့် တုပ်ကွေးဗိုင်းရပ်စ်တို့ကို ခံနိုင်ရည်ရှိကြောင်း သိရသည်။

ချင်း(ဂျင်း)တွင်အဓိကအားဖြင့် ဂျင်ဂျီရောလ်ဓာတ် (Gingerol) ပါဝင်သည်။ အအေးမိနှာစေးမှအစ တုပ်ကွေးရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းရောဂါ ဝင်ရောက်မှုများကို ခံနိုင်ရည်ရှိစေသည်ဟု သိရသည်။ ရေနွေးကြမ်း(လက်ဖက်ခြောက်)ကိုလည်း သင့်တင့်စွာသောက်သုံးပေးသင့်သည်။ အချို ရည်များ၊ ရေခဲရေများ မသောက်သင့်ပါ။

**ရှောင်သင့်သောအစာများ**

Processed food ခေါ် ကြာရှည်ခံစေရန် စီမံထားသော အစားအစာများကိုရှောင်သင့်ပါသည်။ သန့်ရှင်းလတ်ဆတ်သော အစားအစာများကိုသာ စားသုံးသင့်သည်။

**ဗီတာမင်ဓာတ်များ**

ဗီတာမင်စီနှင့် ဇင့်ဓာတ်တို့သည် ခုခံကာကွယ်ရေးစနစ်ကို ကောင်းစွာအကျိုးပြုနိုင်သည်။ ၂၅ မီလီဂရမ်ရှိ ဇင့်ဆေးပြားကို သုံးဆောင်နိုင်သည်။ အစေ့အဆန်များ၊ ပဲများ၊ နို့၊ ဥများ၊ ပင်လယ်စာ၊ စိမ်းစိုသောအသီးအရွက်များတွင် ဇင့်ဓာတ်ကြွယ်ဝပါသည်။ အရည်ရွှမ်းသောသစ်သီးများကို စားပေးခြင်းဖြင့် သဘာဝဗီတာမင်စီများစွာရစေနိုင်သည်။

**လက်မှန်မှန်ဆေးပါ။**

Hand sansitizers ခေါ် လက်ဆေးရည်အများစုတွင် triclosan ခေါ်ဓာတုပစ္စည်း ပါဝင်လေရာ ယင်းသည်တိရစ္ဆာန်များတွင် ဟော်မုန်းများကို ထိခိုက်စေနိုင်ကြောင်း တွေ့ရသည်။ လက်ဆေးပါကဆပ်ပြာနှင့် ရေကိုသာသုံးခြင်းက ပိုထိရောက်ပြီး အန္တရာယ်ကင်းစေသည်။ လာဗင်ဒါအဆီကိုသုံးနိုင်သည်ဟုလည်း သိရသည်။ လက်ဆေးကြွေဇလုံများ၊ တံခါးလက်ကိုင်များ၊ အိမ်သာများကိုကောင်းစွာသန့်ရှင်းနေစေသင့်သည်။

**နေသင့်သောနေရာများ**

နေအိမ်တံခါးများဖွင့်ထားပါ။ လေဝင်လေထွက် ကောင်းပါစေ။ နေအိမ်ထဲတွင်တတ်နိုင်သမျှသန့်ရှင်းခြောက်သွေ့နေအောင်ဆောင်ရွက်ပါ။

အသက်၆၅ နှစ်အထက် လူကြီးများ၏ ကိုယ်ခံအားစနစ်တွင် တီဆဲလ်( T Cells )များ လျော့ကျသွားတတ်သည်။ ထိုဆဲလ်တို့သည် ကူးစက်ရောဂါပိုးများကိုတိုက်ခိုက်သည့် အဓိကခုခံဆဲလ်များဖြစ်ကြသည်။ ကလေးငယ်များ၊ နာတာရှည်ရောဂါရှင်များ၊ ခုခံအားကျနေသူများကို အထူးဂရုပြုစောင့်ရှောက်ပါ။ လူစုလူဝေးများရာ၊ လေဝင်လေထွက်မကောင်းသောနေရာများတွင် အချိန်ကြာကြာနေခြင်းကိုရှောင်ပါ။ Mask ခေါ် နှာခေါင်းစည်းများ တပ်ဆင်သွားလာပါ။ အထူးသဖြင့် မိမိတွင်အအေးမိနှာစေးပြီဆိုကတည်းက Mask ကိုမဖြစ်မနေတပ်ဆင်ပါ။ အခြားသူများထံ မကူးစက်စေရန်ဖြစ်သည်။ အအေးမိနှာစေးရာမှ အဖျားဝင်၊ ကိုယ်လက်ကိုက်ခဲလာပြီဆိုသည်နှင့် ဆရာဝန်များ၊ အနီးဆုံးကျန်းမာရေးဌာနများသို့ ပြသကာလိုအပ်သလိုဆောင်ရွက်ပါ။

**တစ်ကိုယ်ရည်သန့်ရှင်းရေး**

လူတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထား ဆောင်ရွက်သင့်သည်။

ယခုဖြစ်ပေါ်နေသော ရာသီတုပ်ကွေးအဖျားရောဂါကို အထူးစိုးရိမ်စွာဖြင့် ကာကွယ်နေစရာမလိုသလို ပေါ့ဆစွာဖြင့်လည်း မနေသင့်ပါ။ မျှတသောအသိတို့ဖြင့် လက်တွေ့ ကာကွယ်ဆောင်ရွက်နိုင်ကြပါသည်။ ယခုဖော်ပြခဲ့သော သဘာဝနည်းများဖြင့် ကာကွယ်စောင့်ရှောက်ခြင်းတို့သည် ရာသီတုပ်ကွေးအဖျားရောဂါကို အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်ကြလိမ့်မည်ဟု ယူဆမိပါသည်။ ။

## ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အသိပေးရှင်းလင်း

**မလှိုင် ဩဂုတ် ၁**

မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မူလငွေလုံးငွေရင်းရန်ပုံငွေ ၊ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေနှင့် မွမ်းမံရန်ပုံငွေများဖြင့် မြို့နယ်အတွင်း ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတား၊ ရေပေးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပေးရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ဇူလိုင် ၂၅ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်းက လုပ်ငန်းအရည်အသွေး ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး လမ်းညွှန်မှာကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ဗိုလ်ဗိုလ်က ဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့်ကို အသိပေးရှင်းလင်းပြောကြားသည်။

မလှိုင်မြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မူလငွေလုံးငွေရင်းရန်ပုံငွေဖြင့် ညောင်အုပ်-ချင်းလျားလမ်း ကျောက်ချောခင်းခြင်း၊ ကျွဲခြံ - ဇီးဖြူကန် - နှောကန်လမ်းတွင် ရေကျော်တစ်စင်း၊ မင်းရွာ-ထမ္မကြီးလမ်းတွင် ရေကျော်တစ်စင်း၊ မလှိုင်- မြင်းဦးလှည့်လမ်းတွင် ရေကျော်တစ်စင်းနှင့် ရေချိုဘူတာ-ဆည်တို-ဒဟတ္တန်း-လဲတောလမ်းတွင် Box Culvert နှစ်စင်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကာ စက်ရေတွင်း ခုနစ်တွင်း၊ လက်တူးတွင်း သုံးတွင်း တူးဖော်ခြင်းများကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် မြေသားလမ်း ငါးလမ်း၊ အရှည် ၁၁ မိုင်ခင်းခြင်း၊ ကွန်ကရစ်တံတားတစ်စင်းကို တည်ဆောက်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကာ မွမ်းမံရန်ပုံငွေဖြင့် သစ်သားတံတားတစ်စင်း ပြုပြင်ခြင်း၊ ကျေးရွာလေးရွာ၌ မြေသားရေကန်များ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## မိုးစပါးစိုက်ခင်းများပျက်စီး၍ တောင်သူများ မျိုးစပါးများလိုအပ်နေ

**ရေတာရှည် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးစပါးများ စိုက်ပျိုးခဲ့ပြီးဖြစ်ရာ လက်ရှိစိုက်ပျိုးပြီးစီးသည့် စိုက်ခင်းများမှာ စပါးများ အပင်မပေါက်ခြင်းနှင့် အကြိမ်ကြိမ် အခါအခါ ပြန်လည်စိုက်ပျိုးကြရခြင်းတို့ကြောင့် မျိုးကောင်းမျိုးသန့်များ လိုအပ်လျက်ရှိနေကြောင်း တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

ဇူလိုင်လပထမပတ်အတွင်းက စတင်စိုက်ပျိုးခဲ့ကြသော မိုးစပါးစိုက်ခင်းများမှာ ရေဝပ်ခြင်း၊ မျိုးမသန့်ခြင်းနှင့် လယ်မြေများစမ်းပေါက်၍ နေရာကွက်ကြားသာ အပင်ပေါက်ခြင်းတို့ကြောင့် ပြန်ဖျက်၍ စိုက်ပျိုးကြရခြင်းတို့ ဖြစ်ခဲ့သည်။ ယခုအချိန်တွင် ပြန်လည်စိုက်ပျိုးကြရမည့် တောင်သူများအနေဖြင့် မျိုးလိုအပ်ချက်အပြင် ငွေကုန်ကြေးကျ အခက်အခဲများလည်း ဖြစ်ပေါ်နေရသည်ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ တောင်သူတစ်ဦးက ပြောကြားသည်။

“ကျွန်တော်ဆို ပြန်စိုက်ရတာ သုံးခါရှိပြီဗျာ။ အခုလည်း ပြန်ကြဲတဲ့စပါးတွေက ကြို့တို့ကျဲတဲပဲ။ စိတ်တွေလည်းပျက်နေပြီ။ မျိုးဖိုးကုန်ပြီး အရာမရောက်ဖြစ်နေတာ ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး”ဟု အဆိုပါ တောင်သူကပင် ဆက်ပြောသည်။

လက်ရှိ စပါးစိုက်ပျိုးသည့်တောင်သူများမှာ နွေ၊ မိုး၊ ဆောင်း သီးထပ်သီးညှပ်အဖြစ် စပါးနှင့် ပဲအမျိုးမျိုးကို စဉ်ဆက်မပြတ် စိုက်ပျိုးကြရသည့်အတွက် လယ်မြေများ မြေဆီဩဇာခန်းခြောက်ခြင်းအပြင် မြေဩဇာ၊ ဓာတုဆေးဝါးများ အလွန်အကျွံသုံးစွဲကြခြင်းကြောင့် မြေဆီလွှာများ ပျက်စီးလာခြင်းကြောင့်လည်းကောင်း၊ ရာသီဥတု အပြောင်းအလဲဖြစ်ကာ မိုးများလွန်းခြင်း၊ နေပူလွန်းခြင်း စသည်တို့ကြောင့်လည်းကောင်း မိုးစပါးစိုက်ခင်းများ မအောင်မြင်ဘဲ ပျက်စီးမှုများ ကြုံတွေ့လာရခြင်းဖြစ်ကြောင်း တောင်သူအချို့က သုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**



# ရေစကြိုမြို့နယ်အတွင်း၌ ထန်းပင်များ ပျက်သုဉ်းမည့်ဘေး ဆိုက်ရောက်လျက်ရှိ

**သတင်းဆောင်းပါး-အိမွန်ဆွေ(ရေစကြို)**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်၏ ရေမြေရာသီဥတုအရ အများဆုံးပေါက်ရောက်သောသစ်ပင်မှာ ထန်းပင်များဖြစ်ကြသည်။ မိုးနည်းရပ်ဝန်းဒေသများတွင် ပေါက်ရောက်လေ့ရှိသော ရှားပင်၊ ထနောင်းပင်များလည်း ရေစကြိုမြို့နယ်၌ ပေါက်ရောက်သည့်တိုင် အပင်ပေါက်နှုန်းနည်းသဖြင့် ရေစကြိုမြို့နယ်၏ သစ်တောလွှမ်းခြုံမှုဧရိယာမှာ ၁၂ ဒသမ ၇၅ ရာနှုန်းသာရှိသည်ဟု သိရသည်။ မြို့နယ်၏ အဓိက သစ်ပင်များဖြစ်သည့် ထန်းပင်များမှာ ယခုအခါတွင် ထန်းတက်သူမရှိသလောက်နည်းလာပြီး အပင်လိုက်ရောင်းချမှု များလာသဖြင့် ထန်းပင်များ တဖြည်းဖြည်းလျော့နည်းပျက်စီးလာလျက်ရှိကာ ထန်းပင်များ လုံးဝပျက်သုဉ်းသွားမည်ကိုပါ စိုးရိမ်နေရကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် ယခင်နှစ်များက ထန်းတက်ကာ ထန်းလျက်ချက်၍ ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများပြားခဲ့သော်လည်း ယခုနှစ်တွင် ထန်းတက်သူလျော့နည်းလာခဲ့ပြီး အခြားမြို့များနှင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူများသာ များပြားလာလျက်ရှိသည်။ ထိုသို့ထန်းတက်သူလျော့နည်းလာသဖြင့် ထန်းပင်များမှ ဝင်ငွေလည်း မရကြတော့သဖြင့် တက်ရောက်သူမရှိဘဲ ပစ်ထားကြရသည့် ထန်းပင်များကို တန်ဖိုးထားသူလျော့နည်းလာပြီး ငွေကြေးရရှိရန် အပင်ခုတ်လှဲရောင်းချမှု များပြားလာလျက်ရှိသည်ဟု သိရသည်။

လက်ရှိအချိန်တွင် သက်တမ်းရင့်ထန်းတစ်ပင် ခုတ်လှဲရောင်းချလျှင် ငွေကျပ်တစ်သောင်းကျော် ရရှိလျက်ရှိ၍ ထန်းမတက်တော့သော ထန်းပင်ပိုင်ရှင်များအနေဖြင့် ငွေကြေးရရန် အပင်များကို အလွယ်တကူ ခုတ်လှဲရောင်းချကြလျက်ရှိသည်။ ယခုနှစ်များအတွင်းတွင် အိမ်ဆောက်လုပ်ရန် သစ်မာများမှာလည်း ဈေးနှုန်းမြင့်တက်လာလျက်ရှိ၍ ဒေသအတွင်း လွယ်ကူစွာရရှိနိုင်သော ထန်းပင်များကို အဆောက်အအုံဆောက်လုပ်ရာ၌ လိုအပ်လျက်ရှိသော ထုတ်၊ ရောက်၊ တန်းများနေရာတွင် သစ်အစားထိုးအဖြစ် တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြကာ ခုတ်လှဲရောင်းချမှု များလာခြင်းဖြစ်သည်။

ယခင်က ထန်းတက်သူ၊ ထန်းလုပ်ငန်းလုပ်ကိုင်သူ များပြားခဲ့သဖြင့် ထန်းလျက်အထွက်လည်း များခဲ့ပြီး ရေစကြိုမြို့ပေါ်မှ ထန်းလျက်ပွဲရုံများသို့ နေ့စဉ် ထန်းလျက်ဝင်ရောက်မှုလည်း များခဲ့သည်ဟုသိရသည်။



မဆင်မခြင်တောမီးရှို့ခြင်းများကြောင့် ထန်းပင်များမီးလောင်ပျက်စီးလျက်ရှိသည်ကို တွေ့ရစဉ်

"အရင်ကတော့ ကျွန်မတို့ပွဲရုံမှာ တစ်နေ့ ထန်းလျက် ပိဿာချိန်နှစ်သောင်းလောက် အဝင်ရှိပါတယ်။ ဒီနှစ်ပိုင်းမှာတော့ တစ်ရက်ကို ပိဿာချိန် ၂၅၀၀ လောက်ပဲ အဝင်ရှိတော့တယ်။ ထန်းတက်တဲ့သူ အတော်ကိုလျော့သွားတာပါ။ ထန်းတက်သမားတော်တော်များများက ထန်းမတက်ကြတော့ဘူး။ တခြားအလုပ်တွေလုပ်လာကြတယ်။ အရင်ကတော့အဖေက ထန်းသမားဆိုရင် သားသမီးတွေလည်း ထန်းအလုပ်ကို ဆက်လုပ်ကြတယ်၊ ယောကျ်ားလေးဆိုရင် ထန်းတက်သင်တယ်။ မိန်းကလေးဆိုရင် ထန်းလျက်ချက် သင်ကြတယ်။ အခုနောက်ပိုင်းမှာတော့ ထန်းတက်တဲ့သူလည်း နည်းလာတယ်။ သားသမီးတွေကလည်း ဖခင်အလုပ်ကိုဆက်လက်သင်ယူခြင်း မရှိတော့ဘူး။ နောင်ဆိုရင် ထန်းသမားမျိုးဆက် ပျက်သွားမယ်ထင်တယ်။ ထန်းမတက်ကြတော့ ထန်းပင်ကိုလည်း တန်ဖိုးမထားကြတော့ဘူး။ ထန်းပင်တွေကို ခုတ်လှဲနေကြတယ်။ ထန်းပင်အောက်က မြေယာကိုပဲ ရောင်းချစားနေကြတာတွေလည်း မြင်တွေ့နေရတယ်။ ထန်းမျိုးပျက်သုဉ်းသွားမှာကိုတော့ စိုးရိမ်ရတယ်"ဟု GY ထန်းလျက်ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဝေက ပြောသည်။

ထို့အပြင် မဆင်မခြင် တောမီးရှို့ခြင်းများကြောင့်လည်း ထန်းပင်များ မီးလောင်ပျက်စီးလျက်ရှိသည်သဖြင့် ရေစကြိုမြို့နယ်၌ ထန်းပင်များပျက်သုဉ်းမည့်ကပ်ဘေး ဆိုက်ရောက်လျက်ရှိကာ ယခုလို ထန်းပင်များကို ခုတ်လှဲမှုများပြားလာသဖြင့် နောင်နှစ်ပေါင်း ၅၀ ခန့်ကြာလျှင် ရေစကြိုမြို့မှ လူများအနေဖြင့် ထန်းပင်များကိုမြင်ဖူးရန် ပြတိုက်တွင် သွားရောက်ကြည့်ရှုကြရတော့မည်ဟု ဒေသခံအချို့က ပြောဆိုလျက်ရှိသည်။ ။

## ဖျာပုံမှ ရန်ကုန်သို့ တစ်ရက်လျှင် ဘဲဥအလုံးရေတစ်သိန်းကျော် တင်ပို့လျက်ရှိ

**ဖျာပုံ ဩဂုတ် ၁**

H1N1 ရာသီတုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဖျာပုံမြို့နယ်၌ ဝက်သား၊ ကြက်သားနှင့် ကြက်ဥများကို စားသုံးမှုနည်းပါးသွားပြီး သားငါးဈေးကွက်တွင် ဘဲဥများ ရောင်းအားကောင်းလျက်ရှိနေသလို စီးပွားရေးမြို့တော် ရန်ကုန်မှလည်း နယ်မြို့များသို့ ဘဲဥများတင်ပို့ပေးရန် ကမ်းလှမ်းချက်များအရ ဇူလိုင် ၃၀ ရက်က ဖျာပုံမှ ရန်ကုန်သို့ထွက်မည့် ငြိမ်းချမ်းသာကြီး နှစ်ထပ်ရေယာဉ်ဖြင့် ဘဲဥအလုံးရေ ကိုးသောင်းကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

အဆိုပါရေယာဉ်စာရေးက ရေယာဉ်ပေါ်တွင် ဘဲဥအလုံးရေ ကိုးသောင်းကျော် တင်ဆောင်ထားကြောင်း၊ ယခုရက်များတွင် ဘဲဥများ ရန်ကုန်သို့ရောက်သည်နှင့် ကမ်းနားမှာပင် ဘဲဥကုန်သည်များက အပြိုင်အဆိုင် လာရောက်ဝယ်ယူကြလျက်ရှိကြောင်းပြောသည်။ နှစ်ထပ် ရေယာဉ်ဖြင့် ယခုရက်ပိုင်းအတွင်း နေ့စဉ် ဘဲဥအလုံးရေ ကိုးသောင်းကျော်ကို ဖျာပုံမှ ရန်ကုန်သို့ တင်ပို့လျက်ရှိသလို ကားများဖြင့်လည်း ဘဲဥအလုံးရေ သုံးသောင်းကျော်ကို နေ့စဉ်တင်ပို့လျက်ရှိကြောင်း ဖျာပုံမြို့ရှိ ဘဲဥရောင်းချသူများထံမှ သိရသည်။

ရန်ကုန်တွင် ဘဲဥများ ဈေးကောင်းရနေသဖြင့် ဖျာပုံမှ ဘဲဥတင်ပို့ရောင်းချသူများလည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ဖျာပုံမြို့မှ ဘဲဥရောင်းသူတစ်ဦးဖြစ်သည့် ဦးမျိုးမြင့်က ဖျာပုံတွင် ဇူလိုင် ၃၀ ရက်က ဘဲဥဈေး တစ်လုံး ၁၁၀ ကျပ် ရှိကြောင်း၊ ရန်ကုန်ဈေးကွက်တွင် ကမ်းနား၌ပင် တစ်လုံးလျှင် ၁၁၅ ကျပ်မှ ၁၂၀ ကျပ်အထိရကာ ဘဲဥ အလုံးကြီးလျှင် ဈေးပိုမြင့်၍ ရောင်းလို့ရကြောင်း ပြောသည်။





ဘဲဥများကို ရေယာဉ်ဖြင့်တင်ပို့နေစဉ်

ဖျာပုံမြို့မှ ဘဲမွေးသူတစ်ဦးကမူ လက်ရှိအချိန်တွင် လယ်ကွင်းများအတွင်း စပါးပင်များ ရှင်သန်ကြီးထွားရန် ဓာတုဆေးဝါးများ ထည့်သွင်းပက်ဖျန်းထားခြင်းတို့ကြောင့် ဘဲများအတွက် အန္တရာယ်ရှိပြီး လွှတ်ကျောင်း၍မရသဖြင့် ဥနှုန်းကျကြောင်း၊ ယခုရက်များတွင် ဖျာပုံနှင့် ရန်ကုန်ဈေးကွက်၌ ဘဲဥများ ဝယ်လိုအားကောင်းနေခြင်းနှင့် ဥနှုန်းကျနေခြင်းတို့ကြောင့် ဘဲဥဈေးများ တက်ရန် အလားအလာရှိနေကြောင်း ခန့်မှန်းပြောကြားသည်။

**အောင်ဝင်း(ဖျာပုံ)**

## ရဲတပ်ဖွဲ့ဝင်များအား H1N1 ပညာပေးဟောပြော

**ဘားအံ ဩဂုတ် ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်နယ်မြေရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့မိသားစုဝင်များအား H1N1 တုပ်ကွေးရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၃၀ရက်က ကျင်းပခဲ့ပြီး ထုံးအိုင်တိုက်နယ်ဆေးရုံမှ MSC အထက်တန်းသူနာပြု ဆရာမ ဒေါ်ခင်မိုးမိုးလွင်နှင့် သူနာပြုဆရာမများက အသိပညာပေး ဟောပြောခဲ့ကြသည်။ ဟောပွဲသို့ထုံးအိုင်နယ်မြေရဲစခန်းမှူး၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြပြီး ရဲအုပ်ညီညီမိုးက လတ်တလော ကျန်းမာရေးဆိုင်ရာကိစ္စများတွင် H1N1ဗိုင်းရပ်စ်ရောဂါများ ဖြစ်ပွားနေ၍ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့မိသားစုဝင်များအနေဖြင့် ကျန်းမာရေးကို ဂရုပြုနေထိုင်ကြရန်၊ အနေအထိုင် အသွားအလာ အစားအသောက်များကို ဆင်ခြင်ကြရန်နှင့် ရောဂါဖြစ်ပွားမှု တစ်စုံတစ်ရာ ခံစားရလျှင် ဆေးမြီးတိုဖြင့်ကုသခြင်းမျိုးကို ရှောင်ကြဉ်ကြရန်၊ တပ်ဖွဲ့ဝင်မိသားစုများအနေဖြင့် နေထိုင်မကောင်းပါက သတင်းပို့ကြရန်နှင့် ကျန်းမာရေးဌာနမှ အသိပညာပေးချက်များကို မှတ်သားလိုက်နာရန် အမှာစကားပြောကြားသည်။

ထို့နောက် အထက်တန်းသူနာပြုဆရာမက H1N1 တုပ်ကွေးရောဂါနှင့် ပတ်သက်သည့် ရောဂါလက္ခဏာများ၊ ကာကွယ်ရန်နည်းလမ်းများကို ပြောကြားခဲ့ပြီး တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများအား ရောဂါကာကွယ်ရေးတွင် အသုံးပြုရန် Mask များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး (ဘားအံ)**

## လျှပ်စစ်ဓာတ်အားပေး နည်းပညာသစ်အကြောင်း စာနယ်ဇင်းရှင်းလင်း

**ရန်ကုန် ဩဂုတ် ၁**

ဒေါပုံမြို့နယ်တွင် ဩဂုတ် ၁ ရက်မှ စတင်အသုံးပြုမည့် လျှပ်စစ်ဓာတ်အားပေး နည်းပညာသစ်ဖြစ်သည့် Advance Metering Infrastructure(AMI) နည်းပညာကို အသုံးပြုမည့်အကြောင်းနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်မြို့ Orchid Hotel ၌ ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါနည်းပညာတွင် ဓာတ်အားသုံးစွဲသူများအနေဖြင့် ကိုယ်ပိုင်လက်ကိုင်ဖုန်းဖြင့် သုံးစွဲယူနစ်၊ ကျသင့်ငွေတို့ကို ကြည့်ရှုနိုင်ပြီး Mobile Billing စနစ် အသုံးပြု၍ တိကျစွာ ငွေပေးချေနိုင်သည့်အပြင် လျှပ်စစ်ဌာနမှလည်း အလိုအလျောက်မီတာဖတ်စနစ် (Automatic Meter Reading-AMR)ကို အသုံးပြု၍ Central Control Center မှ ထိန်းချုပ်ကြီးကြပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အဆိုပါနည်းပညာသစ် စမ်းသပ်အသုံးပြုမှုနှင့် ပတ်သက်၍ Myanmar Machinery Manufacturing ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးမျိုးအောင်က "ကျွန်တော်တို့ ပြီးခဲ့တဲ့နှစ်လကစပြီး အဆင့်ဆင့်သုံးစွဲခဲ့ပြီးတော့မှ ဩဂုတ် ၁ ရက်မှစပြီး တရားဝင် Pilot Project အနေနဲ့ ရန်ကုန်တိုင်း လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က ကျွန်တော့်ကို ဆောင်ရွက်ခိုင်းတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ငွေကြေးကိုတစ်ပြားမှမယူဘဲ ငွေကြေးအခမဲ့နဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်" ပြောကြားသည်။

ကုမ္ပဏီအနေဖြင့် တောင်ကိုရီးယားနိုင်ငံမှ Software၊ Hardware ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် AMI နည်းပညာသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည့်အပြင် ကုန်ကျစရိတ် အသက်သာဆုံးဖြစ်စေသလို မြန်မာနိုင်ငံ၏ e-Government ဖော်ဆောင်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစနစ်တွင်ပါဝင်သော နည်းပညာရပ်များကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရေးဆွဲထားကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ကြို့ပြင်ကာကွယ်တောရှိ သစ်စိုက်ခင်း ဧက ၅၀ ကို ကျေးရွာပိုင် လွှဲပြောင်းပေးအပ်

**ရေဦး ဩဂုတ် ၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ရွာငယ်ကြို့ပြင်ကာကွယ်တော၌ ၂၀၁၁-၂၀၁၂ ခုနှစ်က စိုက်ပျိုးတည်ထောင်ထားသည့် ငါးနှစ်သားနှင့်အထက် ကြို့ပြင်စိုက်ခင်းကို ဒေသလိုအပ်ချက်အရ ပြည်သူများသုံးစွဲနိုင်ရေးအတွက် ကျေးရွာပိုင်စိုက်ခင်းအဖြစ် ဇူလိုင် ၂၉ ရက်က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာပိုင်စိုက်ခင်း လွှဲပြောင်းပေးအပ်ပွဲတွင် ရေဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း(၉)က ကျေးရွာပိုင်စိုက်ခင်းမှ ထင်း၊ တိုင်၊ မျောအဖြစ် ခုတ်ယူသုံးစွဲခွင့်လက်မှတ်များကို ကျေးရွာနေပြည်သူများကိုယ်စား ရေမျက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆွေသိန်းထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ခင်းအတွင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး စိုက်ခင်းတာဝန်ခံ တောအုပ်ကြီးဦးဝေလင်းဖြိုးက ကျေးရွာပိုင်စိုက်ခင်း စိုက်ပျိုးထားမှုများကို ရှင်းလင်းပြသခဲ့သည်။

ထိုသို့ ကျေးရွာပိုင်စိုက်ခင်းများ တည်ထောင်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေးအတွက် လိုအပ်သော ထင်း၊ တိုင်၊ မျောများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကာ ဒေသလိုအပ်ချက်အတွက် သဘာဝတောမှ သစ်တောသယံဇာတများကို ထုတ်ယူသုံးစွဲနေရမှုကိုလည်း လျှော့ချသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ သဘာဝတောများ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်၊ သစ်တောထွက်သယံဇာတများကို ထိန်းသိမ်းကာကွယ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို မထိခိုက်စေရန်နှင့် ဒေသခံပြည်သူများအနေဖြင့် စိုက်ခင်းမှ စနစ်တကျ ထုတ်ယူသုံးစွဲရေး အသိတရားများ ဖြစ်ပေါ်လာကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ယခုလို ကျေးရွာပိုင်စိုက်ခင်းမှထွက်ရှိသော သစ်များကို ကျေးရွာလိုအပ်ချက်အတွက် အသုံးပြုရန် ပေးအပ်ခြင်းဖြစ်ကြောင်း၊ စိုက်ခင်းထွက် ပစ္စည်းများကိုသာ အသုံးပြုရန် ပေးအပ်ခြင်းဖြစ်ပြီး စိုက်ပျိုးမြေကို ပေးအပ်ခဲ့ခြင်းမဟုတ်ကြောင်း မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှူး ဦးစိုးလွင်က ပြောသည်။

**သန်းထိုက်( ရေဦး)**

## ကောလင်းနှင့် အင်းတော်မြို့နယ်များတွင် ၈၀ ရာခိုင်နှုန်းခန့် စပါးစိုက်ပျိုးပြီးဖြစ်

**ကသာ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်းရှိ ကောလင်းမြို့နယ်နှင့်အင်းတော်မြို့နယ်များမှ စပါးစိုက်တောင်သူအများစုအနေဖြင့် ယခုအခါ မိမိတို့၏လယ်များတွင် စပါးစိုက်ပျိုးပြီးစီးမှုမှာ ၈၀ ခန့်ရှိပြီဖြစ်ကာ အချို့သော တောင်သူများမှာမူ ကောက်စိုက်မ မရှိသေးခြင်း၊ စိုက်ပျိုးစရိတ် အခက်အခဲရှိခြင်းနှင့် လယ်ကွင်းများတွင် ရေခန်းသွားခြင်းစသော အချက်များကြောင့် မစိုက်ပျိုးနိုင်ကြသေးကြောင်း သိရသည်။

လယ်ကွင်းများရေခန်းသွားရခြင်းမှာ စိုက်ရန်အသင့်ပြင်ထားသော လယ်ကွင်းများ၌ မိုးမရွာသဖြင့် ရေများခန်းသွားခြင်းဖြစ်၍ တောင်သူများလက်တွင် စိုက်ရန်ပျိုးပင်များ အသင့်ရှိနေသော်လည်း မစိုက်နိုင်သေးခြင်းဖြစ်ကြောင်း၊ အချို့တောင်သူများမှာမူ ကောက်စိုက်စရိတ် အခက်ကြုံနေကြကြောင်း၊ လယ်တစ်ကေလျှင် ကောက်စိုက်စရိတ်မှာ ၄၀၀၀၀ ကျပ်အထိဖြစ်နေ၍ အချို့တောင်သူများမှာ ကောက်စိုက်ခကို ငွေအစား စပါးပေး၍ စိုက်ခိုင်းကြကြောင်း၊ သို့သော် စပါးဈေးကလည်း မကောင်းသဖြင့် ကောက်စိုက်သူများမှာ ငွေကိုသာလိုလားနေ၍ အခက်ကြုံနေကြကြောင်း အင်းတော်မြို့နယ်မှ တောင်သူ ဦးဝင်းအောင်က ပြောသည်။

ထို့အပြင် စပါးဈေး ကျဆင်းနေခြင်းကလည်း တောင်သူများအတွက် အဓိကအခက်အခဲတစ်ရပ် ဖြစ်နေသည်ဟု သိသရသည်။ လက်ရှိစပါးဈေးမှာ တစ်တင်းလျှင် ကျပ် ၅၀၀၀ မှ ၅၃၀၀ အထိသာ ရှိနေပြီး စပါးဝယ်မည့်သူလည်းမရှိကြောင်း၊ အချို့တောင်သူများသည် လယ်ထွန်စရိတ်၊ ပျိုးနုတ်စရိတ်၊ ကောက်စိုက်စရိတ်များကို စပါးရောင်းချပြီးမှ ပေးကြရခြင်းဖြစ်ရာ စပါးဈေးကမကောင်းချိန်တွင် တောင်သူအများစုမှာ စရိတ်များပေးရန်အတွက်ပင် အခက်အခဲဖြစ်နေကြကြောင်းလည်း သိရသည်။

လယ်များရေခန်းသဖြင့် မစိုက်ရသေးသော တောင်သူများအနေဖြင့်လည်း ရေရရှိရေးအတွက် စက်ဖြင့်ရေတင်၍စိုက်ပျိုးလျှင် ရေတင်စက်ငှားရမ်းခ ထပ်၍ကုန်ကြရသဖြင့် တောင်သူများအနေဖြင့် မိုးလေမှန်ပြီး စပါးဈေးကောင်းနေရန်သာ မျှော်လင့်နေကြရကြောင်း သိရသည်။

**လူအောင်(ကသာ)**



## သီးနှံဖျက်ခရုများကျလာ၍ ပြည်သူများနှင့် ဌာနဆိုင်ရာများမှ စုပေါင်းနှိမ်နင်းလျက်ရှိ

**ပေါင် ဩဂုတ် ၁**

မွန်ပြည်နယ် ပေါင်မြို့နယ် သဲကုန်းကျေးရွာ၌ ယခုနှစ်မိုးရာသီတွင် သီးနှံဖျက်ခရု(ဒေသအခေါ် ရွှေခရု)များ ရောက်လာပြီး စပါးစိုက်ပျိုးထားသော လယ်မြေများမှ ပျိုးပင်များကို ဖျက်ဆီးစားသောက်နေသဖြင့် တောင်သူများနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ နှိမ်နင်းလျက်ရှိကြောင်း ဒေသခံတောင်သူလယ်သမားများထံမှ သိရသည်။



ပေါင်မြို့နယ်အတွင်းသို့ ထိုခရုများ ဝင်ရောက်နေမှုမှာ ၁၀ နှစ်ခန့်ရှိပြီးဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၂၀၀၈ခုနှစ် မြန်မာနိုင်ငံကို နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့စဉ်က ပေါင်မြို့နယ်အတွင်းသို့ ရေများဝင်ရောက်ခဲ့ခြင်းနှင့်အတူ စပါးဖျက်ခရုများလည်း ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ ကျေးရွာများရှိ စပါးပျိုးပင်များကို ဖျက်ဆီးစားသောက်ခဲ့ကြသဖြင့် လယ်သမားများမှာ နှစ်စဉ်မျိုးစပါးအခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

ရွှေခရုများသည် ပါးဟက်ဖြင့် အသက်ရှင်နိုင်သလို အဆုပ်ဖြင့်လည်း အသက်ရှင်နိုင်ကြောင်း၊ ၎င်းခရုများကို ကောက်ယူကာ နင်းချေ၊ ထုချေဖျက်ဆီးပြီး မြေမြှုပ်မှသာ သေဆုံးနိုင်မည်ဖြစ်ပြီး ချောင်း၊ မြောင်းများတွင် ပြန်လွှတ်မည်ဆိုပါက သေဆုံးနိုင်မည်မဟုတ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်အသိပေးထားချက်အရ သိရသည်။

သဲကုန်းကျေးရွာမှ ဒေသခံလယ်သမားတစ်ဦးဖြစ်သူ ဦးမောင်အေးက "ကျွန်တော်လယ်စိုက်လာတာ နှစ် ၂၀ ကျော်ပြီ။ မနှစ်က နဲနဲပဲဖြစ်တယ်။ ဒီနှစ်မှပိုဆိုးလာတာပါ။ ဒီစပါးက ဒုတိယအကြိမ် ပြန်စိုက်ထားရတာပါ။ ပထမအကြိမ်စိုက်တဲ့စပါးက ခရုတွေကိုက်ဖျက်လို့ ကုန်ပြီ။ ခရုကောက်ဖို့အတွက် တစ်အိတ် ၂၀၀၀ နှုန်းပေးပြီး ကောက်တာတောင် မကောက်နိုင်ကြတော့လို့ စိုက်ပျိုးရေးဌာနကို အကြောင်းကြားတော့ သူတို့တွေစုပြီး လာကောက်ပေးကြတာပါ"ဟု ပြောသည်။

ခရုများသည် စပါးပင်များအပါအဝင် ကန်သင်းရိုးများတွင် ပန်းရောင်ဥများ ဥလေ့ရှိပြီး ဥများကိုဖျက်စီးရာတွင် တစ်ကေလျှင် ထုံးပိဿာ ၁၅၀ နှုန်း သို့မဟုတ် ကိုးပိဿာဝင် ထုံးအိတ် ၁၆ အိတ်နှုန်းဖြင့် သတ်မှတ်သော နှုန်းထားပြည့်အောင် ဖျန်းမှသာလျှင် ထိုရွှေခရုဥများကို ဖျက်ဆီးနိုင်မှာဖြစ်ကြောင်း၊ ရွှေခရုများ၏ သက်တမ်းမှာ ခြောက်နှစ်မှ ၁၀ နှစ်အထိ ရှိနေခြင်းကြောင့် စုပေါင်းကောက်ယူသည့်နည်းဖြင့် နှိမ်နင်းမှသာလျှင် ထိရောက်မှုရှိနိုင်မည်ဟုလည်း သထုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

လက်ရှိအချိန်တွင် မွန်ပြည်နယ်၌ စပါးခင်းများအတွင်း ဝင်ရောက်ဖျက်ဆီးနေသည့် ခရုများ စုပေါင်းနှိမ်နင်းပွဲများကို ပြုလုပ်လျက်ရှိရာ သထုံခရိုင်၌ ဇူလိုင်လအတွင်း ကျိုက်ထိုမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ်တို့တွင်ပြုလုပ်ခဲ့ပြီး သထုံမြို့နယ်တွင်လည်း စုပေါင်းနှိမ်နင်းပွဲ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

## မိုးကာလတွင် ဖြစ်ပွားတတ်သော ရောဂါများကြိုတင်ကာကွယ်ရေး သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**သီပေါ ဩဂုတ် ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေး၊ ငှက်ဖျားနှင့် အခြားရောဂါများ ကြိုတင်ကာကွယ်ရေးအနေဖြင့် သန့်ရှင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့ပေါ်၁၁ ရပ်ကွက်သို့ အမှိုက်သိမ်းယာဉ် သုံးစီးဖြင့် နေ့စဉ်အမှိုက်တန်ချိန် ၃၀ ကျော်အား အဖွဲ့ပိုင် အမှိုက်စွန့်ပစ်မြေ လေးကေ၌ သွားရောက်စွန့်ပစ်မည်ဖြစ်ရာ စနစ်တကျ စွန့်ပစ်ဖျက်ဆီးနိုင်ရန် တာဝန်ခံ အင်ဂျင်နီယာ ဦးဖြိုးပြည့်ဟိန်းကြီးကြပ်မှုဖြင့် စက်ယန္တရားများနှင့် ဆောင်ရွက်လျက်ရှိသည်ကို ဇူလိုင် ၃၁ ရက်က တွေ့ရသည်။

မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနအနေဖြင့် မြို့လယ်ချောင်းတစ်လျှောက်တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေမှုများကိုလည်း ပြန်လည်ဆယ်ယူဆောင်ရွက်လျက်ရှိပြီး ယခုမိုးကာလအတွင်း၌ ဖြစ်ပေါ်တတ်သော ရောဂါများ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ယခုကဲ့သို့ မြို့သန့်ရှင်းရေးအတွက် လူအား၊ မော်တော်ယာဉ် အင်အားများ ဖြည့်ဆည်းကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှူးဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက ပြောကြားသည်။

**စိုင်း(သီပေါ)**



## ရမည်းသင်းမြို့၌ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်

**ရမည်းသင်း ဩဂုတ် ၁**

ရမည်းသင်းမြို့နယ် (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးဇော်တင်မိုး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ရီရီမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့်ဦးအောင်မျိုးဦးတို့က ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းရင်းဆေးပညာသည် ရှေးမြန်မာမင်းများလက်ထက်ကပင်ရှိခဲ့ပြီး လူတိုင်းလက်လမ်းမီသော ကျန်းမာရေးဖြစ်ကြောင်း၊ တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ကာ ပြည်သူများ၏ ကျန်းမာရေးကို ပြုစုစောင့်ရှောက်ပေးစေလိုကြောင်း အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က တိုင်းရင်းဆေးပညာအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ ဆက်)**

## ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**သဲကုန်း ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂၈ ရက်က ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးကိုမောင်က ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေလီမြစ်ကမ်းပြိုကျမှု ကွင်းဆင်းစစ်ဆေး

**နမ့်ခမ်း ဩဂုတ် ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ရွှေလီမြစ် တစ်ဖက်ကမ်း မြန်မာတရုတ်နယ်စပ် နောင်ခမ်းရွာနှင့် ကွန်ဟိုင်းရွာကြား ရွှေလီမြစ်ကမ်း၌ ဆောက်လုပ်ထားသော အရှည်ပေ ၁၅၀ ရှိ အမှတ်(၁)ရေကာတာမှာ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသဖြင့် ကမ်းခြေအရှည် ၆၀၀ ပေကျော်ခန့်နှင့် ကုန်းတွင်း ပေ ၂၀၀ ခန့် ပြိုကျခဲ့ကြောင်း သိရသည်။

မြစ်ကမ်းပြိုကျပျက်စီးသွားသဖြင့် ရွာနှစ်ရွာဖြတ်သန်းဆက်သွယ်သွားလာသောလမ်းမရှိတော့ဘဲ ကျေးရွာချင်းဆက်သွယ်ရာတွင် အဆင်မပြေဖြစ်ကြရကြောင်း၊ ကမ်းပြိုကျသည့် ကမ်းခြေတစ်လျှောက် မြန်မာပိုင်မြေတွင် ပြောင်း၊စပါးများ စိုက်ပျိုးထားပြီး နှစ်နိုင်ငံနယ်ကြား နယ်နိမိတ်မြေနှင့် ၃၀၀ ပေခန့်သာကွာဝေးတော့ကြောင်း သိရသည်။ ထိုရွာနှစ်ရွာကြား ကမ်းပြိုကျသည့်နေရာသို့ မူဆယ်ခရိုင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသခွဲရုံးမှ ဦးစီးမှူးဦးမျိုးမင်းသန်းနှင့်အဖွဲ့က ဇူလိုင် ၃၁ ရက်တွင် ကွင်းဆင်းစစ်ဆေးတိုင်းတာမှုများ ဆောင်ရွက်ခဲ့သည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## နန့်အယားချောင်းတံတား ရေတိုက်စားမှုကို အမြန်ပြီးစီးအောင် ပြန်လည်ပြုပြင်မည်

**တမူး ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မြို့သစ်မြို့နှင့် ယာနိုးကျေးရွာတို့ကြား ဆက်သွယ်ပေးထားသော နန့်အယားချောင်းတံတားတွင် ချောင်းရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်း ကျိုးပေါက်နေမှုကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြင့်သင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ဦးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဦးစီးကော်မတီများ ဇူလိုင် ၂၉ ရက်က သွားရောက်ကြည့်ရှုပြီး ကျိုးပေါက်သွားသည့်နေရာကို အမြန်ဆုံးပြုပြင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ နန့်အယားချောင်းတံတားသည် သံကွန်ကရစ်(RC)အမျိုးအစားဖြစ်၍ အရှည်ပေ ၁၂၀ ရှိပြီး ၂၀၁၃-၂၀၁၄ ခုနှစ် ပြည်ထောင်စုနယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ် ဇူလိုင် ၂၄ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တံတားချဉ်းကပ်လမ်း ကျိုးပေါက်ခဲ့ခြင်းဖြစ်ကာ ပေါက်သည့်နေရာမှာ ပေ ၄၀ ခန့်ရှိပြီး အမြန်ဆုံးပြီးစီးအောင် ပြုပြင်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၊ အထက-ကျိုက္ကော်၊ တက္ကသိုလ်ဝင်တန်း(C) မှ မောင်ကျော်ထိုက်၏ ဖခင်အမည်မှန်မှာ ဦးဖားတပွဲ ၁၀/ဘလန(နိုင်)၁၆၈၇၄၀ ဖြစ်ပါသည်။

## မိဘအမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၊ အထက-ကျိုက္ကော်၊ အဋ္ဌမတန်း(B)မှ မဏိသန္တာထွေး၏ မိဘအမည်မှန်မှာ ဦးအောင်သုခ ၁၀/သထန(နိုင်) ၀၆၀၄၅၆ နှင့် ဒေါ်အေး ၁၀/သထန(နိုင်) ၀၇၅၁၆၉ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၊ အထက-ကျိုက္ကော်၊ အဋ္ဌမတန်း(A)မှ မအေးသန္တာမင်း၏ ဖခင်အမည်မှန်မှာ ဦးထွေးခိုင် ၁၀/သထန(နိုင်) ၁၀၉၈၈၂ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၊ အထက-ကျိုက္ကော်၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်စိုးသူအောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ရွှေ ၁၀/သထန(နိုင်)၁၁၆၇၉၈ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၊ အထက-ကျိုက္ကော်၊ တက္ကသိုလ်ဝင်တန်း(D)မှ မယဉ်ယဉ်ငွေး၏ဖခင်အမည်မှန်မှာ ဦးတလေခို့ ၃/ဘအန(နိုင်)၀၇၉၇၃၀ ဖြစ်ပါသည်။

## အများသိစေရန်ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၇)၊ အကွက်အမှတ် (၂၃၊ လုံလော့ရပ်)၊ ဦးပိုင်(၉/ခ)၊ ဧရိယာ ၀ ဒသမ ၃၆၉ ဧကရှိ မြေဂရန်အမှတ်တွဲအမှတ် ၄၅၃-၅/၂၀၀၆-၂၀၀၇(A) ဒေါ်လှလှအမည်ပေါက်ဖြစ်ပြီး ၁၈-၂-၂၀၀၉ ရက်တွင် ဇနီးကွယ်လွန်သွား၍ ခင်ပွန်းဦးခင်မောင်ကြူမှ ၁၂-၅-၂၀၁၇ ရက်စွဲပါ ပိုင်/ငြာစာချုပ်အမှတ် (၁၆၀ I/၂၀၁၇)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ပြီး အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက် ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်ကြူ**
**၁၃/လရန(နိုင်)၀၃၀၄၃၃**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၂)နေ မဝင့်ဝါဝါဝင်း ၁၃/လရန(နိုင်) ၂၁၄၃၀၃ သည် အုပ်ထိန်းသူ မိခင်၊ ဖခင်၏ ပြောဆိုဆုံးမခြင်းအား နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး ၄င်း၏ ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၂၈-၇-၂၀၁၇ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင် - ဦးမောင်မောင် ၁၃/လရန(နိုင်)၁၀၀၅၂၂**
**မိခင် - ဒေါ်ခင်သန်းထွေး ၁၃/နခတ(နိုင်)၀၀၄၄၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ ဆောက်လုပ်ရေးလမ်းရှိ ကွင်းအမှတ်-၈၊ ဂူတာကွက်ကွင်း၊ ဦးပိုင်အမှတ်-၂၃၀/က၊ မြေဧရိယာ ၀ ဒသမ ၀၄၇၈ဧကမှာ ဦးသန်းဝင်း ၁၁/ရဗန(နိုင်)၀၀၉၄၉၂၊ ဒေါ်မေလွင်ရီ ၁၁/ရဗန(နိုင်)၀၀၁၉၀၅ တို့ ပိုင်ဆိုင်ခဲ့ရာ တောင်ကုတ်မြို့၊ မြန်မာ့စီးပွားရေးဘဏ်မှ ၄င်းမြေနှင့်အဆောက်အအုံအား လေလံတင်ရောင်းချခဲ့ရာ ဦးစောသန့် ၁၁/ရဗန(နိုင်)၀၀၈၉၆၂ ချောင်းကောက်ရပ်ကွက်၊ တောင်ကုတ်မြို့နေသူမှ ရရှိခဲ့ပါသည်။ ၄င်းနေအိမ်နှင့်ခြံမြေအား ဦးစောသန့်မှ ၄င်း၏သမီး ဒေါ်သီသီစောအောင် ၁၁/ရဗန(နိုင်)၀၀၀၈၇၂ အား မေတ္တာဖြင့် အပိုင်ပေးကမ်းခဲ့သဖြင့် ဒေါ်သီသီစောအောင်မှ အဆိုပါနေအိမ်နှင့်ခြံမြေအား မြေငှားဂရန်ရရှိရေးအတွက် စာရွက်စာတမ်းအထောက်အထားများဖြင့် သံတွဲခရိုင်ထွေ/အုပ်ရုံးသို့ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် သံတွဲခရိုင် ထွေ/အုပ်ရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွေ့ဘ်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**သံတွဲမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၁)၊ ဦးပိုင်အမှတ် (၄၀-က)၊ ၅၇×၅၈ လမ်းကြား၊ မင်းကြီးရန်နောင်×မင်းရဲကျော်စွာလမ်းကြားရှိ ဦးတင်ထွန်းအမည်ဖြင့်ချထားပေးသောမြေကွက်အား ဒေါ်မူမူအေး ၈/ပခက(နိုင်)၁၅၄၈၇၂ မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် ၆၈၉ (က)၊ မြေကွက်တည်နေရာအမှတ် ၆၈၉(က)၊ ပတ်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ဝါဝါ ၁၃/လရန(နိုင်)၀၈၅၁၁၅ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၆၈၇)၊ မြေကွက်တည်နေရာအမှတ် (၆၈၇)၊ ဂန္ဓမာလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးဟန်ထွန်း ၁၂/လမန(နိုင်) ၀၆၉၆၀၄ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဆရာတော် ဘဒ္ဒန္တသုမနသီရိ

### (ကိုးနဝင်းဆရာတော်)

### သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ လက်ပံဇမ္ဗူအေးကိုးနဝင်းတောရကျောင်း၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမနသီရိကိုးနဝင်းဆရာတော်ကြီးသည် ၃၀-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ထိုင်းနိုင်ငံစံတော်ချိန် နံနက် ၉း၀၉ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁-၈-၂၀၁၇ရက် (အင်္ဂါနေ့) ကိုးနဝင်းတိုက်စံကျောင်းသို့ ရောက်ရှိမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ရဟန်းဒါယကာ၊ ဒါယိကာမများ**
**ဦးခင်မောင်ရှိန်-ဒေါ်ခင်နှင်းလှိုင်**
**ဇွဲမြင့်မြတ်ထွန်းမိသားစု**
**ရန်ကုန်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်(၅၅၃)၊ မြေကွက်တည်နေရာအမှတ်(၅၅၃)၊ မဇ္ဈူလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ဟေမာလွင် ၁၄/လမန(နိုင်) ၀၆၉၆၆၇ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂- ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်(၅၀၅)၊ မြေကွက်တည်နေရာအမှတ်(၅၀၅)၊ မြတ်လေးလမ်းသွယ် (၈)လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ညွှန့်ညွှန့်ဝေ ၇/သဝတ(နိုင်)၀၀၄၂၉၇ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၅၀၈)၊ မြေကွက်တည်နေရာအမှတ် (၅၀၈)၊ မြတ်လေးလမ်းသွယ် ၈ လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်ခင်သန္တာထွန်း ၁၂/မဂဒ(နိုင်)၀၂၁၆၈၂ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၁၇၂)၊ မြေကွက်တည်နေရာအမှတ် (၁၇၂)၊ အင်ကြင်းလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးထွန်းငွေ ၇/ပတတ(နိုင်)၀၄၄၀၈၂ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးရင်ဖေ

### တပ်မတော်ရေ (ငြိမ်း)

### အသက်(၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာနေ(ဦးဘသင်း-ဒေါ်ကြင်မုံ) တို့၏သား၊ (ဦးခွေးစိန်-ဒေါ်ထွေး)တို့၏သားသမက်၊ ဒေါ်တင်အုန်း၏ခင်ပွန်း၊ Cap. ဦးဇော်မိုးဦး- ဒေါက်တာဒေါ်ပပမြင့်ဦး၊ ဦးနိုင်နိုင်(ဦးစီးအရာရှိ၊ ပြည်တွင်း အခွန်များဦးစီးဌာန)-ဒေါ်ဇင်မာဦး (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များ ဦးစီးဌာန)တို့၏ဖခင်၊ မောင်သုတဦး၊ မောင်ညဏ်သစ်ဦး၊ မောင်ဝေယံဘုန်းပြည့်၊ မပြည့်ဖူးဖူးနိုင်တို့၏ အဘိုးသည် ၃၁-၇-၂၀၁၇ရက် နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၇ ရက် နံနက် ၇နာရီတွင် ဗိုလ်တထောင်မြို့နယ်၊(၃)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ် ၂၉၊ ခြောက်လွှာ(အေ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ်၊ ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်(၃၃၈)၊ မြေကွက်တည်နေရာအမှတ်(၃၃၈)၊ ဂန္ဓမာလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်အေးကြွေ ၁၂/မဂဒ(နိုင်)၀၅၂၉၈၉ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၂၅၇)၊ မြေကွက်တည်နေရာအမှတ်(၂၅၇)၊ ၂၉-လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးအောင်မျိုးဇော် ၁၂/မရက(နိုင်)၁၀၄၅၇၄ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၂၄၈)၊ မြေကွက်တည်နေရာအမှတ်(၂၄၈)၊ ၂၉-လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးဝင်းထွန်း ၁၄/ပသရ(နိုင်) ၀၄၂၇၃၁ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၉၇)၊ မြေကွက်တည်နေရာအမှတ် (၉၇)၊ အင်ကြင်းလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက်ဒေါ်ကေခိုင်ကျော် ၁၂/မရက(နိုင်)၀၇၆၃၉၀ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျေးဇူးတင်လွှာ

### ဦးမောင်မောင်ကြည် (ဇလွန်)

### အသက်(၆၇)နှစ်

၂၅-၇-၂၀၁၇ရက် (အင်္ဂါနေ့)တွင်ကွယ်လွန်ခဲ့သော ဦးမောင်မောင်ကြည်၏ နာရေးကိစ္စနှင့်ပတ်သက်၍သားတပည့်၏ နောက်ဆုံးခရီးကို လာရောက်သရဏဂုံ တင်ပေးပါသော ရန်ကုန်မြို့၊ ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရှင်ခေမာစာရနှင့် တပည့်သာဝကများအားလည်းကောင်း၊ ခုတင်-၁၀၀၀ဆေးရုံ (နေပြည်တော်)၊ ဦးနှောက်နှင့်အာရုံကြောဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်စိုးမွန်မွန်နှင့် ဆရာ/ဆရာမများအားလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် အလုပ်သမားဆက်ဆံရေးရာဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ အားလည်းကောင်း၊ ၂၀၀၂ခုနှစ် စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း(၁၉၉၄- တက္ကသိုလ်ဝင်တန်းအောင်)မှ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ အရာထမ်းလောင်းအမှတ်စဉ် (၃၈)မှသူငယ်ချင်းများနှင့် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ F၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၁၉၅၊ မြေကွက်တည်နေရာအမှတ်-၄၃၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်(မနှစ်၊ မရီရီ၊ မကြည်ကြည်၊ မောင်သိန်းအောင်၊ မအေးအေးနှင့်မောင်သိန်းလွင်)အမည်ပေါက် နှစ်(၉၀)ဂရန် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ကြည်ကြည်(အပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် ကျန်ပူးတွဲအမည်ပေါက် ဒေါ်နှစ် ၁၂/မဂတ(နိုင်)၀၇၈၆၀၅၊ ဒေါ်ရီရီ ၁၂/မဂတ(နိုင်)၀၃၀၈၇၁၊ ဦးသိန်းအောင် ၁၂/မဂတ(နိုင်)၀၃၀၄၅၅၊ ဒေါ်အေးအေး ၁၂/မဂတ(နိုင်) ၀၃၀၉၈၄၊ ဦးသိန်းလွင် ၁၂/မဂတ(နိုင်)၀၃၀၉၇၆ တို့မှ မောင်နှမအရင်းများတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ် တရားရုံးကတိသစ္စာပြုလွှာအမှတ် ၄၂၇၈/၁၆(၂၁-၁၂-၁၆)၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ သေစာရင်းတို့တင်ပြ၍ ၄င်းတို့အနက် ဦးသိန်းအောင်နှင့် ဦးသိန်းလွင်တို့ထံမှ GP၂၂၂၂၂/၁၃(၇-၁၁-၁၃)ဖြင့်ရရှိသူ ဦးကျော်အောင်ဝင်း ၁၂/ကတတ(နိုင်)၀၀၀၅၁၅နှင့် ကျန်ပူးတွဲအမည်ပေါက်များ ဒေါ်နှစ် ၁၂/မဂတ(နိုင်) ၀၇၈၆၀၅၊ ဒေါ်ရီရီ ၁၂/မဂတ(နိုင်)၀၃၀၈၇၁၊ ဒေါ်အေးအေး ၁၂/မဂတ(နိုင်)၀၃၀၉၈၄ တို့မှ ပိုင်ဆိုင်ကြောင်းနှင့်အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောက်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၂၄)၊ မြေကွက်တည်နေရာအမှတ် (၂၄)၊ အင်ကြင်းလမ်းသွယ် ၁လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်နုနုယဉ် ၁၁/ကဖန(နိုင်)၀၁၁၉၇၇ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၉၉)၊ မြေကွက်တည်နေရာအမှတ် (၉၉)၊ ပိတောက်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးမျိုးအောင်ကျော်ညွန့် ၁၂/မရက(နိုင်)၁၂၈၉၀၁ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်ကော်ခရိုင်၊ ဒီမောဆိုမြို့နယ်၊ ဒီမောဆိုကျေးရွာအုပ်စု၊ မားနီကျေးရွာ၊ ကွင်းအမှတ်(မားနီ-၂)၊ ဦးပိုင်အမှတ်(၁၇၅)၊ ဧရိယာ (သုည ဒသမ ၂၇၈)ဧကရှိမြေကွက်သည် ဦးဂျော်နီဒါးဝီ အမည်ပေါက်ပါသည်။ ဦးဂျော်နီဒါးဝီမှ ဒေါ်သူဇာရွှေသို့ ရောင်းချခဲ့ပြီး ဒေါ်သူဇာရွှေမှ ကျွန်မဒေါ်ဖိုးမူသို့ လွှဲပြောင်းပေးကမ်းခဲ့ပါသည်။ အဆင့်ဆင့်အရပ်စာချုပ်ဖြင့် လက်မှတ်ရေးထိုးထားပါသည်။ မြေကွက်အား ကျွန်မတစ်ဦးတည်း အကျိုးခံစားခွင့်ရှိကြောင်း မြို့နယ်တရားရုံးတွင် ကျမ်းကျိန်ခဲ့ပါသည်။ သက်ဆိုင်ရာသို့ မြေငှားဂရန်ရရှိရေးလျှောက်မည်ဖြစ်သဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**ဒေါ်ဖိုးမူ ၂/ဒမဆ(နိုင်)၀၂၃၇၅၁**
**န/၆၂၊ သီရိဒေါလမ်း၊ နောင်ယား(က)ရပ်ကွက်၊ လှိုင်ကော်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ် (၅၉၅)၊ မြေကွက်တည်နေရာအမှတ်(၅၉၅)၊ ငုဝါလမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဒေါ်နုနုယဉ် ၁၁/ကဖန(နိုင်) ၀၁၁၉၇၇ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်(၁၉၇)၊ မြေကွက်တည်နေရာအမှတ်(၁၉၇)၊ အင်ကြင်းလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးခင်မောင်လတ် ၁၂/စခန(နိုင်)၀၄၈၄၁၀ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏ ဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅ (ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၂၀၉/ခ)၊ မြေကွက်တည်နေရာအမှတ် (၂၀၉/ခ)၊ ဂန္ဓမာလမ်းသွယ်၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးသောင်းဟန် ၁၂/မဂဒ(နိုင်)၁၀၆၆၉၀ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေးအထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ပေါင်းကူညာဏဂရန်ပေးစီမံချက် မြေတိုင်းရပ်ကွက်အမှတ် ၅၃၂-ဘီ/၅(ပေါင်းကူညာဏစီမံချက်)၊ မြေကွက်အမှတ်-(၂၆)၊ မြေကွက်တည်နေရာအမှတ် (၂၆)၊ ပိတောက်လမ်း၊ ပေါင်းကူညာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ကို အမည်ပေါက် ဦးမိုးမင်းသူ ၁၂/စခန(နိုင်)၀၄၇၁၉၃ ကိုယ်တိုင်မှ ပေါင်းကူညာဏဂရန်ရရှိရေး အထောက်အကူပြုအဖွဲ့၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံစာတို့ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8452, Toyota Rav 4 ACA31 /S/W (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်မျိုး ၇/သဝတ(နိုင်)၀၆၀၅၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်အေးအေးမူ
**နေပြည်တော်**
**အသက်(၅၉)နှစ်**

အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ဦးဝင်းသိန်း၏ ဇနီး ဒေါ်အေးအေးမူ အသက်(၅၉)နှစ်သည် ၃၁-၇-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊**
**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်အေးအေးမူ
**နေပြည်တော်**
**အသက်(၅၉)နှစ်**

အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ဦးဝင်းသိန်း၏ ဇနီး ဒေါ်အေးအေးမူ အသက်(၅၉)နှစ်သည် ၃၁-၇-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အမျိုးသားလွှတ်တော်ရုံး**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်နု
**သံတွဲ/သန်လျင်**
**အသက်(၇၅)နှစ်**

ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်-ဒေါ်နုနုအောင်တို့၏ မိခင် ဒေါ်ခင်နုသည် ၃၀-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့်**
**ရဲတပ်ဖွဲ့ဝင်မိသားစုများ**

## ကိုမျိုးမင်းထွန်း(ခ)မောင်မောင်
**B.Sc (I.C) (St. Augustine ကျောင်းသားဟောင်း)**
**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃-က)နေ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးသန်းထွန်း(SMIDB ဥက္ကဋ္ဌ၊ ငြိမ်း)-ဒေါ်မြသွေး(ကုံကော်ရွှေပြည်)တို့၏ချစ်လှစွာသောသားငယ်၊ ဦးဇော်ဝင်းဦး(MD-Bright Time Trading Co.,Ltd)-ဒေါ်စုစုရွှေ၊ ဦးမျိုးဇော်အောင် (United Diamond Motor Co.,Ltd (NISSAN)-ဒေါ်မြမြစိုး(ခ)မမီးမီး၊ (ဦးထွန်းထွန်းလှိုင်)-ဒေါက်တာဇင်ဇင်သူ(ဒု-ညွှန်ကြားရေးမှူး၊ ဆေးသုတသန)၊ ဒေါ်စုစုမာထွန်း၊ ဦးမင်းသိမ်း(ဒု-ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေး)-ဒေါ်မျိုးပပထွန်း(ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေး)တို့၏ ချစ်လှစွာသောညီ/မောင်၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေးသည် ၃၁-၇-၂၀၁၇ရက် ည ၁၀း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]　ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးမျိုးမင်းထွန်း
**အသက်(၄၃)နှစ်**

ဦးမျိုးဇော်အောင် - ဒေါ်မြမြစိုး (ဒေါ်မီးမီး)တို့၏ ညီ/မောင် ဦးမျိုးမင်းထွန်းသည် ၃၁-၇-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**B.O.D အဖွဲ့နှင့် ဝန်ထမ်းများ**
**UNITED DIAMOND MOTOR CO.,LTD**
**(NISSAN)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးမျိုးမင်းထွန်း
**အသက်(၄၃)နှစ်**

ဦးမျိုးဇော်အောင် - ဒေါ်မြမြစိုး (ဒေါ်မီးမီး)တို့၏ ညီ/မောင် ဦးမျိုးမင်းထွန်းသည် ၃၁-၇-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**B.O.D အဖွဲ့နှင့် ဝန်ထမ်းများ**
**DIAMOND AUTO CO.,LTD**

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ရီရီ
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၁၃၉နေ (ဦးသန်းလှ၊ ညွှန်ကြားရေးမှူး၊ ဗဟိုတရားရုံး)၏ဇနီး၊ Prof. Dr.ကံမင်း(ဆွစ်ဇာလန်)-ဒေါ်ဥမ္မာ၊ ဦးစိုးသိန်းမြင့်-ဒေါ်မာလာ၊ ဦးကျော်စွာလှ-ဒေါ်ဝါဝါတို့၏မိခင်၊ မဇေကရီကျော်၊ မလင်းလဲ့အိ၊ မဇူရီကံမင်း၊ မောင်သိဒ္ဓိကျော်၊ မောင်ရာဇကံမင်းတို့၏အဘွားသည် ၃၁-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်အေး
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း(မြောက်)ရပ်ကွက်၊ ရန်ပြိုလမ်း၊ အမှတ် ၇နေ (ဦးမောင်ငွေ)၏ဇနီး၊ ဦးအေးကို-ဒေါ်မြင့်မြင့်သန်းတို့၏ အစ်မ၊ ဒေါ်ရင်ရင်နု(အထက-၄၊ စမ်းချောင်း)၊ ဦးသက်နေဝင်း-ဒေါ်ဆွေဇင်အောင်၊ ဒေါက်တာမြင့်မြင့်မော် [တွဲဖက်ပါမောက္ခ၊ ကိုရီးယားဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (ခေတ္တ-တောင်ကိုရီးယား)]၊ ဦးကျော်သူရ-ဒေါ်ရတနာဦးတို့၏မိခင်၊ မောင်ခန့်ဟိန်းကျော်၏အဘွားသည် ၃၁-၇-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]　ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းငွေ (ချောက်မြို့)
**အသက်(၇၅)နှစ်**

ပခုက္ကူမြို့နေ (ဦးကြောင်း-ဒေါ်အုန်းဆင့်)တို့၏သမီး၊ ချောက်မြို့နေ (ဦးသံဒိုင်-ဒေါ်လှမြိုင်)တို့၏သမီးချွေးမ၊ (ဦးညွှန့်ရွှေ)၏ဇနီး၊ ရန်ကုန်မြို့နေ ဒေါ်ခင်မြတ်သူ၊ Capt ဦးညိုကိုကို-ဒေါ်ခင်သော်တာ၊ ဒေါ်ကြည်ကြည်စန်း၊ (ဦးညီညီမျိုး)-ဒေါ်ခင်ခင်ညို၊ ဦးသူရစိုး-ဒေါ်ခင်သန်းနွယ်၊ ဦးမင်းသိန်းတို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာအေးမီမီကို၊ အောင်မျိုးဦး၊ မသုရွှန်းသီရိညီ၊ မောင်ကျော်ဇင်ထက်၊ မမိုးချမ်းမြေ့ကိုကိုတို့၏အဘွားသည် ၁-၈-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၆၊ ငါးလွှာ၊ အနောက်ရွှေဂုံတိုင် ၄လမ်း၊ ဗဟန်းမြို့နယ်နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]　ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းငွေ (ထားဝယ်)
**(ရန်ကုန်တိုင်းဒေသကြီး ထွေ/အုပ်)**
**အသက်(၅၇)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အနောက်ရပ်၊ မြို့တွင်းလမ်းနေ (ဦးကြည်ခိုင်-ဒေါ်မေညွန့်)တို့၏သမီး၊ (ဦးသောင်း-ဒေါ်ကြင်ရီ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ လွှတ်တော်ရုံးဝန်ထမ်းအိမ်ရာဝင်း၊ အခန်း(၈)၊ (ဃ)လိုင်းနေ ဦးနေဝင်း(ရန်ကုန်တိုင်းဒေသကြီး ထွေ/အုပ်၊ ငြိမ်း)၏ဇနီး၊ ဦးဖေသိန်း-ဒေါ်အမာစိန်၊ (ဦးသန်းစိန်)-ဒေါ်ထွေးကြည်၊ ဒေါ်မေမေခိုင်တို့၏ညီမ၊ ဦးမြင့်သိန်း-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်သန်းသန်းမြင့်တို့၏အစ်မ၊ ကိုဟိန်းနေအောင်(Account Executive, Golden Clover Travals & Tour Co.,Ltd.)၏ မိခင်သည် ၃၁-၇-၂၀၁၇ရက် (တနင်္လာနေ့) ည ၉း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)　ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်ဇော်(ခ)ဖိုးဇော်
**ပခုက္ကူ**
**အသက်(၄၇)နှစ်**

ပခုက္ကူမြို့၊ (၁၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးစံလှိုင်(ခ)ဦးဗေဒါ-ဒေါ်ခင်သန်းညွှန့်(ပိုလိုဆေးလိပ်ခုံပိုင်ရှင်)တို့၏သား၊ ဦးဝင်းမြင့်အောင်၊ ကိုဝင်းမြင့်-မလွင်လွင်အေးတို့၏ညီ/မောင်၊ မဥမ္မာလှိုင်၏အစ်ကို၊ မောင်ချစ်ဇော်ဝင်း၊ မောင်အောင်ငြိမ်းဖြိုး၊ မအိမ့်ရတနာစုပြည့်၊ မောင်မင်းထက်ကောင်းပြည့်၊ မရွှေရည်ဖူးပြည့်အောင်တို့၏ဦးလေးသည် ၃၁-၇-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်ဝင်း
**(အဝေးသင်တက္ကသိုလ် ဖြန့်ဝေရေးဌာန၊ ငြိမ်း)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၆၄၀နေ (ဦးမောင်စိန်-ဒေါ်အုန်းမြ)တို့၏ သမီး၊ ဦးနီ-ဒေါ်အေးမြင့်၊ ဦးခင်ရွှေ-(ဒေါ်မြင့်မြင့်စိန်)၊ (ဦးအောင်မြင့်ဆွေ)-ဒေါ်အေးအေးသိန်းတို့၏ညီမ၊ဒေါ်ရီရီဝင်း၊ဦးမြင့်တင်-ဒေါ်ငယ်၊ဦးအေးနိုင်-ဒေါ်ဝေဝေစီတို့၏အစ်မ၊ ဒေါ်တင်ဇာအောင်(အမက-၅၊အင်းစိန်)၊ဒေါ်တင်ဇာထိုက်(ချယ်ရီဦးနာရီ)၊ ဒေါ်ယဉ်နွယ်အောင်(အလက-၅၊ ဒလ)တို့၏မိခင်၊ (ဦးအောင်မြ)၏ချစ်လှစွာသောဇနီးသည် ၃၁-၇-၂၀၁၇ရက် (တနင်္လာနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**
## ဦးကျော်သူ
**တောင်ကြီးတက္ကသိုလ်**
**ဘူမိဗေဒဌာန(ငြိမ်း)**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၇၆ နေ (ဦးသိန်းလှိုင်၊ B.P.I-ဒေါ်ခင်ဆွေ)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်စိန်)တို့၏သားသမက်၊ ဦးကျော်လွင်(မင်းအရိန္ဒမာ ဆောက်လုပ်ရေး)-ဒေါ်မိုးမိုးလှိုင် (ဒု-စက်ရုံမှူး၊ B.P.I)တို့၏မောင်၊ဒေါ်စိုးစိုးလှိုင်၏အစ်ကို၊ဒေါက်တာအေးမြဆွေ(Yangon International Medical Services)၏ ဦးလေး၊ ဉူးနန္ဒိယ (ဂုဏဝတီကျောင်းတိုက်)၏ ခမည်းတော်၊ ဒေါ်ဝင်းဝင်းသန်း(ဒုတိယညွှန်ကြားရေးမှူး၊စိုက်ပျိုးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး)၏ ချစ်လှစွာသောခင်ပွန်းသည် ၃၁-၇-၂၀၁၇ရက် (တနင်္လာနေ့)ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စောတင်
**(မာန်အောင်)၊ ရန်ကုန်**
**အသက်(၈၄)နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ရုံးတက်လမ်းနေ (ဦးစောဦး-ဒေါ်ရွှေအိ)တို့၏သမီး၊ (ဦးမောင်စိတ်-ဒေါ်အေးဖုံဦး)တို့၏သမီးချွေးမ၊ [ဦးရွှေအေး(A.M, M.T.E-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးရွှေစော-(ဒေါ်အေးကြွယ်)တို့၏ ညီမ၊ ဦးရွှေမှုန့်-(ဒေါ်မြမြ)၊ ဒေါ်စောရှင်၊ ဦးတင်ဖေ-ဒေါ်စောရွှေတို့၏အစ်မသည် ၁-၈-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၄း၅၀ နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ မြဝတီရိပ်သာ၊ တိုက် ၄၊ အခန်း ၄ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၇ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၈-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]　ကျန်ရစ်သူမောင်နှမတစ်စု

## ဦးစိုးငွေ
**B.com (Statistics-Q)**
**ဦးစီးအရာရှိ(ငြိမ်း)**
**စီမံကိန်းဦးစီးဌာန**
**အသက်(၆၄)နှစ်**

ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ဆူးဘိုကုန်းရပ်နေ (ဦးသောင်းကျော်)-ဒေါ်မဲညိုတို့၏သား၊ ဉူးပုညာစရ (ဖားအောက်တောရ၊ မောင်လမြိုင်)၊ ဦးဝင်းကို-ဒေါ်မြင့်မြင့်မော်၊ ဆရာမ ဒေါ်မြင့်မြင့်သော်၊ ဒေါ်မြင့်မြင့်ဇော်၊ ဆရာမဒေါ်မြင့်မြင့်ကျော်၊ ကိုကျော်သန်းထွန်း-မမိုးသီတာ(အောင်ပန်း)တို့၏အစ်ကို၊ ဗိုလ်ကြီးတေဇာကျော် (မိတ္ထီလာ) - မသိမ့်ဇာခြည်စိုး (ခ) မဂျူးဂျူး၊ ကိုညီညီကျော်-မလွင်မာဦး (အောင်ပန်း)၊ ကိုအာကာကျော်(ရှာင်) တို့၏ဖခင်၊ ဒေါ်သန်းညို(ဦးစီးအရာရှိ၊ ငြိမ်း၊ သ/မဦးစီးဌာန)၏ခင်ပွန်း၊ တူ၊ တူမ လေးယောက်တို့၏ဦးလေး၊ မြေး သုံးယောက်တို့၏အဘိုးသည် ၁-၈-၂၀၁၇ရက် နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ပင်းတယမြို့ ကန်အရှေ့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးလှမြင့်သိန်း
**အသက်(၆၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ သူငွေးကုန်းကျေးရွာနေ (ဦးအေးဖေ)-ဒေါ်စိန်ကြည်တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မဂ္ဂင်ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အမှတ် ၂၇၅ နေ ဒေါ်တင်တင်လတ်(ခ)ဒေါ်ဥမ္မာမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်ဇင်ထက်-မစုနန္ဒာလှိုင်၊မောင်သော်သော်ဟိန်း-မဆွေဇင်ထက်၊ မစုမြတ်ဖြူတို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၃၁-၇-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၆း၃၀နာရီတွင် မင်္ဂလာဒုံ(ခုတင်-၁၀၀၀) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် (ခုတင်-၁၀၀၀)တပ်မတော်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ အင်းစိန်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဟာဂျီရှဟစ်(ခ)ဦးဘော်ဘီ
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် ၂၇၉၊ တတိယထပ်နေ (ဟာဂျီ ဦးအီစမိုင်)-ဟာဂျီမဒေါ်ခိုင်ရွှန်ဘီတို့၏သား၊ဟာဂျီမဒေါ်ခတီဂျာဘီ (ခ) ဒေါ်စန်းစန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ကိုစိုးဝင်း-မမြင့်ကေသီ၊ ကိုဇင်မျိုးထွန်း-မမြင့်သိင်္ဂီ၊ မမြင့်ချယ်ရီ၊ မောင်အောင်ကျော်မိုးတို့၏ဖခင်၊ မောင်မိုးဟိန်းကျော်၊ မောင်ဝေယံလင်း၊ မခိုင်သဇင်မြင့်တို့၏အဘိုးသည် ၂၄-၇-၂၀၁၇ရက် ညနေ ၃နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသည်။　ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်ကြီးရွှေဖုန်း (ငြိမ်း)
**လွှတ်လပ်ရေးမော်ကွန်းဝင်-ပထမဆင့်**
**အသက်(၉၂)နှစ်**

ကရင်ပြည်နယ်၊ ဘားအံမြို့နေ (ဦးထွန်းအောင်-ဒေါ်ငွေရင်)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ခတ္တီယရွာနေ (ဒေါ်ခင်ဆွေ)၏ခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်မြင့်မြင့်ဖုန်း၊ ဦးမြင့်အေး-ဒေါ်ခင်လေးဖုန်း၊ ဦးသန်းဝင်းဖုန်း-ဒေါ်အေးအေးမာ၊ ဦးမင်းရဲဖုန်း-ဒေါ်နိုင်နိုင်အေးတို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၃၀-၇-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၈နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရွှေဂုံတိုင်နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စောတင် (မာန်အောင်)၊ ရန်ကုန်
**အသက်(၈၄)နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ရုံးတက်လမ်းနေ (ဦးစောဦး-ဒေါ်ရွှေအိ) တို့၏သမီး၊ (ဦးမောင်စိတ်-ဒေါ်အေးဖုံဦး)တို့၏သမီးချွေးမ၊ [ဦးရွှေအေး (A.M, M.T.E-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးရွှေစော-(ဒေါ်အေးကြွယ်)တို့၏ညီမ၊ ဦးရွှေမှုန့်-(ဒေါ်မြမြ)၊ ဒေါ်စောရှင်၊ ဦးတင်ဖေ-ဒေါ်စောရွှေတို့၏အစ်မ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ မြဝတီရိပ်သာ၊ တိုက် ၄၊ အခန်း ၄နေ ဒေါ်သန်းသန်းအေး(ဦး/မှူးရုံး)(M.T.E)၊ ဦးထွန်းနိုင်-ဒေါ်မြင့်မြင့်အေး(ပပရ) M.T.E၊ ဦးတင်ဇော်သီ-ဒေါ်ကြည်ကြည်လင်း (M.T.E-ငြိမ်း)၊ ဦးကိုကျင် - ဒေါ်သီတာအေး(F.F.5)၊ ဒေါ်စန္ဒာဝင်း(TZTM Co., Ltd.)၊ တပ်ကြပ်ကြီးကျော်စောဝင်း[အမှတ်(၁) တပ်ထိန်းတပ်-ရေ]-(ဒေါ်အေးအေးမာ)၊ ကိုသန့်ဇင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၁-၈-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၄း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]　ကျန်ရစ်သူမိသားစု

## ဒေါ်အုန်းကြည်
**အသက်(၈၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ် က ရပ်ကွက်၊ ပုညဝမုန လမ်း၊ အမှတ် ၆ (၅လွှာ A)နေ (ဦးဖေအောင်၊ စား/ထွေ)၏ဇနီး၊ (ဒါရိုက်တာကိုစန်းအောင်)မောင့်မူပိုင်ရှင်-မအေးအေးချစ်စိုး(မြန်မာ့အသံ၊ငြိမ်း)၊ ကိုလှရွှေ-(မမာမာအောင်)၊ ကိုထွန်းအောင်(CGM Co.,Ltd.)-မစန္ဒာဇော်(အထက-၂၊ တာမွေ)၊ ကိုစောအောင်-မခင်ခင်အေး၊ ကိုတင်အောင်ထွန်း(MRTV)-မစန္ဒာအောင်(MITV)၊ မမျိုးသူဇာအောင်(CGM Co.,Ltd.)တို့၏မိခင်၊ ကိုကျော်ဇင်လင်း-မအေးမွန်အောင်၊ မောင်စိုးမင်းအောင်(Site Soul)-မသက်ထက်လွင်၊ မောင်ငြိမ်းစည်သူ၊ မမြတ်သဲချို၊မအေးစုမွန်၊ မစန္ဒာဝင်းထွန်း၊ မဆုမြတ်သီရိတို့၏ အဘွားသည် ၃၁-၇-၂၀၁၇ရက် ညနေ ၆း၃၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]　ကျန်ရစ်သူမိသားစု

## ဒေါ်ပု(ခ)ဒေါ်မြမြသန်း
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊(၈)ရပ်ကွက်၊ အမှတ် ၁၁၁/C၊ ငါးလွှာနေ (ဦးမင်းမောင်)၏ဇနီး၊ (ဒေါ်နု)၏ညီမ၊ (ကိုမျိုးမြင့်မောင်)-မစုစုလှိုင်၊ မစန်းစန်းအေး၊ ကိုမောင်မောင်မြင့်-မရင်ရင်မြ၊ ကိုထွန်းမြင့်၊ ကိုပြည့်စုံလင်း-မခင်လေးနွယ်၊ ကိုရန်နိုင်လင်း-မစုစုလွင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁-၈-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၈-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]　ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်ကြီးမြင့်သိန်း
**ကြည်း/၁၈၄၉၉**
**အသက်(၆၃)နှစ်**

ဗိုလ်သင်တန်းအမှတ်စဉ်(၆၇) သီဟတပ်ခွဲမှ ဗိုလ်ကြီးမြင့်သိန်းသည် ၃၁-၇-၂၀၁၇ရက် နံနက် ၃း၁၅နာရီတွင် မင်္ဂလာဒုံ(ခုတင်-၁၀၀၀) တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ၂-၈-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း သူငယ်ချင်းအပေါင်းအား သိစေအပ်ပါသည်။

**ဗိုလ်သင်တန်း(၆၇)သူငယ်ချင်းများ**

## ဒေါ်ချို့နွယ်အောင်(မီးငယ်)
**B.Sc (Zoology)**
**အထက(၂)ဗဟန်း**
**နန်ယန်ကျောင်းသူဟောင်း**
**အသက်(၄၄)နှစ်**

ရန်ကုန်မြို့နေ (ဦးနိုင်အောင်)-ဒေါ်သိင်္ဂီထွန်းတို့၏သမီး၊ မောင်သုတနိုင် (GTI ဒုတိယနှစ်၊ရွှေပြည်သာ)၏ချစ်လှစွာသောမိခင်၊ Mark Redding-ဒေါ်ကေသွယ်အောင်(မီးကြီး)တို့၏အမြွာညီမ၊ ဦးကိုကိုအောင်-ဒေါ်လတ်လတ်ထွေး၊မဝေမွန်နိုင်၏အစ်မ၊ မလင်းလက်ကိုကို၊ Jeffrey Reddingတို့၏အဒေါ်၊ ဒေါ်နွယ်နီထွန်း၊ ဒေါ်ကေသီထွန်း၊ ဒေါ်မီမီထွန်းတို့၏တူမသည် ၂၉-၇-၂၀၁၇ ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။　ကျန်ရစ်သူမိသားစု

## ဦးကျော်ဇော
**(မြန်မာ့မီးရထား)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁) ရပ်ကွက်၊ ၂လမ်း၊ အမှတ်(၄၁) ပထမထပ်နေ (ဦးတင်စိန်-ဒေါ်မြကြည်)တို့၏ သား၊ ဒေါ်အေးအေးသန်း၏ ခင်ပွန်း၊ မောင်အောင်ခိုင်မင်း(ဒုတိယနှစ်၊မြန်မာစာ၊ အဝေးသင်တက္ကသိုလ်)၏ဖခင်၊ ဒေါ်လေးမော်(လ/ထမန်နေဂျာ၊ ဘဏ္ဍာရေး၊ ငြိမ်း)၏မောင်၊ ဒေါက်တာသက်နိုင် (ပါမောက္ခ၊ ရူပဗေဒဌာန၊ အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်)၏ အစ်ကိုသည် ၃၁-၇-၂၀၁၇ရက် ည ၁၁း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# မြဝတီမြို့ နယ်စပ်ဂိတ်မှ တရားဝင်ကြက်ပေါက်များတင်သွင်းမှုရပ်ဆိုင်းပြီး တရားမဝင်တင်သွင်းပါက အရေးယူမည်

**ထိန်လင်းအောင်(မြန်/ဆက်)**

**မြဝတီ ဩဂုတ် ၁**

မြန်မာ-ထိုင်းနယ်စပ်မြို့တစ်မြို့ဖြစ်သည့် မြဝတီမြို့မှ တရားဝင်ကြက်ပေါက်များ တင်သွင်းမှုကို ဩဂုတ် ၃ ရက်မှ စတင်ရပ်ဆိုင်းသွားမည်ဖြစ်ပြီး တရားမဝင် တင်သွင်းမှုများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခု ဖြစ်နေတဲ့ ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ခင်ကတည်းက ကြက်ပေါက်လေးတွေကို ပြည်တွင်းမှာရှိတဲ့ မွေးမြူရေးလုပ်ငန်းတွေအတွက် တရားဝင်ခွင့်ပြုပြီးတော့ တင်သွင်းနေတာရှိပါတယ်။ အဲဒီတင်သွင်းတဲ့ ကုမ္ပဏီတွေနဲ့လည်း ချိတ်ဆက်ထားပြီး ဖြစ်ပါတယ်။ အခုကတော့ မနက်ဖြန် ဩဂုတ် ၂ ရက်အထိပဲ တင်သွင်းပြီးရင် ဩဂုတ် ၃ ရက်မှစပြီးတော့ ဒီတရားဝင်တင်သွင်းမှုကို ရပ်ဆိုင်းတော့မှာပါ။ ကရင်ပြည်နယ်ထဲမှာတော့ ရောဂါဖြစ်ပွားမှုက အခုချိန်ထိမရှိသေးပါဘူး။ အခု ထိုင်းကနေတင်သွင်းလာတာကလည်း ထိုင်းမှာရှိနေတဲ့ DLD ဌာနရဲ့တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ်ပါပါတယ်။ သူတို့ရဲ့ခြံမှတ်ပုံတင်တွေ၊ ကာကွယ်ဆေးသုံးတာတွေ အဲဒီအချက်အလက်တွေ အကုန်လုံးကြည့်တယ်။ ပြီးရင် ကျွန်တော်တို့ဆီမှာရှိတဲ့ Rapid Test Kit နဲ့ စမ်းသပ်စစ်ဆေးပါတယ်။ အဖြေက negative ဖြစ်မှ အဝင်ခံတာ ဖြစ်ပါတယ်"ဟု မြဝတီခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာခိုင်စိုးဝင်းက ဩဂုတ် ၁ ရက်တွင် မြဝတီမြို့ ဘုရင့်ဈေးကြီးအတွင်း ကျင်းပသည့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၄* ✻



မြန်မာ-ထိုင်းနယ်စပ် မြဝတီနယ်စပ်ဂိတ်ကို တွေ့ရစဉ်

# လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၂၄၅ ဦးရှိ

# H1N1 လူနာ စုစုပေါင်း ၇၆ ဦးရှိ၊ သေဆုံးသူအရေအတွက် ထပ်မံတိုးလာခြင်းမရှိ

**နေပြည်တော် ဩဂုတ် ၁**

ဇူလိုင် ၂၁ ရက်မှ ယနေ့ မွန်းလွဲ ၂ နာရီအထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရရှိသော ရောဂါဖြစ်ပွားမှုအချက်အလက်များအရ လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်းလူနာ ၂၄၅ ဦးရှိပြီး ၎င်းတို့အနက် H1N1 လူနာစုစုပေါင်း ၇၆ ဦး၊ သေဆုံးသူ ၁၂ ဦးရှိကြောင်း၊ ထို့ကြောင့် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါဖြင့် ဆေးရုံတက်ရောက်သူများတွင် သေဆုံးမှုနှုန်းမှာ ၄ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်ချက်အရ သိရှိရသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် လတ်တလောဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါ H1N1 နှင့်ပတ်သက်၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်း၊ ကုသမှုပေးခြင်း ၊ ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၃၂ ဦးကို ထပ်မံခာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 အတည်ပြုလူနာ ၁၄ ဦးတွေ့ရှိရပြီး သေဆုံးလူနာမရှိကြောင်း၊ ယနေ့အထိ ရရှိခဲ့သော သတင်းပို့ချက်များအရ လူနာများနှင့် တိုက်ရိုက်ထိတွေ့ရသော ကျန်းမာရေးဝန်ထမ်းများတွင် ရောဂါကူးစက်ခံရခြင်း မရှိကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁* ✻

## အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲ၌ မြန်မာလှေအဖွဲ့ ရွှေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူး

စာမျက်နှာ ❖ ၁၃

## သတင်းထိမ်ချန်မှု ဂယက်နှင့် ဂျပန်နိုင်ငံရေးအရှုပ်အထွေး

စာမျက်နှာ ❖ ၁၅

ယနေ့ရန်ကုန် Yangon Today

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ယနေ့ရန်ကုန်အချပ်ပို လေးမျက်နှာပါရှိသည်**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော် ဩဂုတ် ၁** - ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ (မိုး/ဇလ)







မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်

၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊



# မြို့ပြများနှင့် ကားလမ်းပိတ်ဆို့မှုပြဿနာ

● ဇော်တင်မောင်အေး

**ကားလမ်းပိတ်ဆို့မှု ပြဿနာဟာ နိုင်ငံရဲ့လက်ရှိစီးပွားရေးကို ထိခိုက်စေရုံမကဘဲ အနာဂတ်တိုးတက်မှုတွေကို အဟန့်အတားဖြစ်စေတာ အထူးပြောစရာမလိုပါ။ ရန်ကုန်မြို့ရဲ့ အနေအထားအရ ကားလမ်းပိတ်ဆို့တဲ့ ပြဿနာဟာ နေ့ချင်းညချင်းတော့ ဖြေရှင်းလို့မရနိုင်ပါ။ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ နှစ်တိုနှစ်ရှည် စီမံကိန်းများနဲ့ ဖြေရှင်းနေချိန်မှာ ပြည်သူတွေအနေနဲ့လည်း တတ်နိုင်သမျှ ပါဝင်ကူညီနိုင်တာတွေ ရှိပါတယ်။**

**ကား**လမ်းပိတ်ဆို့မှုဟာ မြို့ကြီးတော်တော်များများမှာ ကြီးမားတဲ့ ပြဿနာတစ်ခုပါ။ အရှေ့တောင်အာရှရဲ့ မြို့ကြီးများဖြစ်တဲ့ ဗန်ကောက်၊ ဂျကာတာ၊ မနီလာ၊ ဟိုချီမင်း၊ ရန်ကုန်တို့ဟာ လမ်းတွေပိတ် ကားကျပ်တဲ့ပြဿနာတွေကို အများဆုံး ရင်ဆိုင်နေရပါတယ်။ ရန်ကုန်မြို့မှာလည်း ကားလမ်းပိတ်ဆို့မှုကြောင့်ဖြစ်တဲ့ နောက်ဆက်တွဲ ပြဿနာတွေကို ပုံစံအမျိုးမျိုးနဲ့ သတင်းတွေ၊ ဆိုရှယ်မီဒီယာတွေမှာ နေ့တိုင်းလိုလို တွေ့နေရမှာပါ။ ရန်ကုန်မြို့လို နိုင်ငံတော်ရဲ့ စီးပွားရေးမြို့တော်မှာ ကားလမ်းပိတ်ဆို့မှု ပြဿနာဟာ နိုင်ငံရဲ့လက်ရှိစီးပွားရေးကို ထိခိုက်စေရုံမကဘဲ အနာဂတ်တိုးတက်မှုတွေကို အဟန့်အတားဖြစ်စေတာ အထူးပြောစရာမလိုပါ။ ရန်ကုန်မြို့ရဲ့ အနေအထားအရ ကားလမ်းပိတ်ဆို့တဲ့ ပြဿနာဟာ နေ့ချင်းညချင်းတော့ ဖြေရှင်းလို့မရနိုင်ပါ။ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ နှစ်တိုနှစ်ရှည် စီမံကိန်းများနဲ့ ဖြေရှင်းနေချိန်မှာ ပြည်သူတွေအနေနဲ့လည်း တတ်နိုင်သမျှ ပါဝင်ကူညီနိုင်တာတွေ ရှိပါတယ်။ အရေးကြီးတာက ကားပိတ်ဆို့မှုကြောင့်ဖြစ်လာတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို ဘယ်လိုနည်းအောင် ဝိုင်းဝန်း ကူညီကြမလဲဆိုတာပါ။

ကားလမ်းပိတ်ဆို့မှုနဲ့ ပတ်သက်ရင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်ကတည်းက နာမည်ကြီးခဲ့ပါတယ်။ ဗန်ကောက်မြို့မှာ ၁၉၈၀ နောက်ပိုင်းမွေးတဲ့သူ တစ်ယောက်ဟာ အခုအချိန် အသက် ၃၀ ကျော်အရွယ်အထိ မွေးကတည်းက ကားကျပ်၊ လမ်းပိတ်ဆို့မှုတွေကို ခါးစည်းပြီးခံခဲ့ရတာပါ။ ဗန်ကောက်ပြည်သူတွေဟာ အရွယ်သုံးပါးစလုံး ကားလမ်း ပိတ်ဆို့မှုရဲ့ ဆိုးကျိုးတွေကို တွေ့ကြုံခံစားခဲ့ရတာပါ။ ဘာကြောင့်မို့ အာရှရဲ့ ကျားတစ်ကောင်ဖြစ်တဲ့ အရှိန်အဟုန်နဲ့တိုးတက်ဖွံ့ဖြိုးလာတဲ့ နိုင်ငံတစ်ခုရဲ့မြို့တော်နေပြည်သူတွေ အခုလို နှစ် ၃၀ ကျော် ဒီဒဏ်တွေကို ခံခဲ့ရတာလဲ။ လက်ရှိမှာလည်း ဆက်ပြီးခံနေရတာလဲ၊ အလွယ်ဆုံး အခြေခံအကျဆုံး ပြောရရင်တော့ စီမံခန့်ခွဲမှု (planning) အားနည်းခဲ့လို့ပါ။

ဗန်ကောက်မြို့ဟာ ၁၉၈၅ ခုနှစ်မှာ လူဦးရေ ငါးသန်းနှစ်သိန်းကျော်ရှိပြီး ၂၀၁၇ ခုနှစ်မှာတော့ ဆယ်သန်းကျော်ရှိနေပါပြီ။ နယ်အရပ်ရပ်က လာနေတဲ့ ထိုင်းလူမျိုးများ၊ နိုင်ငံခြားသားများ ပြောင်းရွှေ့အလုပ်သမားများနဲ့ဆိုရင် တစ်ဆယ့်လေးသန်းကျော်လောက် ရှိမယ်လို့ ခန့်မှန်းကြပါတယ်။

ရန်ကုန်မြို့ရဲ့ လက်ရှိလူဦးရေဟာ ငါးသန်းကျော်ရှိတယ်ဆိုတော့ ဗန်ကောက်ရဲ့ ၁၉၈၅ ခုနှစ်လောက်နဲ့တူပါတယ်။ ဗန်ကောက်မြို့ရဲ့မော်တော်ယာဉ် အရေအတွက်ဟာ ၁၉၈၅ မှာ ခုနစ်သိန်းကျော် ရှိနေပါပြီ။ ရန်ကုန်မြို့ရဲ့ လက်ရှိမော်တော်ယာဉ် အရေအတွက်က ခုနစ်သိန်းကျော်လောက်ရှိတယ်လို့ ခန့်မှန်းရပါတယ်။ စင်ကာပူရဲ့ လက်ရှိ မော်တော်ယာဉ်အရေအတွက်က ၂၀၁၇ မှာ ကိုးသိန်းကျော်ရှိပါတယ်။ ပြောချင်တာက ရန်ကုန်ဟာ စင်ကာပူရဲ့လက်ရှိအချိန် မော်တော်ယာဉ်အရေအတွက်ထက် ပိုနည်းပါတယ်။ ကားလမ်းပိတ်ဆို့မှုကတော့ ရန်ကုန်ကအခြေအနေတော်တော်ဆိုးနေပြီ။ စင်ကာပူကတော့ မရှိသလောက်ပါပဲ။ ဗန်ကောက်ကတော့ ၁၉၈၅ ခုနှစ်လောက်ကတည်းက မော်တော်ယာဉ် ခုနစ်သိန်းကျော်နေပါပြီ။ ကားလမ်းပိတ်ဆို့မှုတွေဟာလည်း ဗန်ကောက်မှာ ၁၉၈၅ ခုနှစ် လောက်ကတည်းက တော်တော်ဆိုးနေခဲ့ပါပြီ။ လက်ရှိ ၂၀၁၇ ခုနှစ်မှာ ဗန်ကောက်မြို့ရဲ့ မော်တော်ယာဉ်ပေါင်း ရှစ်သိန်းလောက် ရှိနေပါပြီ (မော်တော်ဆိုင်ကယ် နှစ်သန်းကျော်အပါအဝင်) နှစ် ၃၀ အတွင်းမှာ ဗန်ကောက်မြို့ရဲ့မော်တော်ယာဉ်အရေအတွက်ဟာ ၁၀ ဆ ကျော်ကျော် များလာပါတယ်။ ဗန်ကောက်မြို့ရဲ့လူဦးရေကတော့ သုံးဆလောက်ပဲ တိုးလာတာပါ။ မော်တော်ယာဉ်အရေအတွက် တိုးလာမှုနဲ့ လူဦးရေတိုးတက်မှုအချိုးကိုကြည့်ရင် လူတော်တော်များများ ဟာ ကိုယ်ပိုင်မော်တော်ယာဉ်တွေ ပိုပြီးပိုင်လာကြတာကို ထင်ထင်ရှားရှား မြင်နေရပါတယ်။ ဗန်ကောက်မြို့မှာ လူဦးရေ အဆမတန် တိုးများလာပြီး ကားအရေအတွက် ပိုများလာလို့ လမ်းပိတ်ဆို့မှုတွေဖြစ်လာမယ့် ဆက်နွှယ်တဲ့ ဆိုးကျိုးတွေဖြစ်လာမယ်ဆိုတာ ၁၉၈၀ ပြည့်နှစ် အစောပိုင်းမှာကတည်းက ပညာရှင်တွေက သတိပေးခဲ့တာပါ။ အဲ့ဒီအချိန်က ဗန်ကောက်မြို့ဟာ ကားလမ်းဧရိယာနဲ့မြို့ရဲ့ဧရိယာ အချိုးဟာ ကမ္ဘာပေါ်မှာ အနည်းဆုံး ၈ ဒသမ ၉ ရာခိုင်နှုန်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော်ကတည်းက ကားလမ်းပိတ်ဆို့မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ဗန်ကောက်ကို ထိုင်းအစိုးရ အဆက်ဆက်က ဘယ်လိုဖြေရှင်းခဲ့တယ်၊ ဖြေရှင်းတဲ့နည်းလမ်းတွေရဲ့ အမှား၊ အမှန်တွေကို ဘယ်လိုသင်ခန်းစာယူလို့ရမလဲဆိုတာ ရန်ကုန်မြို့အနေနဲ့ လေ့လာသင့်ပါတယ်။ သတိပြုလို့ရတာကတော့ ဗန်ကောက်မြို့ဟာ ကားလမ်းပိတ်ဆို့မှုဆိုးကျိုးတွေ ၁၉၈၀ပြည့်နှစ် ကျော်လောက်ကတည်းက ကြုံတွေ့ခဲ့ရပေမယ့် ကားဝယ်ယူမှု၊ ကားထုတ်လုပ်မှုတွေကို လျှော့မချခဲ့တာပါ။ ၁၉၉၂ မှ ၂၀၁၇ ခုနှစ်တွေအတွင်း တစ်လမှာ ပျမ်းမျှခြင်း ကား ၂၀၀၀၀ ကျော် မှတ်ပုံတင်တယ်ဆိုတော့ တစ်ရက်ကို ကားအစီး ၇၀၀ လောက် လမ်းပေါ်ရောက်လာတာပါ။ အဲဒီထဲက ၈၀ ရာခိုင်နှုန်းက ဗန်ကောက်မြို့ပေါ်မှာ သုံးပါတယ်။ ထိုင်းအစိုးရအနေနဲ့ ကားဝယ်ယူမှု၊ ကားထုတ်လုပ်မှုတွေကို လျှော့မချတာဟာ စီးပွားရေးကို အထိအခိုက်မခံချင်လို့လို့ ယေဘုယျသုံးသပ်လို့ရပါတယ်။ ကားအစီးရေကို မလျှော့ချဘဲ ကားပိတ်ဆို့မှုတွေကို စီမံကိန်းတွေနဲ့ ၁၉၈၀ ပြည့်နှစ်ကတည်းက လုပ်လာပါတယ်။ အဓိက ဦးစားပေးလုပ်ခဲ့တာတွေကတော့

(၁) ကားလမ်းအသစ်များ ဖောက်ခြင်း၊ ကားလမ်းများ တိုးချဲ့ခြင်း။

(၂) ခုံးကျော်တံတားများ (flyover) ဆောက်လုပ်ခြင်း။

(၃) မြို့ပတ်ကားလမ်းများ ဖောက်ခြင်း၊ တံတားပေါ်မှ သွားသော အမြန်လမ်းများ (elevated express way) များဆောက်လုပ်ခြင်း။

**အချပ်ပို (ဂ) သို့**

# ရန်ကုန်. . .အနာဂတ်

**။ မိုးမိုး(ဗိသုကာ)**

**ယခင်အပတ်မှ အဆက်**

ယခင် ရန်ကုန်တိုင်းဒေသကြီးအစိုးရက ၂၀၁၄ တွင် စတင်တင်ပြခဲ့သော ကြည့်မြင်တိုင်အနောက်ဘက် အေးရွာဘက်ကမ်းတွင် ရန်ကုန်မြို့သစ်စီမံကိန်း တိုးချဲ့ဆောက်လုပ်မည့် အစီအစဉ်သည် တိုင်းဒေသကြီးလွှတ်တော်တွင် အငြင်းအခုံများစွာဖြင့် ပြန်လည်ပယ်ဖျက်ခြင်း၊ ထပ်မံတင်ပြခြင်းတို့ဖြင့် ရှုပ်ထွေးနေခဲ့သည်။ မြေယာဈေးကစားကွက်ဖြစ်နေကြောင်း၊ မြို့သစ်တိုးချဲ့ခြင်းဟူသည်မှာ အိမ်ရာစီမံကိန်းလုပ်သကဲ့သို့ ရင်းနှီးမြှုပ်နှံသူလက်၊ ကန်ထရိုက်လက် အပ်သလိုအပ်နှံ၍မရကြောင်း၊ နိုင်ငံတော်အဆင့်က တာဝန်ယူလုပ်ဆောင်မှ ဖြစ်နိုင်ကြောင်း၊ ပွင့်လင်းမြင်သာမှုရှိရန်လိုကြောင်း၊ အထူးသဖြင့် ရေဝပ်ဧရိယာများဖြစ်သဖြင့် မြို့တည်ရန်သင့်၊ မသင့်ဟူသည်ကို များစွာလေ့လာရန်လိုကြောင်း ပညာရှင်များနှင့် လွှတ်တော်အမတ်အချို့က ထောက်ပြခဲ့ကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းဌာနခွဲကလည်း ရန်ကုန်မြို့ ဘက်စုံဖွံ့ဖြိုးမှုအဆိုပြုချက်များတွင် ရန်ကုန်မြို့ကို တိုးချဲ့နိုင်သောလမ်းကြောင်းများကို ၂၀၁၅-၂၀၁၆ တွင်အဆိုပြုခဲ့သည်။ မြေရယူရန် လွယ်ကူခြင်း၊ မဟာဗျူဟာလမ်းကြောင်းပေါ်ရှိခြင်း၊ စီမံကိန်းကြီးများအနီးရှိခြင်း၊ ဆက်သွယ်သွားလာရန် အဆင်သင့်ဖြစ်ခြင်း၊ နောင်အလားအလာတို့အပေါ်မူတည်လျက် ဦးစားပေးအဖြစ် ရန်ကုန်မြို့အထွက် အရှေ့မြောက်ဘက် လေးထောင့်ကန်ပတ်ဝန်းကျင်၊ သန်လျင်မြို့မြောက်ဘက်နှင့် ဒလမြို့တောင်ဘက်အပြင် အနောက်တောင်ဘက် ကြည့်မြင်တိုင်တစ်ဖက်ကမ်း၊ ထန်းတပင်မြို့သစ်၊ အနောက်မြောက်ဘက် မှော်ဘီမြို့သစ်နှင့် မြောက်ဘက် လှည်းကူးမြို့သစ်တို့ကိုလည်း မြို့ကြီးထွားရန် လမ်းကြောင်းများအဖြစ် အဆိုပြုခဲ့သည်။

တစ်ဖန် JICA ကပင်၂၀၁၃ ခုနှစ်တွင် ၎င်းတို့တင်ပြခဲ့သည့် ရန်ကုန်မဟာဗျူဟာစီမံကိန်းအား ဖြည့်စွက်မွမ်းမံမှုကို ရှစ်လစီမံကိန်းအဖြစ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာတွင် အပြီးသတ်တင်ပြရာ၌ မြို့ပြကျောရိုးနေရာချပုံမှာ ဒဂုံဆိပ်ကမ်းမြို့သစ်၊ အရှေ့ဒဂုံမြို့သစ်တို့နှင့်အတူ အေးရွာဘက် အနောက်ဘက်ကမ်းသို့တိုးချဲ့သည့် မြို့ကွက်နှင့် ဒလမြို့ကို ချဲ့ထွင်ထားမှုကိုပါ ပထမဖွံ့ဖြိုးမှုအဆင့်အဖြစ် ထည့်သွင်းရေးဆွဲထားသည်။ ထို့အပြင် ယခုအစိုးရသစ်လက်ထက်တွင် စတင်ပြောဆိုလာသည့် ကွမ်းခြံကုန်းပတ်ဝန်းကျင်၌ လေဆိပ်နှင့် ရေနက်ဆိပ်ကမ်းတိုးချဲ့မှုနှင့်အတူ မြို့သစ်များတည်ဆောက်မှုကိုလည်း ရေရှည်ဖွံ့ဖြိုးမှုအစီအစဉ်အဖြစ်လာမည့် နှစ် ၅၀ ရန်ကုန်လူဦးရေပေါင်း ၂၇ သန်းအတွက် မျှော်မှန်းချက်အဖြစ် ထည့်သွင်းသည်။ ရန်ကုန်လူဦးရေကို တိုးချဲ့နိုင်သမျှ လက်ခံကာ ပြိုင်ဘက်မရှိကြီးထွားစေမည့်စီမံကိန်း ဖြစ်နေသည်။

ထို့အတူ လွန်ခဲ့သောသီတင်းပတ်ကပင် ကိုရီးယားနိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) က ရန်ကုန်မြို့သစ်စီမံကိန်း အဆိုပြုပုံစံတစ်ခုကို Park Royal Hotel တွင် တင်ပြခဲ့သည်။ ရန်ကုန်မြို့သစ်ကို ကြည့်မြင်တိုင်တစ်ဖက်ကမ်း အေးရွာပန်းလှိုင်ကမ်းနားမှ စတင်ကာ တွံတေးတူးမြောင်းကိုကျော်လျက် (လက်ရှိဒလမြို့နယ်မပါ) ဒလမြို့နယ်တောင်ဘက်ပိုင်းတစ်ခြမ်းလုံးနှင့် ကျယ်ပြန့်စွာ နေရာယူထားသည်။ ဧရိယာ စတုရန်းကီလိုမီတာ ၂၀၀ ကျော်ပြီး လက်ရှိရန်ကုန်မြို့ မြူနီစီပယ်ဧရိယာ၏ သုံးပုံတစ်ပုံကျော်ရှိသည်။ ရန်ကုန်ကို တောင်ဘက်ခြမ်းမှ ကျယ်ပြန့်စွာပတ်ရံထားသည့် မြို့တိုးချဲ့မှုဖြစ်သည်။

**မြို့ပြချဲ့ထွင်ခြင်း**

ကမ္ဘာပေါ်တွင် မြို့ပြမူဝါဒနှင့် ပတ်သက်၍ ဂျာမနီနိုင်ငံသည် နမူနာကောင်းတစ်ခုဖြစ်သည်။ ဈေးကွက်စီးပွားရေးက ဦးဆောင်သော မြို့ပြဖွံ့ဖြိုးမှုကို အားမပေးဘဲ မြို့ပြစီမံကိန်းစည်းမျဉ်းဥပဒေများဖြင့် ကျကျနနထိန်းချုပ်သည်။ ဖက်ဒရယ်နိုင်ငံဖြစ်သည့်အတွက်ဖက်ဒရယ်နိုင်ငံအဆင့်၊ ဒေသကြီးများအဆင့်၊ ဒေသငယ်များအဆင့်နှင့် မြူနီစီပယ်အဆင့်ဟူ၍ ဒေသန္တရ နေရာချစီမံခြင်းဆိုင်ရာတွင် လေးဆင့်ခွဲခြားကာ ဥပဒေအသီးသီးဖြင့် မြို့ပြဖွံ့ဖြိုးမှုကို ထိန်းကွပ်သည်။ အဆင့်တိုင်းတွင် မြေယာအခင်းအကျင်း စီမံနေရာချမှု၊ ယာဉ်ကြောထိန်းသိမ်းမှု၊ လယ်ယာကဏ္ဍ၊ ရေစီမံခန့်ခွဲမှုတို့နှင့်လည်း ချိတ်ဆက်ထားသည်။ ဒေသအလိုက်စီမံပုံတွင် ကွာခြားသော်လည်း ရလဒ်မှာ ဂျာမနီနိုင်ငံ၏ မည်သည့်အပိုင်းမဆိုအလွန်အမင်းကြီးထွားနေသော တစ်သီးပုဂ္ဂလမြို့ကြီးဟူ၍ မရှိဘဲ ဒေသအသီးသီး ဖြန့်ကြက်ဖွံ့ဖြိုးခြင်း ဖြစ်စေသည်။

ဒေသတိုင်းတွင် ရွေးချယ်စရာများ ပြည့်စုံသဖြင့် ဟန်ချက်ညီဖွံ့ဖြိုးမှု ဖြစ်စေခြင်းက မြို့ကြီးများထံသို့ မျှော်လင့်တကြီးနေ့စဉ်ရောက်ရှိနေသည့် လူဦးရေကို တားဆီးပေးနိုင်သည်။ မိမိဒေသ၊ မိမိမြို့ရွာတွင် ဆက်လက်နေထိုင်နိုင်အောင် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ခြင်းဖြင့် မြို့ကြီးသို့ တွန်းပို့သည့် push factor ကျဆင်းစေသည့်အတွက် နိုင်ငံအနှံ့အပြားရှိ မြို့ပြဒေသများ စီးပွားရေးကောင်းမွန်အောင်၊ အခြေခံအဆောက်အအုံ ပြည့်စုံအောင် ဖန်တီးခြင်းသည် ရေရှည်ရှင်သန်သည့် ဖွံ့ဖြိုးမှုကိုရှေးရှုသည်။

မြို့ကြီးများကို ချဲ့ထွင်ဖို့လိုသည်ဆိုလျှင် Infrastructure (အခြေခံအဆောက်အအုံ) မခိုင်မာဘဲမဖြစ်နိုင်၊ အချိန်မှန်၊ ဈေးသက်သာကာ သက်သောင့်သက်သာ လိုရာရောက်နိုင်သော သယ်ယူပို့ဆောင်ရေးစနစ်နှင့် မြို့လူထုအတွက် အပန်းဖြေ ကွက်လပ်ကစားကွင်းပန်းခြံတို့သည် သော့ချက်ဖြစ်ပြီး ယင်းတို့ကို လုံလောက်အောင် ဖန်တီးပေးနိုင်မှသာ အောင်မြင်ပေမည်။ အိန္ဒိယနိုင်ငံ မြို့ကြီးများ (နယူးဒေလီ၊ ကိုလ်ကတ္တားတို့)၌ ရင်းနှီးမြှုပ်နှံမှုများသော်လည်း အကျိုးထိရောက်သောအဆင့်မြင့် မြေပေါ်မြေအောက် ရထားစနစ်ကို ဦးစားပေးခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် စတင်သည့် Delhi Metro သည် ၂၀၀၂ ခုနှစ်တွင် လိုင်းတစ်လိုင်း စတင်ပြေးဆွဲခဲ့ရာမှ ယခုအခါ ပျမ်းမျှ လူပေါင်း ၂ ဒသမ ၇သန်းကို နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိသည်။ ကိုလ်ကတ္တားတွင်လည်း မြို့ပြင်တွင် မြို့သစ်ချဲ့ထွင်မှုနှင့် တစ်ပါတည်း ရထားလိုင်းစနစ်များ ပေါင်းစပ်လုပ်ကိုင်လျက်ရှိသည်။ ရှိပြီးသားမြို့ကြီး၏ အရည်အသွေးတက်လာရုံမက တိုးချဲ့မည့်နေရာအတွက်ပါ ပြင်ဆင်ပြီးဖြစ်သွားပေသည်။ ယခင် ရန်ကုန်တွင် ရွှေပြည်သာ၊ ဒဂုံစသည့် မြို့သစ်များချဲ့စဉ်က လမ်း၊ တံတား၊ ရေ၊ မီး၊ မြောင်း၊ သယ်ယူပို့ဆောင်ရေးစနစ်များကို စနစ်တကျ နေရာမချမီ ရွှေ့ပြောင်းခဲ့သည့်အတွက် ယခုထက်တိုင် အဆင်မပြေသေးသော မြို့ပြအခြေအနေများ ရှိနေဆဲဖြစ်သည်။ ယင်းသို့ နေသားကျနေပြီဖြစ်သော မြို့လူထုအသိုက်အဝန်းတို့၏ နေထိုင်မှု အရည်အသွေးမြှင့်ရန်သည် မြို့ပြစီမံမှုတွင် ဦးစားပေးရမည့် အချက်ဖြစ်သည်။ မြို့တိုးချဲ့ရာတွင်လည်း လက်ရှိအခြေအနေအတွက် ပြေလည်မှုတင်မက နောင်ဖြစ်ပေါ်လာမည့် အခြေအနေများကို စဉ်းစားကာ နေရာချခဲ့ခြင်း(Planned extension)က နောက်ဆက်တွဲ ပြဿနာများ နည်းပါးစေသည်။

**မိမိလူမျိုး ဓလေ့၊ စရိုက်နှင့် မကိုက်ညီသော မြို့လူနေမှုစနစ်တစ်ခုခုကို အခြားနိုင်ငံများမှ ကူးယူလာရုံမျှနှင့် မအောင်မြင်နိုင်၊ ရုပ်ဝတ္ထုအားဖြင့် ပြေလည်သည်ဆိုလျှင်တောင်မှ ရေရှည်တွင် လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်သက်ရောက်မှုများ ရှိနိုင်**

မြို့ဟူသည် လူမှုအသိုင်းအဝိုင်းနှင့် ယှဉ်တွဲဆက်နွယ်နေမည်ဖြစ်ပြီး စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် လူတန်းစားအခြေခံ၊ သဘာဝအနေအထား ရင်းမြစ်အခြေခံများပေါ်မူတည်သည်။ မြို့တည်ဆောက်ခြင်း၊ ချဲ့ထွင်ခြင်းဆိုသည်ကို တစ်ခုခုထပ်မံဆောက်လုပ်ရေးဆိုသည်ထက် ပုဂ္ဂလိကတစ်ဦးချင်းရော အများအတွက်ပါ အကျိုးရှိမည့် လူမှုဝန်းကျင်တစ်ခု ဖွံ့ဖြိုးစေမှုဖြစ်ရန် ရည်ရွယ်မှသာ ဖြစ်နိုင်သည်။ မိမိလူမျိုးအခြေခံရာ ခံယူချက်နှင့် မိမိပတ်ဝန်းကျင်ကို ပုံဖော်ယူကြခြင်းဖြစ်သည်။ လူမှုအသိုင်းအဝိုင်းသည် ရုပ်ရွာအကျိုးကို စောင့်ရှောက်ပြုပြင်သည့်ကဏ္ဍ၌ အရေးပါသည်။ မိမိလူမျိုးဓလေ့၊ စရိုက်နှင့် မကိုက်ညီသော မြို့လူနေမှုစနစ်တစ်ခုခုကို အခြားနိုင်ငံများမှ ကူးယူ လာရုံမျှနှင့် မအောင်မြင် နိုင်၊ ရုပ်ဝတ္ထုအားဖြင့် ပြေလည်သည်ဆိုလျှင်တောင်မှ ရေရှည် တွင် လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်သက်ရောက်မှုများ ရှိနိုင်သည်။

အချက်အချာကျမှု၊ လမ်းမကြီးများနှင့် လမ်းကွန်ရက်များပေါ်တည်ရှိမှု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုကြီးများရှိလာမည့် နိုင်ငံအဆင့်စီမံကိန်းများဖြစ်သည့် လေယာဉ်ကွင်း၊ ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်တို့ စတင်တည်ဆောက်မှု၊ အခြေခံ အဆောက်အအုံ တိုးတက် ကောင်းမွန်မှု တို့သည် လွယ်လင့်တကူ ပြောင်းနေဖို့ရာနှင့် စည်ကားသည့် မြို့အဆင့်ရောက်ရန် လုံလောက်စွာ ဆွဲဆောင်သည့် ကနဦး အကြောင်းရင်းများဖြစ်ကြသည်။ (ဥပမာ-နေပြည်တော်သည် အစိုးရဌာနများရုံးစိုက်ရာဖြစ်ခြင်းကြောင့် ဝန်ထမ်းများ မဖြစ်မနေသွားနေရန်လိုအပ်ခြင်း) ယင်းအချက်များကြောင့် မဟုတ်လျှင် လူရှိပြီးသား၊ အသိုက်အမြုံတောင့်ပြီးသား နေရာတွင်သာ ဆက်လက်ဖွံ့ဖြိုးမည့် အလားအလာရှိသည်။ လူမှုအသိုင်းအဝိုင်း အခြေခံက မြို့ဝိညာဉ်ကို ပိုမိုသက်ဝင်စေသည်။

မြို့တည်ရာတွင် planning ဆိုသည့် စီမံခြင်း၊ မြို့ကွက်ချခြင်း၊ သတ်မှတ်ခြင်း၊ တွက်ချက်ခြင်း ကဏ္ဍများတင်မက ဒီဇိုင်းကဏ္ဍသည်လည်း အရေးကြီးပေသည်။ မော်ဒန်မြို့ကြီးများအဖြစ် ငေးမောအားကျကြသည့် ခေတ်မီမြို့ကြီးများမှာ အများအားဖြင့် မြို့ကွက်စီစီညီညီထဲတွင် အထပ်မြင့် (တစ်ခါတစ်ရံ လုံးရပ်ညီစွာ ဆင်တူတန်းစီနေသော)ကွန်ကရစ်တုံးများ ဟိုနေရာတစ်စ ဒီနေရာတစ်စ ရှိနေခြင်းဖြစ်သည်။ ရေမြေတောတောင် သစ်ပင်ကင်းဝေးကာ မည်သည့်စရိုက်၊ မည်သည့်ကိုယ်ပိုင်လက္ခဏာကိုမျှ မဆောင်သော ကိုယ်ပိုင်ကားသွားလာရေး ဦးစားပေးသည့် ဝိညာဉ်မဲ့ကွန်ကရစ်တောများ တောထလာခြင်းကလည်း ခေတ်ပေါ်တည်ဆောက်မြို့တော်များ၏ တစ်သမတ်တည်းပုံစံ ဖြစ်နေသည်။ နေထိုင်သူတို့ နေချင်စဖွယ်ဖြစ်ခြင်း၊ ဂုဏ်ယူဖွယ်ရာဖြစ်ခြင်း၊ တန်ဖိုးရှိစွာ အပန်းဖြေအချိန်ဖြုန်းနိုင်ခြင်းတို့သည်လည်း စိတ်ဓာတ်ခွန်အားအတွက် အရေးကြီးသည်။ ထို့ကြောင့် သမိုင်းဝင်မြို့ကြီးများသည် ယဉ်ကျေးမှုအမွေအနှစ်များအားဖြင့် ခေတ်အဆက်ဆက်တည်ကာ မီးခိုးမထုတ်သည့် စီးပွားကဏ္ဍခေါ်သည့် ခရီးသွားကဏ္ဍဖြင့်ပင် နိုင်ငံ့ဝင်ငွေကို များစွာတိုးတက်နေစေခြင်းဖြစ်သည်။ အီတလီနိုင်ငံ ရောမမြို့သို့ နှစ်စဉ်အလည်လာသူ ၁၃ သန်းကျော်ရှိသည်။

(လာမည့်အပတ်ထုတ် ယနေ့ ရန်ကုန်စာမျက်နှာတွင် ဆက်လက်ဖော်ပြပါမည်)



ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

**လှိုင်မြစ်ပြင်သို့ နံနက်ခင်းတိမ်ညိုကြားမှ တိုးထွက်လာသော နေမင်း၏ အလင်းရောင်ဖြာကျနေသည့်အတွက် မြစ်ကြောင်း တစ်လျှောက်မှာ နံနက်ခင်းနေခြည်နုနုနှင့်အတူ လှပလျက်ရှိသည်။**



ဓာတ်ပုံ-အောင်သန်းဦး

# လုပ်အား၊ ဝင်ငွေနှင့် အိပ်မက်များကြားက ရှင်သန်ရပ်တည်ကြသူများ

● သော်တာနှမ့်စန်

လှိုင်မြစ်တစ်ဖက်ကမ်းရှိ ရွှေလင်ပန်းစက်မှုဇုန်နှင့် ငွေပင်လယ်စက်မှုဇုန်တို့မှ တလူလူတိုးထွက်လျက်ရှိသော စက်ရုံမီးခိုးငွေ့တို့မှာလည်း မဟာရန်ကုန်မြို့၏ စက်မှုစွမ်းအားကို ဂုဏ်ယူပြသနေဟန်ရှိသည်။

ရန်ကုန်မြို့တွင်ရှိသော စက်မှုဇုန်များ၌ လှိုင်သာယာစက်မှုဇုန်သည် အကြီးဆုံးနှင့် လုပ်သားအင်အား အများဆုံးဖြစ်ကာ ပြည်ပပို့ကုန်အများဆုံး ထုတ်လုပ်တင်ပို့သော စက်မှုဇုန်ကြီးလည်းဖြစ်သည်။ စက်မှုဇုန်(၁)မှ(၇)ထိရှိပြီး ရွှေလင်ပန်း၊ ရွှေသံလွင်၊ ငွေပင်လယ်စက်မှုဇုန်တို့မှ လုပ်သားအင်အားနှစ်သိန်းခွဲကျော်ဖြင့် အထည်ချုပ်စက်ရုံပေါင်း ၄၈၀ တွင် အလုပ်လုပ်ကိုင်လျက်ရှိသည်။ ထိုစက်ရုံ ၄၈၀ တွင် စက်ရုံ ၃၀၀ နှင့် ၃၅၀ ကြားသည် ပြည်ပပို့ကုန်တင်ပို့သော စက်ရုံများဖြစ်သည်။ နိုင်ငံခြားဝင်ငွေကို နှစ်စဉ်ရရှိနေသော စက်ရုံများပင်ဖြစ်သည်။

ဤစက်ရုံများသို့ မြန်မာပြည်အောက်ပိုင်း၊ အလယ်ပိုင်းနှင့် အထက်ပိုင်းမှ အလုပ်သမားများ လာရောက်လုပ်ကိုင်ကြသည့်အတွက် လှိုင်သာယာစက်မှုဇုန်သည် နှစ်စဉ်အလုပ်သမားဦးရေနှင့် လူဦးရေတိုးလာလျက်ရှိသည်။

လှိုင်သာယာစက်မှုဇုန်သည် မြန်မာပြည်၏အကြီးမားဆုံးစက်မှုဇုန်ကြီးဖြစ်သည့်နည်းတူ အလုပ်ရှင်၊ အလုပ်သမားမကျေလည်မှု အများဆုံးဖြစ်ပွားရာနေရာလည်းဖြစ်သည်။ ပြောင်းလဲလာသော ခေတ်၊ စနစ်နှင့်အညီ အလုပ်သမားအခွင့်အရေးများကို ဖော်ဆောင်ပေးသည့်နည်းတူ အလုပ်ရှင်တို့၏ အခွင့်အရေးများကိုလည်း ၁၉၅၁ ခုနှစ်နှင့် ၂၀၁၁၊ ၂၀၁၂နှင့် ၂၀၁၃ အလုပ်သမားဥပဒေတို့တွင် ပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသည့်အတွက် အလုပ်ရှင်၊ အလုပ်သမားပြဿနာသည် ယခင်ကထက်များစွာ ကျဆင်းသွားသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး သို့ရာတွင် စက်ရုံအချို့၏ မပြေလည်မှုများမှာလည်း ရှိနေဆဲပင်ဖြစ်သည်။သို့သော် အလုပ်သမားများမှာ ဝမ်းရေးအတွက် အလုပ်မပေးစေရန် စက်မှုဇုန်များတွင် ဆက်လက်လုပ်ကိုင်နေကြလျက်ရှိသည်။

စက်မှုဇုန်(၂) ဦးရွှေအိုးလမ်းတွင် နာမည်ကြီးသော အထည်ချုပ်စက်ရုံများရှိသည့်နည်းတူ ဦးထုပ်ထုတ်လုပ်သော စက်ရုံလည်းရှိသည်။ ထိုဦးထုပ်ထုတ်လုပ်သောစက်ရုံတွင် အမျိုးသားထက် အမျိုးသမီးများက လာရောက်လုပ်ကိုင်လျက်ရှိသည်။ ဝမ်းရေးအတွက် နယ်ဘက်ရှိကျေးရွာများမှ စက်ရုံတွင် ဝင်ရောက်လုပ်ကိုင်ကာ ဝင်ငွေရှာဖွေသူများရှိသည့်နည်းတူ ကျေးရွာများမှ မိသားစုလိုက် ပြောင်းရွှေ့လျက် ထိုစက်မှုဇုန်တို့တွင် ဈေးရောင်းကာ ဝမ်းရေးအတွက် ရုန်းကန်နေသူများလည်း ရှိသည်။

ဤစက်မှုဇုန်(၂)ရှိ ဦးထုပ်စက်ရုံရှေ့တွင် နံနက်ပိုင်းစက်ရုံဖွင့်ချိန်နှင့် စက်ရုံဆင်းချိန်တို့တွင် စက်ရုံရှေ့၌ ဈေးသည်၊ အလုပ်သမားတို့ဖြင့် စည်ကားနေတတ်သည်။ ညနေပိုင်း ၄ နာရီခွဲစက်ရုံဆင်းပြီး အချိန်ပိုမဆင်းမီ ၁၀ မိနစ်အချိန်သည် ထိုဦးထုပ်စက်ရုံရှေ့၌ အလုပ်သမားများ နှင့် ဈေးသည်များဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။ လက်ဖက် ထမင်း၊ မုန့်ဟင်းခါး၊ ကြာဆံကြော်၊ ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ အသားကင်၊ ကျောက်ကျော၊ မုန့်ဖက်ထုပ်၊ အသား တုတ်ထိုး၊ ငှက်ပျောသီး၊ နန္ဒမ်းမကင်းရောင်းသော တွန်းလှည်း တို့ဖြင့် ဈေးတန်းလေးပမာ ရောင်းချလျက်ရှိသည်။ အဆောင်ခ၊ စားစရိတ်၊ အသုံးစရိတ်နှင့် မိဘရပ်ထံပို့ရသောငွေကြေးတို့ကို တွက်ချက်ကာ တစ်နေ့ငွေကျပ် ၅၀၀ အသုံးစရိတ်ဖြင့် စက်ရုံ အလုပ်သမားတို့မှာ ခြိုးခြံချွေတာ စားသောက်တတ်ကြသည်။အထူးသဖြင့် မိဘရပ်ထံငွေကြေး ပြန်ပို့သော မိန်းကလေးများပင် ဖြစ်သည်။

ပန်းကန်ပြားအသေးဖြင့်ထည့်ထားသော လက်ဖက်ထမင်း၊ မုန့်ဟင်းခါး၊ ကြာဆံ၊ ခေါက်ဆွဲကြော်တစ်ပွဲလျှင် ငွေကျပ် ၂၀၀ ဖြင့် ရောင်းချလျက်ရှိပြီး ထမင်းကြော် ကြက်ဥဖြင့် ငွေကျပ် ၅၀၀ ရောင်းချကာ ကျန်သော သရေစာမုန့်တို့မှာ ငွေကျပ်တစ်ရာ၊ နှစ်ရာဖြင့် ရောင်းချလျက်ရှိသည်။ ရရှိသော ၁၀ မိနစ်အား သွက်လက်မြန်ဆန်စွာစားသောက်ကာ စက်ရုံအတွင်းပြန်ဝင်ရသောကြောင့် တွန်းလှည်းများဖြင့် ဈေးရောင်းသူတို့မှာ စက်ရုံတစ်ရုံပြီးတစ်ရုံ သွားလာရောင်းချကြလျက်ရှိသည်။ ညနေ ၄ နာရီခွဲလျှင် ဤဖိနပ်စက်ရုံပြီးပါက ၅ နာရီတွင် အိုပယ်အထည်ချုပ်စက်ရုံသို့သွားရောက်ရောင်းချပြီး ညနေ ၆ နာရီတွင် ဆန်နဂျီအထည်ချုပ်စက်ရုံသို့ စားပွဲခုံ၊ ကော်ထိုင်ခုံများချကာ အလုပ်သမားများ စားသောက်နိုင်သော ဈေးနှုန်းဖြင့် ရောင်းချကြလျက်ရှိသည်။ အသက်(၆၄)နှစ်ရှိ ဒေးဒရဲမြို့နယ် ငဖောင်းကြီးရွာမှ မိသားစုရှစ်ယောက်ဖြင့် ပြောင်းရွှေ့လာသော ဒေါ်အေးသန်းက ဤသို့ဆိုသည်။

"လှိုင်သာယာကိုရောက်တာနှစ်နှစ်ရှိပြီ။ ရွာမှာက မိုးရာသီ ပင်ပင်ပန်းပန်းလုပ်မှ မိသားစုရှစ်ဦး စားလောက်ရုံပဲ ရှိတယ်။ ကျန်တဲ့ရာသီ အလုပ်အကိုင်မရှိဘူး။ ဒီမှာ အဆင်ပြေတယ်။ နံနက်ပိုင်း စက်ရုံနှစ်ရုံနဲ့ ညနေပိုင်း စက်ရုံသုံးရုံကို ထမင်းကြော် ရောင်းတယ်။ ရောင်းမကောင်းတဲ့နေ့ အမြတ်မကျန်ပေမယ့် မီးဖိုချောင်စရိတ်ကာပြီး မြတ်တဲ့နေ့ တစ်သောင်းလောက်ရတယ်။ အိမ်လခရှစ်သောင်းပေးရတယ်။ ကျန်စစ်သား ဘုရားလမ်းမှာငှားနေတာပါ။ မိုးများပြီး ဈေးရောင်းမထွက်နိုင်တဲ့နေ့ အကြွေးတင်တဲ့နေ့ပဲ။ အပိုငွေမရှိဘူး။ ဒီမှာ ပါးစပ်စိုစိုစားရတယ်။ နောက်ပိုင်းဈေးရောင်းလို့ အဆင်မပြေရင်တော့ ရွာပဲပြန်ရမှာပေါ့"ဟု ဈေးရောင်းရန် ပြင်ဆင်နေရင်းက ပြောပြလေသည်။

တွန်းလှည်းကိုယ်စီဖြင့်ဈေးလာရောင်းသူတို့မှာ စက်ရုံအလုပ်သမားများအပြင်သို့ ထွက်မလာမီ ပြင်ဆင်လျက်ရှိပြီး ပါလာသော ကလေးငယ်တစ်သိုက်မှာ ပြေးလွှားဆော့ကစားလျက်ရှိသည်။ ငွေကျပ် ၂၀၀ သည် လှိုင်သာယာစက်မှုဇုန်တွင် အလုပ်သမားတို့အတွက် ဟာနေသောဝမ်းကို ခေတ္တဖြည့်ဆည်းပေးနိုင်သောနေရာအဖြစ် တွေ့မြင်ရလျက်ရှိသည်။ ရသည့်အချိန်တွင် အပြင်ထွက်လာသော အလုပ်သမားတို့မှာ ပြေးပြေးလွှားလွှား မိမိကြိုက်နှစ်သက်ရာ စားသောက်လျက်ရှိသည်။ လစာ၏ပိုလျှံငွေထွက်ရှိစေရန် ချွေတာစားသုံးရသောကြောင့် နေ့စဉ်အပြင်ထွက်၍ ဝယ်ယူစားသုံးနိုင်မှုမရှိကြောင်း စက်ရုံအလုပ်သမားတစ်ဦးက ဤသို့ရှင်းပြသည်။

"သမီးတို့က ပခုက္ကူတစ်ဖက်ကမ်းမှာနေတာ။ အခုရွာ ရေမြုပ်နေတယ်ပြောတယ်။ လကုန်ရင် အမေ့ဆီငွေပို့ရ ဦးမယ်။ အဆောင်က စုပေါင်းပြီးငှားနေတာ။ တစ်ဦးကို နှစ်သောင်းခွဲစီပေးရတယ်။ ဒီနှစ်အဖျားအနာဖြစ်တာများတော့ ငွေပိုပြီးကုန်တယ်။ ကိုယ့်အချင်းချင်း ငွေချေးရင်တောင် **အချပ်ပို (ဃ)သို့**

**မြို့ပြများနှင့် ကားလမ်းပိတ်ဆို့မှုပြဿနာမှ**

(၄) ခရီးသည်တင်သည့် ဘတ်စ်ကား (bus car) များသာ သွားခွင့်ပြုသည့် လမ်းများ (bus only lanes) သတ်မှတ်ခြင်း။

(၅) ကားရပ်နားသည့်နေရာများ (car parking) တိုးချဲ့ ဆောက်လုပ်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် parking လိုအပ်ချက်များကို နည်းဥပဒေများ သတ်မှတ်၍ လုပ်ဆောင်စေခြင်း။

(၆) လမ်းစည်းကမ်းများကို ပိုမိုကြပ်မတ်လာခြင်း စသည်တို့

လုပ်ဆောင်လာကြပါတယ်။ ရဲအရာရှိတွေကိုယ်တိုင် အရေးကြီးတဲ့နေရာတွေမှာဆင်းပြီး ယာဉ်ကြောပိတ်ဆို့မှုတွေကို ဖြေရှင်းကြပါတယ်။ ကမ္ဘာပေါ်မှာ ယာဉ်ထိန်းရဲ အများဆုံး သုံးပြီး ဖြေရှင်းတဲ့မြို့လို့ ပြောလို့ရပါတယ်။ ယာဉ်မောင်းသူတွေကလည်း စိတ်ရှည်ရှည်နဲ့ စည်းကမ်းတကျမောင်းပြီး ကူညီကြတာကို တွေ့ရပါတယ်။ ကားဟွန်းတွေတီးအော်ဟစ်ရန်တွေ့တာတွေ မတွေ့ရသလောက်ပါပဲ။ ယာဉ်မောင်းသူအချင်းချင်း လေးလေးစားစား ယဉ်ကျေးစွာဆက်ဆံမှုရှိကြပြီး ခွင့်လွှတ်ညှာတာတတ်တာတွေ တွေ့ရတာ အင်မတန်ချီးကျူးလေးစားစရာပါ။ အစိုးရအပါအဝင် ဘယ်သူ့ကိုမှ တစ်ဖက်သတ်အပြစ်မတင်ဘဲ စည်းကမ်းရှိ၊ ယဉ်ကျေးစွာမောင်းနှင်ပြီး တစ်ဖက်တစ်လမ်းက ကူညီနေကြတာ မြင်သာပါတယ်။ နှစ်သစ်ကူးလိုအချိန်တွေမှာ ယာဉ်ထိန်းရဲများကို လက်ဆောင်လေးတွေ ချပေးတတ်တဲ့ ချစ်စရာဓလေ့လေးတွေလည်း တွေ့ရပါတယ်။ အချင်းချင်းလေးစားပြီး စည်းကမ်းရှိတဲ့ ယာဉ်မောင်းတွေရဲ့ အမူအကျင့်တွေကို အတုယူသင့်ပါတယ်။

နောက်တစ်ခု လေ့လာအတုယူသင့်တာကတော့ အစိုးရရဲ့ စီးပွားရေးပေါ်လစီပါ။ မြို့ပြပြဿနာနဲ့ စီးပွားရေးတိုးတက်မှုကို မျှတအောင် ကိုင်တွယ်သွားတာ တွေ့ရပါတယ်။ တချို့နေရာတွေမှာ မြို့ပြပြဿနာတွေကို ဖြေရှင်းတဲ့စီမံကိန်းများဟာ တိုင်းပြည်ရဲ့ စီးပွားရေးကို အထောက်အကူဖြစ်စေတာ တွေ့ရပါတယ်။ မြို့ပတ်လမ်းများ၊ အမြန်လမ်းများဆောက်လုပ်ခြင်းကြောင့် ဆက်နွယ်နေသော စီးပွားရေးများ တိုးတက်လာတာ တွေ့ရပါတယ်။ တကယ်တော့ ဗန်ကောက်မြို့ အုပ်ချုပ်မှုအဖွဲ့အစည်းဖြစ်တဲ့ Bangkok Metropolitan Administration (BMA) ဟာ မိုးပျံရထား (Sky Train) ကို ၁၉၈၀ ပြည့်နှစ် အစောပိုင်းထဲက စီမံကိန်းချပြီး လုပ်ခဲ့တာပါ။ ကနေဒါနိုင်ငံရဲ့ နည်းပညာနဲ့ဆောက်လုပ်မှာဖြစ်ပြီး Lavalin Project လို့ခေါ်ပါတယ်။ ဒီစီမံကိန်းဟာ နိုင်ငံရေးဝင်ရောက် စွက်ဖက်မှုကြောင့် နှောင့်နှေးခဲ့ပြီး ၁၉၉၂ ခုနှစ်မှာတော့ လုံးဝဖျက်သိမ်းခဲ့ပါတယ်။ ဗန်ကောက်မြို့ရဲ့ အအောင်မြင်ဆုံးမြို့တော်ဝန် Chamiong Srimuang ချမ်လောင်စရီမွမ်(ရွေးကောက်ပွဲမှ မြို့တော်ဝန်ဖြစ်လာသော ဗိုလ်မှူးချုပ်ဟောင်း) လက်ထက်မှာ အခုလက်ရှိပြေးဆွဲနေတဲ့ Bangkok Mass Trandit System (BTS Skytrain) ကို မဖြစ်မနေဆောက်လုပ်ရန် စီမံကိန်းချခဲ့ပြီး ဆောက်လုပ်ခဲ့လို့ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၅ ရက်နေ့မှ စတင်ပြေးဆွဲနိုင်ခဲ့ပါတယ်။ အဲဒီ ဗန်ကောက်မြို့တော်ဝန် ချမ်လောင်လက်ထက်မှာပဲ မြေအောက်ရထားလမ်းကို အရင်ဖျက်သိမ်းခဲ့တဲ့ Lavalin Project နေရာမှာ အစားထိုးဖို့ တွန်းအားပေးနိုင်ခဲ့လို့ Bangkok Mass Rapid Transit Authority of Thailand (MRTA) ကို ထူထောင်ခဲ့ပြီး ၁၉၉၆ နိုဝင်ဘာလ ၁၉ ရက်နေ့မှာ စတင်ဆောက်နိုင်ခဲ့တာပါ။ ဒီ Blue Line လို့ခေါ်တဲ့ ဗန်ကောက်မြို့ရဲ့ ပထမဦးဆုံး မြေအောက်ရထားကို ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှာ တရားဝင်ဖွင့်နိုင်ခဲ့ပါတယ်။ BTS Skytrain နဲ့ မြေအောက်ရထား Blue Line (Chaloem Ratchamongkhon Line)များ စတင်ပြေးဆွဲနိုင်ခြင်းဟာ ဗန်ကောက်မြို့ရဲ့ စာမျက်နှာအသစ်တွေကို ဖွင့်ပေးလိုက်တာပါပဲ။ ဒီလို Mass Rapid Transit System (MRT) လူအများစီးနိုင်တဲ့ မြို့တွင်းခရီးသွားဝန်ဆောင်မှုဟာ ဗန်ကောက်မြို့ရဲ့ လူနေမှုအဆင့်အတန်း၊ စီးပွားရေးနဲ့ စားဝတ်နေရေးတိုးတက်ရေး တွေအတွက် အမှန်တကယ်အရေးကြီးတဲ့ ပြောင်းလဲမှုတစ်ခုပါ။

နောက်တစ်ဆင့်အနေနဲ့ သုဝဏ္ဏဘုမ္မိလေဆိပ်မှ ဗန်ကောက်မြို့တွင်းသို့သွားတဲ့ Airport Rail Link ဆိုတဲ့ မိုးပျံရထားလမ်းတစ်ခုကို ၂၀၁၀ ပြည့်နှစ် ဩဂုတ် ၂၃ ရက်မှာ စတင်ပြေးဆွဲခဲ့ပြီး MRT Purple Line (MRT Chalong Ratchadham Line) ကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၆ ရက် မှာ စတင်ပြေးဆွဲနိုင်ခဲ့ပါတယ်။ ကျောက်ဘုရားမြစ်အောက်ကို ဖြတ်ပြီးဆောက်ထားတဲ့ Blue Line Extension မြေအောက်နဲ့ မိုးပျံရောထားတဲ့ နောက်စီမံကိန်းကတော့ ၉၀ ရာခိုင်နှုန်းကျော် ဆောက်ပြီးနေပါပြီ။ ၂၀၁၈ နောက်ပိုင်းလောက် စတင်ပြေးဆွဲမယ်လို့ ခန့်မှန်းထားပါတယ်။ နောက်ထပ် မြေအောက်နဲ့ မိုးပျံရထားစီမံကိန်းအသစ်နှစ်ခုကို ၂၀၁၇ ခုနှစ် နှစ်လယ်ကနေ စဆောက်ဖို့ ပြင်ဆင်နေပါပြီ။ ဒီစီမံကိန်းကြီးနှစ်ခု ဆောက်နေချိန်မှာတော့ ဗန်ကောက်ဟာ ကားလမ်းပိတ်ဆို့မှုတွေ ကို အလူးအလဲခံရဦးမှာပါ။ တိုင်းပြည်ရဲ့စီးပွားရေးကတော့ ဆောက်နေဆဲနဲ့ ဆောက်လုပ်ပြီးစီးတဲ့အချိန်တွေမှာ အရှိန်အဟုန်နဲ့တက်မှာပါ။ ဒီလို MRT စနစ်တွေကတော့ ရန်ကုန်မြို့မှာ တကယ်လိုအပ်နေတာဖြစ်လို့ ရန်ကုန်မြို့သူ မြို့သားများအတွက် တကယ်အကျိုးရှိတဲ့ ခရီးသွားစနစ်ဖြစ်လို့၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရလာမှာဖြစ်လို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထောက်အကူအများဆုံးပြုနိုင်လို့၊ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ပါစေလို့ တိုက်တွန်းဆုတောင်းလိုက်ပါတယ်။ ရန်ကုန်မြို့မှာနေထိုင်တဲ့ ပြည်သူတွေအနေနဲ့လည်း စည်းကမ်းရှိရှိနဲ့ ကားလမ်းပိတ်ဆို့မှုတွေကို လျှော့နည်းအောင် ကူညီလိမ့်မယ်လို့ ယုံကြည်မိပါတယ်။




# အရောင်းအဝယ် အားသော်လည်း တရိပ်ရိပ်တက်လာသည့် ရန်ကုန်ကားဈေးကွက်

မင်းသော်

**အပ်ကားများ** ရှားပါးလာချိန်တွင် စလစ်ကပ် တင်သွင်းရန် အားထုတ်လာခြင်းကြောင့် စလစ်ဈေးနှုန်းများ အဆမတန် မြင့်တက်လျက်ရှိသည်ကို သီတင်းပတ်အတွင်း တွေ့ရှိရသည်။ စလစ်ဈေးနှုန်းများသည် လိုအပ်ချက်အရ မြင့်တက်နေရခြင်း ဖြစ်ပြီး ရှိသလောက်လည်း အရောင်းအဝယ်ဖြစ်နေသည်ကို ဇူလိုင် ၃၁ ရက်အထိ မြင်တွေ့ရသည်။

အပ်ကားများရှားပါးလာချိန်တွင် စလစ်ဈေးဆက်လက် မြင့်တက်နေပါက ကားဈေးနှုန်းများသည်လည်း အမြင့်ဆုံးသို့ ရောက်ရှိလာနိုင်ပြီး နှစ်ကုန်အထိ ဈေးမာနေပေလိမ့်မည်ဟု ကျွမ်းကျင်သူများ၏ အဆိုအရ သိရသည်။ ယာဉ်ဟောင်းစလစ်မှာ ဈေးကောင်းသော်လည်း ဈေးကွက်အတွင်းရှားပါးလာနေပြီး သီတင်းပတ်အတွင်း အများစုအရောင်းအဝယ်ဖြစ်သည့် စလစ်များမှာ တိုက်ကြေစလစ်နှင့် အငှားယာဉ်စလစ်များ အရောင်းသွက်ခဲ့သည်။

ယခုရက်ပိုင်းအတွင် လိုင်စင်ပေါ်တွင်မူတည်ကာ သက်ဆိုင်ရာနယ်မြေအလိုက် အရောင်းအဝယ်ကွဲပြားနေပြီး ကားပွဲစားအများစုမှာ ဈေးကွက်အခြေအနေပေါ်မူတည်ကာ အရောင်းအဝယ်ဖြစ်စေရန် လုပ်ဆောင်နေကြရသည်။ ရန်ကုန်လိုင်စင် ၁၃၀၀ စီစီကားများတင်သွင်းမှု များပြားလာနေသော်လည်း ဈေးနှုန်းမြင့်မားခြင်းကြောင့် ကြိုက်ရောင်းကြိုက်ဝယ်သာ အလုပ်ဖြစ်ကြသည်။ နယ်လိုင်စင်များမှာ ရက်ပိုင်းအတွင်း အတော်များများ ထွက်ပေါ်လာနေသည့်အတွက် ရန်ကုန်လိုင်စင်ထက် နယ်လိုင်စင်ပိုအရောင်းသွက်ခဲ့သည်ဟု သုံးသပ်ရသည်။

စလစ်ဖြင့်တင်သွင်းလာသည့် ၁၃၀၀ စီစီ အများစုတွင် နယ်လိုင်စင်များ ကျန်ရှိနေသေးသည်ကတစ်ကြောင်း၊ ဈေးကွက်တွင်လည်း ရန်ကုန်နှင့် နယ်လိုင်စင်မှာ ယခုအပတ်အတွင်း ကျပ်သိန်း ၄၃ သိန်းဝန်းကျင်ခန့် ကွာခြားသည်က တစ်ကြောင်း နယ်လိုင်စင်များသာ အရောင်းအဝယ်အားကောင်းခြင်း ဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်က ကျပ်သိန်း ၁၀၀ ပတ်လည်သာ ရှိခဲ့သည့်စလစ်ဈေးမှာ ယခုရက်ပိုင်းအတွင်းမှာပင် ကျပ် ၁၁၃ သိန်းအထိ မြင့်တက်ခဲ့ခြင်းကြောင့် လက်ရှိအဆင်ပြေနေသည့် ကားဈေးကွက် ပြန်လည်အေးစက်သွားမည်ကို ဝယ်ရောင်းများ၊ ပွဲစားများနှင့် ကားဝယ်ယူလိုသူများအားလုံး စိုးရိမ်လျက်ရှိပြီး လက်ရှိကာလမှ နှစ်မကုန်မီအထိ အစိုးရမှ မူဝါဒတစ်စုံတစ်ရာ ထပ်မံမပြောင်းလဲပါက ကားဈေးနှုန်းများ ယခုထက်ပိုမိုမြင့်တက်လာနိုင်သေးသည်ကို ခန့်မှန်းရသည်။

လက်ရှိတွင် ဈေးကွက်ကားများထက် စလစ်ကပ်တင်သွင်းကားသစ်များ အမေးများနေပြီး အများစုမှာ မဖြစ်မနေ ဝယ်ယူသူနှင့် ဈေးကစားလိုသူ ဝယ်ရောင်းများသာ အလုပ်ဖြစ်ခဲ့သည်ကို မြင်ရသည်။ လာမည့် ဩဂုတ်လဆန်းအတွင်း နယ်လိုင်စင်များဝယ်ယူရန် ခြေဦးလှည့်သင့်သည့် ကာလဖြစ်ပြီး အများစုသည် တက်ရိပ်အတွက် ဝယ်ယူထားကြခြင်းသာဖြစ်သည်။

### ယခုသီတင်းပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် အနီးစပ်ဆုံးဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်း ကျပ်သိန်း |
|---|---|---|---|---|---|
| Toyota Noah | ၂၀၀၄ | ရန်ကုန် | ၂၀၀၀ cc | အပြင်ဈေး | ၂၆၀ |
| Wish | ၂၀၀၃ | ရန်ကုန် | ၁၈၀၀ cc | အပြင်ဈေး | ၂၀၀ |
| Honda Fit | ၂၀၁၁ | ပဲခူး | ၁၃၀၀ cc | နယ်ဈေး | ၁၇၀ |
| Honda Insight | ၂၀၁၂ | ရန်ကုန် | ၁၃၀၀ cc | အပြင်ဈေး | ၂၂၀ |
| Denio | ၂၀၀၈ | ရန်ကုန် | ၁၃၀၀ cc | အပြင်ဈေး | ၁၂၀ |
| Wish | ၂၀၁၁ | ရန်ကုန် | ၁၈၀၀ cc | အပြင်ဈေး | ၃၅၀ |
| Honda Fit KG3 | ၂၀၁၄ | ရန်ကုန် | ၂၀၀၀ cc | အပြင်ဈေး | ၂၆၅ |
| Nissan Latio | ၂၀၁၂ | ရန်ကုန် | ၁၂၀၀ cc | အပြင်ဈေး | ၁၅၅ |
| Belta | ၂၀၁၀ | ရန်ကုန် | ၁၃၀၀ cc | အပြင်ဈေး | ၁၇၆ |
| Honda Fit GP1 | ၂၀၁၂ | မန္တလေး | ၁၃၀၀ cc | နယ်ဈေး | ၁၆၀ |

**အချပ်ပို (ဂ)မှ**

တစ်ထောင်ကို သုံးရာကျပ် အတိုးပေးရတာ။ လစာငွေနှစ်သိန်း နီးပါးရပေမယ့် မြို့မှာက ကျားကြီးတော့ခြေရာလည်းကြီးတာပေါ့။ ကုန်ဈေးနှုန်းတက်၊ အဆောင်ဈေးတက်ပေမယ့် လစာက ပုံမှန်ဆိုတော့ အချိန်ပိုကိုပဲမျှော်ပြီး အလုပ်ဆင်းနေရတယ်။ ရွာထက်စာရင်ငွေရပေမယ့် သိသိသာသာပြောင်းလဲမှုတော့ မရှိသေးဘူး။ အလုပ်မပျက်အောင် အမြဲဂရုစိုက်တယ်။ သူငယ်ချင်းငါးဦးစုပြီး စက်ချုပ်ဆိုင်ထောင်မယ်လို့ တိုင်ပင်ထားတယ်။ ဒါကြောင့် ချွေတာပြီးစားနေကြတာ”ဟု ခေါက်ဆွဲကြော် ၂၀၀ တန်ကို သွက်လက်စွာစား၍ အချိန်ပို နှစ်နာရီကျော်ဖြတ်သန်းမည့် အသက်(၁၉)နှစ်ရှိ မညိုပြာသွယ်က ပြောသည်။

လှိုင်သာယာစက်မှုဇုန်သည် ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက နိုင်ငံအတွက် ဝင်ငွေရရှိနေသော စက်မှုဇုန်ကြီးဖြစ်သည်။ ထိုစက်မှုဇုန်တွင် အမျိုးသမီး ၇၀ ရာခိုင်နှုန်းနှင့် အမျိုးသား ၃၀ ရာခိုင်နှုန်း အလုပ်လုပ်ကိုင်လျက်ရှိသည်။ စက်မှုဇုန်မှရရှိသော လုပ်အားခငွေကို အမျိုးသမီးအလုပ်သမားများက အများဆုံး ကျေးလက်ဒေသနှင့်မြို့များသို့ ပေးပို့လျက်ရှိသည်။ မိသားစုဝမ်းရေးနှင့် မိမိတို့လုပ်အားကြောင့် ရရှိမည့်ဝင်ငွေနှင့် မရေရာသည့် အနာဂတ်အိပ်မက်များကြား ရှင်သန်ရပ်တည်နေရသည်။ ၎င်းတို့၏ လူမှုဘဝများ ပြောင်းလဲတိုးတက်ရန် ဖော်ဆောင်နေသူတို့မှာ အမျိုးသမီးငယ်များသာ ဖြစ်ပြီး နိုင်ငံ၏ ကုန်ထုတ်စွမ်းအားနှင့် မိသားစုဝင်ငွေရရှိရန် ကြိုးစားလုပ်ကိုင်နေသော လုပ်သားသူရဲကောင်းတို့မှာ နှင်းဆီ သူရဲကောင်းများပင် မဟုတ်ပါလား။ နှင်းဆီသူရဲကောင်းများ တိုးတက်ပြောင်းလဲမှုနှင့်အတူ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်၍ ကျေးလက်ဒေသများ တစ်ပိုင်တစ်နိုင် စက်မှုစွမ်းအားများ ဖော်ဆောင်နိုင်ခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးဝင်ငွေတိုးစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။


လှိုင်သာယာစက်မှုဇုန်အလုပ်သမားများ ရသည့်အချိန်တွင် မိမိကြိုက်နှစ်သက်ရာ စားသုံးနေသည်ကို တွေ့ရစဉ်